မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်　၂၀၁၉ ခုနှစ်၊ ဩဂုတ် ၁၂ ရက်၊ တနင်္လာနေ့　အတွဲ (၅၈)၊ အမှတ် (၁၁၆)

ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။

ယမကဝဂ်(ဓမ္မပဒ-၅)

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေးမြို့၌ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေး စခန်းများသို့သွားရောက်ပြီး ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြား

ရေပြန်ကျပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ရေး ကြိုတင်စီမံထားရန်လို

မော်လမြိုင်　ဩဂုတ်　၁၁

မွန်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့် ဒေသများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရန် မော်လမြိုင်မြို့၌ရောက်ရှိနေသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ခုတင် ၅၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးသို့သွားရောက်ပြီး ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာတွင် မြေပြိုကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ရောက်ကုသနေသည့် သံဃာတော်များနှင့် လူနာများအား တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယသမ္မတသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမိုးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်မြင့်နွယ်၊ ဦးတင်မြင့်၊ ဦးလှကျော်၊ ဦးစိုးအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မော်လမြိုင် - သံဖြူဇရပ် - ရေး ကားလမ်းမိုင်တိုင်အမှတ် ၄၅/၄၆ နှင့် မိုင်တိုင် ၈၅ နေရာတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းပိုင်းပျက်စီးနေမှုနှင့် မြေသားများပဲ့ကျနေမှုကို ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✤

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေးမြစ် ကမ်းနားတစ်လျှောက် လူနေအိမ်နှင့် အဆောက်အအုံများ ရေကြီးနစ်မြုပ်နေမှုအခြေအနေကို ကြည့်ရှုစဉ်။

သတင်းစဉ်

KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တက်တက်ကြွကြွ အရှိန်အဟုန်မြှင့်တင်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဩဂုတ် ၉ ရက်က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ တွေ့ဆုံမှာကြားမှု ပြုလုပ်ခဲ့သည်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးသည် နိုင်ငံတော်၏ အရေးကိစ္စဖြစ်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပိုမိုအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရေး၊ မူးယစ်ဆေးဝါးအမှုများ စစ်ဆေးရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ရဲကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ သက်သေခံပစ္စည်းများကို ဥပဒေနှင့်အညီ သိမ်းဆည်းကြရန်နှင့် တရားရုံးအမိန့်နှင့်အညီ မြန်မြန်ဆန်ဆန် စီမံခန့်ခွဲရေးစသည်ဖြင့် အသေးစိတ် လမ်းညွှန်မှာကြားခဲ့ခြင်းဖြစ်သည်။

ယင်းနေ့ ညနေပိုင်းမှာပင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၌ ထိုင်ဝမ်နှစ်ဦးနှင့် ၎င်းတို့၏ စကားပြန်ဖြစ်သူ မြန်မာနိုင်ငံသားတစ်ဦးတို့ကို အိုက်စ် ၇၄ ကီလို၊ တန်ဖိုးအားဖြင့် မြန်မာကျပ်ငွေ ငါးဘီလီယံကျော်ဖိုးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိခဲ့သည့် ထိုင်ဝမ်နှစ်ဦးတို့မှာ နိုင်ငံတကာမူးယစ်ဆေးဝါးဂိုဏ်းများနှင့် ဆက်စပ်မှုရှိသည်ဟု သံသယရှိသူများဖြစ်ပြီး ဩစတြေးလျပြည်ထောင်စုရဲတပ်ဖွဲ့၏ သတင်းဖလှယ်မှုဖြင့် ဖော်ထုတ်ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့နှစ်ဦးသည် တာချီလိတ်မြို့သို့ သွားရောက်ခဲ့ကြကြောင်း၊ အိုက်စ်မူးယစ်ဆေးဝါးများကို ကရိုင်းရုပ်များအတွင်း သိုဝှက်ထည့်သွင်းပြီး ဩစတြေးလျသို့ပေးပို့ရန် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်းတို့ကို သတင်းများတွင် ဖတ်ရှုရသည်။ ပြီးခဲ့သည့်မတ်လ ၂၄ ရက်ကလည်း တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့အနီး ပင်လယ်ပြင်တွင် အိုက်စ်မူးယစ်ဆေးဝါး ၃၄ ဘီလီယံကျော်ဖိုး တင်ဆောင်လာသော စက်လှေတစ်စင်းကို လှေလုပ်သားခုနစ်ဦးနှင့်အတူ တပ်မတော်(ရေ)က စစ်ဆေးဖမ်းဆီးခဲ့သည်။

အထက်ပါသတင်းများက မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်မှုလမ်းကြောင်းများ ပြောင်းလဲလာမှုနှင့် နိုင်ငံတကာရာဇဝတ်ဂိုဏ်းများနှင့် ပတ်သက်ဆက်နွှယ်နေသူများပါ ပြည်တွင်းသို့ ဝင်ရောက်လှုပ်ရှားလာမှုများကို ထင်ဟပ်ပြသလျက်ရှိသည်။ နယ်စပ်ဖြတ်ကျော်ရာဇဝတ်ဂိုဏ်းများ အရှေ့တောင်အာရှဒေသတွင် လုပ်ငန်းချဲ့ထွင်လှုပ်ရှားမှုများ အန္တရာယ်အဆင့်သို့ ရောက်ရှိလာနေကြောင်း၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး (UNODC) က ဇူလိုင် ၁၈ ရက်တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် သတိပေးထားသည်။ မက်သာဖက်တမင်းခေါ် ဓာတုဗေဒနည်းဖြင့် ထုတ်လုပ်ထားသော မူးယစ်ဆေးဝါးရောင်းဝယ်မှု အရှေ့တောင်အာရှဈေးကွက်တွင် နှစ်စဉ် အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၄ ဘီလီယံဖိုး အရောင်းအဝယ်ရှိပြီး မူးယစ်ဂိုဏ်းများ၏ အကျိုးအမြတ်များမှာလည်း ကြီးမားလှသည်ဟု သိရသည်။ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများတွင် နယ်စပ်ဖြတ်ကျော်ရာဇဝတ်ဂိုဏ်းများနှင့်အတူ နယ်မြေထိန်းချုပ်ထားသည့်အဖွဲ့အစည်းများ၊ တရားမဝင်လက်နက်ကိုင်အဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်များလည်း ပါဝင်ပတ်သက်နေသည်ဟုလည်း သတင်းအချို့က ဆိုသည်။

မူးယစ်ဆေးဝါးသယ်ဆောင်ရာလမ်းကြောင်းများမှာ ရှမ်းပြည်နယ်မှတစ်ဆင့် ပြည်တွင်းလမ်းကြောင်းကို ဖြတ်သန်း၍ မန္တလေး၊ ရန်ကုန်။ ထိုမှတစ်ဆင့် ထိုင်းသို့ လည်းကောင်း၊ ပင်လယ်ရေကြောင်းမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်များဆီသို့ လည်းကောင်း ရောက်ရှိသွားကြသည်။ UNODC ၏ အစီရင်ခံစာအရ မူးယစ်ဆေးပြားဖမ်းဆီးရမိမှု၏ သုံးပုံတစ်ပုံသည် ရခိုင်ပြည်နယ်တွင်ဖြစ်ပြီး ယင်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့နေခြင်းဖြစ်သည်ဟု ပါရှိခဲ့သည်။

မက်သာဖက်တမင်း ခေါ် ဓာတုအခြေခံ မူးယစ်ဆေးဝါးထုတ်လုပ်မှုတွင် မိမိတို့နိုင်ငံမှာ ကမ္ဘာ့အသိုင်းအဝိုင်းတွင် လက်ညှိုးထိုးစရာဖြစ်နေသော်လည်း ယင်းမူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် သုံးစွဲရသည့် ဓာတုပစ္စည်းများကို မိမိတို့နိုင်ငံတွင် ထုတ်လုပ်နိုင်ခြင်းမရှိပေ။ ပြည်တွင်းရှိ တရားဥပဒေစိုးမိုးမှု အလှမ်းဝေးနေသည့် နေရာများတွင် နယ်စပ်ဖြတ်ကျော်ရာဇဝတ်ဂိုဏ်းများက လာရောက်ထုတ်လုပ်နေကြခြင်းဖြစ်ပြီး နိုင်ငံတကာ ရာဇဝတ်ဂိုဏ်းများနှင့် ချိတ်ဆက်လှုပ်ရှားနေကြခြင်းသာ ဖြစ်ဖွယ်ရှိသည်။ မည်သို့ပင်ဆိုစေ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးသည် အမျိုးသားရေး တာဝန်ဖြစ်သည့်အလျောက် ထိထိရောက်ရောက် တားဆီးနှိမ်နင်းနိုင်ရေးအတွက် တက်တက်ကြွကြွ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရပါမည့်အကြောင်း။ ။

ဘားအံမြို့တွင် (၄၂)ကြိမ်မြောက် ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာကျင်းပ

ဘားအံ ဩဂုတ် ၁၁

ကရင်ပြည်နယ် ဘားအံမြို့တွင် (၄၂)ကြိမ်မြောက် ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာကို ယနေ့နံနက်ပိုင်းက ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ဦးစောစိုးညွန့်က မိန့်ခွန်းပြောကြားပြီး ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအတွက် မိန့်ခွန်းပြောကြားသည်။ ထို့နောက် (၄၂)ကြိမ်မြောက် ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ ဖြစ်မြောက်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ်သိန်း ၄၀ ကို ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးက ပေးအပ်ရာ ကျင်းပရေးကော်မတီက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

(၄၂)ကြိမ်မြောက် ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပစဉ်။

ဆက်လက်၍ ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ (လာခုဂ်ခါင်စူး) ဖြစ်ပေါ်လာပုံစာတမ်းကို ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာ၊ မြန်မာဘာသာများဖြင့် ဖတ်ကြားသည်။

ထို့နောက်ပွဲတော်ကို ဦးဆောင်သည့် ပွဲတော်အကြီးအမှူးနှင့် အရန်နှစ်ဦးက ချည်ဖြူဖွဲ့ပေးပြီး အဘိုးခုနစ်ဦး၊ အဘွားခုနစ်ဦးတို့က မြေးငယ်များ ခြံရံလျက် နေရာယူကြပြီး ချည်ဖြူဖွဲ့မင်္ဂလာရိုးရာသီချင်းဖြင့် သီဆိုဂုဏ်ပြုကြိုဆိုကြကာ ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ဒေသခံကရင်တိုင်းရင်းသားများက ချည်ဖြူဖွဲ့မင်္ဂလာကို ခံယူကြကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

ဂျပန်နိုင်ငံမှ ပေးပို့လှူဒါန်းသည့် အရန်ဆန်များ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၁

မြန်မာနိုင်ငံ၌ နှစ်စဉ်ကြုံတွေ့ရတတ်သည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ပါက ထိခိုက်နစ်နာသော ပြည်သူများအား ထောက်ပံ့နိုင်ရန် ဂျပန်နိုင်ငံမှ လှူဒါန်းထောက်ပံ့သည့်ဆန်များ နေပြည်တော်သို့ ဩဂုတ် ၉ ရက်က ရောက်ရှိလာကြောင်း သိရသည်။

မြန်မာနိုင်ငံသည် အာဆီယံ+၃ အရေးပေါ် အရန်ဆန်ရိက္ခာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်။ အာဆီယံ ၁၀ နိုင်ငံနှင့် ဂျပန်၊ ကိုရီးယား၊ တရုတ်နိုင်ငံများဖြင့် ဖွဲ့စည်းထူထောင်ထားသော အာဆီယံ+၃ အရေးပေါ် အရန်ဆန်ရိက္ခာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ၌ နှစ်စဉ်ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ပါက ထိခိုက်နစ်နာသော ပြည်သူများအား ထောက်ပံ့နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက APTERR အတွင်းရေးမှူးချုပ်ရုံးနှင့် ဆက်သွယ်၍ Tier-3 အစီအစဉ်အရ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ လှူဒါန်းထောက်ပံ့သည့် ဆန်များကို ဆက်သွယ်လျှောက်ထားခဲ့ရာ ယခုနှစ်တွင် ဂျပန်နိုင်ငံမှ ဆန်တန်ချိန် ၃၀၀ နှင့် ကိုရီးယားသမ္မတနိုင်ငံမှ ဆန်တန်ချိန် ၅၀၀ တို့ကို အရန်ဆန်အဖြစ် သိုလှောင်ထားရန် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံမှလှူဒါန်းသည့် ဆန်အိတ်များကို ဆန်သိုလှောင်ရုံအတွင်း သိမ်းဆည်းနေစဉ်။

ကိုရီးယားသမ္မတနိုင်ငံမှ ရရှိသော ဆန်တန်ချိန် ၅၀၀ ကို ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် ဂိုဒေါင်တွင် စနစ်တကျ သိုလှောင်ထားရှိပြီး ဂျပန်နိုင်ငံမှ လှူဒါန်းသော ဆန်တန်ချိန် ၃၀၀ မှာ ဩဂုတ် ၃ ရက်က ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိခဲ့၍ အဆိုပါ ဆန်များကို ထုတ်ယူကာ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေး ဦးစီးဌာနပိုင် ဆန်သိုလှောင်ရုံသို့ သယ်ယူခဲ့ရာ ဩဂုတ် ၉ ရက်တွင် နေပြည်တော်သို့ ရောက်ရှိလာခြင်းဖြစ်သည်။

သယ်ဆောင်လာသော ကွန်တိန်နာများမှ ဆန်အိတ်များ ထုတ်ယူ၍ ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနပိုင် ဆန်သိုလှောင်ရုံ၌ သိုလှောင်နေမှုကို စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် ညွှန်ကြားရေးမှူး ဦးကိုကိုကြီးတို့က ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မေမိုးသဲ

တောင်ငူတက္ကသိုလ်၌ သစ်ပင်မျိုးစုံ စုပေါင်းစိုက်ပျိုး

တောင်ငူ ဩဂုတ် ၁၁

တောင်ငူတက္ကသိုလ် မိုးရာသီသစ်ပင်စိုက်ပွဲတော်တွင် မြန်မာနိုင်ငံ သစ်ပင်ချစ်သူများအသင်း၊ Save The Trees (Toungoo) အဖွဲ့နှင့် တောင်ငူတက္ကသိုလ် ကျောင်းသား ကျောင်းသူများ ပူးပေါင်း၍ သစ်ပင် ၁၅၀၀ ကျော်ကို တောင်ငူတက္ကသိုလ် ကျောင်းဝင်းအတွင်း၌ ဩဂုတ် ၉ ရက်က စိုက်ပျိုးခဲ့ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကျောင်းသား ကျောင်းသူများနှင့် Save The Trees (Toungoo) အဖွဲ့ဝင်များ၊ သစ်ပင်ချစ်မြတ်နိုးသူများက မယ်ဇယ်ပင်၊ ငုချယ်ရီပင်၊ စိန်ပန်းပင်၊ သပြေပင်စသည့် သစ်ပင်မျိုးစုံ ၁၅၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြကာ သစ်ပင်စိုက်ပျိုးပွဲတွင် မြေတူးစက်ကို VJM Jewellery ကုမ္ပဏီက လှူဒါန်းခဲ့ကြောင်း သိရသည်။

သူရ(တောင်ငူ)

တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏၊ တောတောင်ပျက်ပြုန်း၊ မြေဆီသုဉ်း၏

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မော်လမြိုင် - သံဖြူဇရပ် - ရေး ကားလမ်း မိုင်တိုင်အမှတ် ၄၅/၄၆ နှင့် မိုင်တိုင် ၈၅ နေရာတွင် လမ်းပိုင်း ပျက်စီးနေမှုနှင့် မြေသားများပွဲကျနေမှု ကို ပြင်ဆင်ဆောင်ရွက်နေမှု အခြေ အနေများ ကြည့်ရှုစစ်ဆေးစဉ်။

သတင်းစဉ်

✤ *ရှေ့ဖုံးမှ*

ယင်းနောက် ဒုတိယသမ္မတသည် အဆိုပါ လမ်းပိုင်းပျက်စီးနေမှုများကို ပြင်ဆင်ဆောင်ရွက်နေကြသည့်နယ်မြေခံ တပ်မတော်သားများနှင့် မွန်ပြည်နယ် လမ်းဦးစီးဌာန ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့သည် ရေးမြို့ ပြည်သူ့အားကစားရုံ တွင် ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ် ရေးစခန်းသို့သွားရောက်ပြီး ရေဘေးသင့် ပြည်သူများနှင့် တွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေးမြို့ရှိ ပြည်သူ့အားကစားရုံတွင်ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်း၌ ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ်များ ထောက်ပံ့ပေးအပ်စဉ်။

သတင်းစဉ်

စက်လှေများ ထပ်မံပေးပို့မည်

ထိုသို့တွေ့ဆုံစဉ် ဒုတိယသမ္မတက သဘာဝဘေးအန္တရာယ်သည် မြန်မာနိုင်ငံ သာမက တစ်ကမ္ဘာလုံး ရှောင်လွှဲ၍မရဘဲ နှစ်စဉ်ကြုံတွေ့နေရပါကြောင်း၊ သဘာဝ ဘေးအန္တရာယ်ကျရောက်သည့်အခါတိုင်း နိုင်ငံတော်အနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ် ပံ့ပိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေပါကြောင်း၊ ရေးမြို့နယ် တွင်လည်း ရေကြီးချိန် ကူညီကယ်ဆယ် ရေးလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သည့် စက်လှေများကို ထပ်မံ ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ ယာယီ ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေ သည့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် စီစဉ်ပေး ထားကြောင်း၊ ပြည်သူများအနေဖြင့် လည်း စခန်းတွင် နေထိုင်စဉ်ကာလ အတွင်း ကိုယ်စီကျန်းမာရေးကို ဂရုစိုက် စေလိုပါကြောင်း ပြောကြားသည်။

ဆန်အိတ်များ ထောက်ပံ့

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ သည် ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ်များ ထောက်ပံ့ပေးအပ် သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ သည် ရေးမြို့ရှိ အနန္တဇိနတပလ္လင်နှစ်ဆူ စေတီတော် အရိယာသစ္စာ ဓမ္မာရုံတွင် ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေး စခန်းသို့သွားရောက်ကာ ရေဘေးသင့် ပြည်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ် သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ သည် ရေးမြို့ မန္တလေးမဟာစည်ရိပ်သာ တွင် ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ် ရေးစခန်းသို့သွားရောက်၍ ရေဘေးသင့် ပြည်သူများနှင့်တွေ့ဆုံကာ အားပေး စကားပြောကြားပြီး ထောက်ပံ့ငွေများနှင့် လူတစ်ဦးလျှင် တစ်ပတ်စာ ဆန်ရိက္ခာ၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ငါးသေတ္တာ ဘူးများ ထောက်ပံ့ပေးအပ်ကာ မန္တလေး မဟာစည်ရိပ်သာဝင်းအတွင်းမှ ရေးမြစ် ကမ်းနားတစ်လျှောက် လူနေအိမ်နှင့် အဆောက်အအုံများ ရေကြီးနစ်မြုပ်နေမှု ကို ကြည့်ရှုသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ သည် မန္တလေးမဟာစည်ရိပ်သာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သုဒ္ဒရ အား ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အားပေးစကားပြောကြား

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့သည် စက်လှေများဖြင့် ရေးမြို့ ကျိုက်သီဝန်ကျောင်းတိုက်တွင် ယာယီ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်း သို့သွားရောက်ပြီး သဘာဝဘေးအန္တရာယ် သင့် ပြည်သူများနှင့်သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားကာ ထောက်ပံ့ ငွေ၊ ခေါက်ဆွဲခြောက်ထုပ်နှင့် ငါးသေတ္တာ ဘူးများ ထောက်ပံ့ပေးအပ်သည်။

လက်ခံရယူ

ယင်းနောက် ဒုတိယသမ္မတသည် ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် မွန်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများတွင် ပါဝင်ကူညီဆောင်ရွက် ပေးခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အား ထောက်ပံ့ငွေပေးအပ်ရာ ဒုတိယ ရဲချုပ် ရဲဗိုလ်ချုပ် မျိုးဆွေဝင်း က လက်ခံ ရယူသည်။

စာမျက်နှာ ၄ သို့

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မော်လမြိုင်မြို့ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည့် မွန်ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အရေးပေါ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

စာမျက်နှာ ၃ မှ

မွန်ပြည်နယ် ရေးမြို့နယ်တွင် ဩဂုတ် ၁၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းပြီး မြစ်ရေမြင့်တက်ခဲ့မှုကြောင့် မြို့ပေါ်နှင့် ကျေးရွာများမှ လူနေအိမ်အဆောက်အဦများ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ရာ ရေးမြို့ပေါ်တွင် ယာယီကယ်ဆယ်ရေးစခန်း လေးခု၊ ကျေးရွာများတွင် ယာယီကယ်ဆယ်ရေးစခန်း လေးခု စုစုပေါင်း ကယ်ဆယ်ရေးစခန်း ရှစ်ခု ဖွင့်လှစ်ထားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သဘာဝဘေးအန္တရာယ်သင့် ပြည်သူများအတွက် လူတစ်ဦးလျှင် တစ်ပတ်စာ ဆန်ရိက္ခာနှင့် နိုင်ငံတော်အစိုးရမှ ဆန်အိတ် ၅၀၊ အမျိုးသားသဘာဝဘေးရန်ပုံငွေမှ ဆန်အိတ် ၅၀ နှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ထောက်ပံ့သည့် ဆန်အိတ် ၁၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မွန်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်ဒေသများတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ရာ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် မျိုးဆွေဝင်းက လက်ခံရယူစဉ်။ သတင်းစဉ်

အမှာစကားပြောကြား

ညနေပိုင်းတွင် ဒုတိယသမ္မတသည် မော်လမြိုင်မြို့ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်သည့် မွန်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အရေးပေါ်အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဇာတ်တိုက်လေ့ကျင့်

အစည်းအဝေးတွင် ဒုတိယသမ္မတက သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီများကို ဖွဲ့စည်းထားရာတွင် လုပ်ငန်းတာဝန်ပါအတိုင်း လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုသည် မြန်မာနိုင်ငံတွင် သာမက တစ်ကမ္ဘာလုံးတွင် ဆိုးဆိုးရွားရွားခံစားနေကြရသည်ဖြစ်ရာ ကြိုတင်ပြင်ဆင်မှု အားကောင်းရန် လိုအပ်ပါကြောင်း၊ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှု နည်းနိုင်သည်ကို ပြည်သူများသိရှိပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းကိရိယာများနှင့် ယာဉ်ယန္တရားများကို ပိုမိုဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေပြန်ကျပါကလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်နိုင်ရေး ကြိုတင်စီမံထားရန် လိုအပ်ပါကြောင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် စိုက်ပျိုးရေးအတွက် ထိခိုက်ဆုံးရှုံးမှုများကို ပြန်လည်ကုစားနိုင်ရေးအတွက် လိုအပ်သည့် မျိုးစပါးများကို ကြိုတင်စုဆောင်းထားရန် လိုအပ်ပါကြောင်း၊ ဆက်သွယ်ရေးကွန်ရက်နှင့် လမ်းတံတား ပျက်စီးမှုများကိုလည်း အမြန်ဆုံး ပြန်လည်ပြင်ဆင်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ပေါင်းစပ်ညှိနှိုင်း

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ဝင်များ ကျိုက်သီဝန်ကျောင်းတိုက်တွင် ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းသို့ စက်လှေများဖြင့် သွားရောက်စဉ်။ သတင်းစဉ်

တရုတ်နိုင်ငံ၏ အကူအညီဖြင့် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းစတင်ခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းစတင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ အမျိုးသားအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

အခမ်းအနားကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် စီးပွားရေးသံမှူး မစ္စတာရှန်ကော်ရှန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပြန်လည်ပြင်ဆင်သွားမည်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံ အားကစားလောက၏ ပုံရိပ်သဖွယ်ဖြစ်ပြီး မြန်မာ- တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရေး အထိမ်းအမှတ်လည်း ဖြစ်သော အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၊ သုဝဏ္ဏအား ခေတ်မီအားကစားလေ့ကျင့်ရေးဆိုင်ရာ ပစ္စည်းများဖြင့် နိုင်ငံတကာအဆင့်မီ ပြန်လည်ပြင်ဆင်ပေးသွားမည်ဖြစ်သည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ ပရိသတ် ၁၀၂၅ ဦး ဆံ့သည့် အမျိုးသားအားကစားရုံ (၁) အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကူညီမှုဖြင့် ၁၉၈၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ကာ ယခုအထိ ခိုင်မာကောင်းမွန်စွာဖြင့်ရှိနေကာ အရေးကြီးသည့် ပြည်တွင်းနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများ၊ အားကစားလှုပ်ရှားမှုများ၊ တွေ့ဆုံဆွေးနွေးပွဲများ များစွာ ပြုလုပ်အသုံးချနိုင်ခဲ့ပါကြောင်း၊ ယခုအခါ အားကစားရုံကြီး၏ စွမ်းဆောင်ရည်များ ပိုမိုကောင်းမွန်ရန် ခေတ်မီ အားကစားလေ့ကျင့်မှုဆိုင်ရာ၊ လျှပ်စစ်နှင့် စက်ပိုင်းဆိုင်ရာများ တပ်ဆင်ခြင်း အပါအဝင် အဆောက်အအုံတစ်ခုလုံးကို မူလပုံစံမပျက်ဘဲနှစ်နှစ်တာကာလ အချိန်အတွင်း ပြန်လည်ပြင်ဆင်သွားမည် ဖြစ်ပါကြောင်း၊ အားကစားကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်ရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အမြန်ဆုံးဝယ်ယူနိုင်ရေး ဆွေးနွေး

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဧည့်ခန်းမ၌ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (Unicef)၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Ms. June Kunugi နှင့် အဖွဲ့အားတွေ့ဆုံ၍ ဘဏ္ဍာငွေစီးဆင်းမှု စီမံခန့်ခွဲခြင်း စံလုပ်ထုံးလုပ်နည်းကို အပြီးသတ်ပြုစုနိုင်ရေး၊ Gavi, the vaccine alliance (GAVI) မှ ကျန်းမာရေးစနစ်တိုးတက်ကောင်းမွန်သော လုပ်ငန်းများ ဒုတိယအဆင့် အစီအစဉ်(GAVIHSS - 2) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများအတွက် လက်မှတ်ရေးထိုးနိုင်ရေး၊ ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသား အဆင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း ၂၀၁၈- ၂၀၂၃ အကောင်အထည်ဖော်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ဝန်ကြီးဌာနရှိ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ တိုက်နယ်နှင့် မြို့နယ်ဆရာဝန်များထံသို့ ဖြန့်ဝေပေးသွားမည့် Mobile Tablet 14,000 ကို GAVI ၏ ရန်ပုံငွေဖြင့် Unicef အဖွဲ့မှ အမြန်ဆုံးဝယ်ယူနိုင်ရေးတို့ကို ဆွေးနွေးကြသည်။

သတင်းစဉ်

ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၊ သုဝဏ္ဏကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းစတင်ခြင်း အခမ်းအနားအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် စီးပွားရေးသံမှူး မစ္စတာရှန်ကော်ရှန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

အငြင်းပွားမှုများစေ့စပ်ညှိနှိုင်းဖြေရှင်းခြင်း သဘောတူညီချက်ဆိုင်ရာ စင်ကာပူကွန်ဗင်းရှင်းလက်မှတ်ရေးထိုးပွဲ ပြည်ထောင်စုရှေ့နေချုပ်တက်ရောက်

နေပြည်တော် ဩဂုတ် ၁၁

အငြင်းပွားမှုများ စေ့စပ်ညှိနှိုင်းဖြေရှင်းခြင်း သဘောတူညီချက်ဆိုင်ရာ စင်ကာပူကွန်ဗင်းရှင်းလက်မှတ်ရေးထိုးပွဲနှင့် ညီလာခံကို စင်ကာပူနိုင်ငံတွင် ဩဂုတ် ၆ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့ရာ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး တက်ရောက်ခဲ့သည်။



ခရီးစဉ်အတွင်း ပြည်ထောင်စုရှေ့နေချုပ်သည် အာဆီယံ ဥပဒေပညာရှင်များအသင်းဥက္ကဋ္ဌ စင်ကာပူနိုင်ငံ တရားသူကြီးချုပ် Mr. Sundaresh Menon နှင့်တွေ့ဆုံပြီး အာဆီယံနိုင်ငံများရှိ ဥပဒေပညာရှင်များအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာ ဥပဒေရေးရာများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံသည် အာဆီယံ ဥပဒေပညာရှင်များအသင်းသို့ ၂၀၁၂ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး အမျိုးသားကော်မတီဖွဲ့စည်းခဲ့မှုနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ တရားလွှတ်တော်ရှေ့နေများ ကောင်စီကို ပြင်ဆင်ဖွဲ့စည်းနေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် စင်ကာပူနိုင်ငံ ပြည်ထဲရေးနှင့် ဥပဒေရေးရာဝန်ကြီး Mr. K Shanmugan နှင့်တွေ့ဆုံပြီး ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်နေမှုများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

ထို့ပြင် စင်ကာပူနိုင်ငံ ရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်တို့နှင့် တွေ့ဆုံ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေအရာရှိများအား စင်ကာပူနိုင်ငံ ရှေ့နေချုပ်ရုံးတွင် တွဲဖက်လေ့ကျင့် သင်ကြားနေမှုများ၊ ဥပဒေရေးဆွဲရေးနှင့် တရားစွဲအမှုလိုက် လုပ်ငန်းများတွင် ဥပဒေအရာရှိများ၏ လုပ်ငန်းစွမ်းရည်များ မြင့်မားရေးအတွက် ပို့ချလျက်ရှိသည့် သင်တန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးကြသည်။

သတင်းစဉ်

စွမ်းအားမြင့်မီးဖိုများ ဖြန့်ဖြူးခြင်းစီမံကိန်းစတင်ခြင်း အလုပ်ရုံဆွေးနွေး

ကလော ဩဂုတ် ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ရာသီဥတုပြောင်းလဲမှုဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ရှမ်းပြည်နယ် တောင်ကြီးခရိုင်ရှိ ကလော၊ ရွာငံ၊ ပင်းတယ မြို့နယ်များ၏ မြို့နယ်အဆင့် စွမ်းအားမြင့်မီးဖိုများ ဖြန့်ဖြူးခြင်းစီမံကိန်း စတင်ခြင်း အလုပ်ရုံဆွေးနွေးပွဲနှင့် စီမံကိန်း အကောင်အထည်ဖော်မည့်သူများ ညှိနှိုင်းပွဲအခမ်းအနားကို ဩဂုတ် ၉ ရက်က ကလောမြို့နယ်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်နှင့် မြို့နယ်အဆင့်စီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးခင်မင်းတို့က အမှာစကားပြောကြားပြီး တောင်ကြီးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မြတ်ထွန်းက စွမ်းအားမြင့်မီးဖိုဖြန့်ဖြူးရခြင်း ရည်ရွယ်ချက်နှင့် မီးဖိုအသုံးဝင်ပုံကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ရာ စွမ်းအားမြင့်မီးဖိုသုံးစွဲနည်းကို သရုပ်ပြခဲ့သည်။

အခမ်းအနားသို့ ကလော၊ ရွာငံ၊ ပင်းတယမြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး

ကျောက်တံခါးမြို့နယ်၌ ဖိုက်ဘာစက်လှေနှင့် အသက်ကယ်အကျီများပေးအပ်

ကျောက်တံခါး ဩဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာအုပ်စုသို့ ဖိုက်ဘာစက်လှေနှင့် အသက်ကယ်အကျီ ပေးအပ်ပွဲကို ဩဂုတ် ၁၀ ရက် နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေးက အမှာစကားပြောကြားရာတွင် ယခုပေးအပ်သည့် ဖိုက်ဘာစက်လှေနှင့် အသက်ကယ်အကျီတို့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ပေးအပ်ခြင်းဖြစ်ပြီး ကညင်ကျိုးကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာများ၏ အရေးပေါ် လူမှုရေး၊ ကျန်းမာရေးကိစ္စရပ်များ ဖြစ်ပေါ်သည့်အချိန်တွင် လွယ်ကူစွာအသုံးပြုနိုင်ရေးအတွက် ပေးအပ်ခြင်းဖြစ်ကြောင်းနှင့် စနစ်တကျအသုံးပြုကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက ဖိုက်ဘာစက်လှေ (ဆက်စပ်ပစ္စည်း- ၁)စုံနှင့် အသက်ကယ်အကျီ ၁၀ ထည်တို့ကို ကညင်ကျိုးကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

မြို့နယ် (ပြန်/ဆက်)

သဘာဝဘေးအန္တရာယ်တွေ ကျရောက်နိုင်မှုအတွက် ကြိုတင်ပြင်ဆင်မှု အပြည့်ထားရှိတဲ့အပြင် အချိန်နဲ့တစ်ပြေးညီ လိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်အောင် ကြိုးစားနေ

သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုဆိုင်ရာများကို ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်အား တွေ့ဆုံမေးမြန်းခြင်း

ရေဝတီတိုင်းဒေသကြီး
ဝန်ကြီးချုပ် ဦးလှမိုးအောင်

တွေ့ဆုံမေးမြန်း- ရေဝတီပြန်/ဆက် သတင်းအဖွဲ့၊ ခင်ရတနာ

ရေဝတီတိုင်းဒေသကြီးသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်ပြီး မုန်တိုင်းများဝင်ရောက်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် ရေကြီးရေလျှံခြင်းစသည့် သဘာဝဘေးအန္တရာယ်များကို အများဆုံးခံစားကြုံတွေ့နေရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်သည်။ ပြည်သူများ သဘာဝဘေးအန္တရာယ်များကို မခံစားမကြုံတွေ့စေရေးနှင့် သဘာဝဘေးကို တွန်းလှန်ကာကွယ်နိုင်မည့် အစီအမံများ ချမှတ်ရေး၊ ကြိုတင်ပြင်ဆင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရသည်။ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ရေဝတီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်အား တွေ့ဆုံမေးမြန်းထားပါသည်။

မေး ။ ။ ရေဝတီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်တွေ ကျရောက်လာမယ်ဆိုရင် ဘယ်လိုအစီအမံတွေချမှတ်ပြီး ကြိုတင်စီမံထားရှိပါသလဲ။

ဝန်ကြီးချုပ် ။ ။ သဘာဝဘေးအန္တရာယ်တွေ ကျရောက်လာခဲ့မယ်ဆိုရင် စီမံဆောင်ရွက်ဖို့အတွက် လုပ်ငန်းကော်မတီ ၁၁ ခုကို ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ အဲဒါတွေက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ကနဦးလိုအပ်ချက်ဆန်းစစ်ကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနဲ့ လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးကော်မတီ၊ ပြန်လည်ထူထောင်ရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီဆိုတဲ့ ကော်မတီ ၁၁ ခု ဖြစ်ပါတယ်။

ဒါတွေဟာ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ဖို့အတွက် လုပ်ငန်းအစီအမံတွေဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးဟာ သဘာဝဘေးအန္တရာယ်ကျရောက်ဖို့ လွယ်ကူတဲ့ တိုင်းဒေသကြီးတစ်ခုဖြစ်ပါတယ်။ သဘာဝဘေးတွေကို ကြိုတင်ကာကွယ်ဖို့အတွက် ယခုနှစ်မှာဆိုရင် သကြံန်ပြီးလောက်ချိန်ကတည်းက စတင်ဆောင်ရွက်ခဲ့ကြတယ်။ ထူးထူးခြားခြား ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာ သဘာဝဘေးအန္တရာယ်ဖြစ်ရင် တစ်တိုင်းလုံးပါပဲ။ လေဘေးနဲ့ပတ်သက်လာရင် နှစ်စဉ် ဟသ်ာတခရိုင် ရှစ်မြို့နယ်က နှစ်စဉ်ကြုံတွေ့ရပါတယ်။ အဲဒီနေရာမှာ သဘာဝဘေးအန္တရာယ်အတွက် ငွေကျပ် ၅၀၅ သိန်းလောက် အကုန်အကျခံပြီး ဆောင်ရွက်နေရတယ်။ အမိုးတွေလန်တာ၊ အိမ်တွေပြိုတာတွေ နှစ်စဉ်ရှိတယ်။ သို့သော် အိမ်အများဆုံးက အိမ်အသေးတွေပေါ့။ ဒါကြောင့် ဒီနှစ်မှာ အိမ်စုစုပေါင်းဆိုရင် ၂၀၀၀ ကျော်လောက် တစ်အိမ်ကို ငွေကျပ် တစ်သောင်းဖိုးလောက် ကြိုတင်ပြီး ပေးအပ်ထားတယ်။ လိုအပ်တာတွေ ပြင်ဆင်ဖို့အတွက်ဖြစ်ပါတယ်။ ဒီလိုပြင်ဆင်ထားခဲ့တဲ့အတွက်လည်း မိုးဦးကျ လေပြင်းတိုက်ခတ်မှုခံစားရတဲ့အခါ လက်ရှိမှာ ၆၀ ရာခိုင်နှုန်းလောက် ကာကွယ်ထားနိုင်ပါတယ်။ မနှစ်ကထက်စာရင် ပျက်စီးမှုလျော့နည်းလာတာကိုလည်း တွေ့ရှိရပါတယ်။ ဒါကတော့ အောက်ခြေအဆင့်အထိ လိုက်ပါဆောင်ရွက်နေတယ်ဆိုတာကို ပြသနိုင်ခဲ့တာပါပဲ။

ကျွန်တော်တို့ဟာ မဖြစ်မီနဲ့ ဖြစ်နေစဉ်၊ ဖြစ်ပြီးသွားရင် ဘာတွေလုပ်ရမလဲဆိုတာကို ထည့်သွင်းစဉ်းစားရပါတယ်။ ဒါတွေအားလုံးကို အချိန်နဲ့ တစ်ပြေးညီ ဆောင်ရွက်နိုင်ဖို့အတွက်လည်း ကြိုးစားပေးနေပါတယ်။

မေး။ ။ သဘာဝဘေး ကျရောက်လာတဲ့ အချိန်တွေမှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင်ရော ဘယ်လိုစီမံထားပါသလဲ။ ရေလမ်းခရီးကိုရော ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချစွာ သွားလာနိုင်အောင် ဆောင်ရွက်တဲ့အကြောင်းနဲ့ သယ်ယူပို့ဆောင်ရေးအတွက် ဆောင်ရွက်ချက်ကို သိပါရစေ။

ဝန်ကြီးချုပ် ။ ။ အဓိကကတော့ ရေလမ်း ဖြစ်ပါတယ်။ ရေလမ်းခရီးအတွက်ကတော့ ကျွန်တော်တို့သည် မိုးလေဝသအခြေအနေတွေကိုလည်း အမြဲမပြတ်စောင့်ကြည့်နားထောင်လျက်ရှိသလို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အသိပေးချက်တွေကိုလည်း အမြဲရယူနေပါတယ်။ လေတိုက်မှုနှုန်းတွေ၊ မုန်တိုင်းအခြေအနေ၊ ဒီရေအတက်အကျ အခြေအနေ၊ မိုးရေချိန်တွေ စတဲ့အချက်အလက်တွေပေါ် မူတည်ပြီး ရေယာဉ်တွေကို ကမ်းကနေ မခွာအောင်သတိပေးတာရှိသလို၊ ရေလုပ်သားတွေကိုလည်း အသိပေးချက်တွေ ထုတ်ပေးပါတယ်။ အရေးကြီးရင် အရေးကြီးသလို၊ အန္တရာယ်ရှိရင် ရှိသလို ရေယာဉ်တွေ ထွက်ခွာခွင့်ကို တားမြစ်ပေးနေပြီး ရာသီဥတုအခြေအနေ ကောင်းမွန်တာနဲ့ အချိန်မဆိုင်း ပြန်လည်ဖွင့်လှစ်ပေးတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ တိုင်းဒေသကြီးက ရေလမ်းခရီးကိုအားထားတဲ့ တိုင်းဒေသကြီးလည်း ဖြစ်ခြင်းကြောင့်ပါပဲ။ သတ်မှတ်ချက်တွေကို လိုက်နာဖို့အတွက် ထပ်ဆင့်ညွှန်ကြားမှုတွေကိုလည်း ပြုလုပ်နေပါတယ်။

မော်တော်ကားလမ်းမှာဆိုရင် မြို့နယ်တွေမှာ သယ်ယူပို့ဆောင်ရေးအဆင်ပြေအောင် အရေးပေါ်အခြေအနေကြုံလာရင် လမ်းပန်းဆက်သွယ်နိုင်အောင် မော်တော်ယာဉ်တွေ စီစဉ်ထားပါတယ်။ ခရီးသည်တွေ အဆင်ပြေစွာသွားလာဖို့အတွက် လမ်းရေကျော်မှု၊ ရေကြီးရေလျှံမှုတွေကိုလည်း အမြဲမပြတ်စစ်ဆေးပေးနေသလို လိုအပ်တဲ့ဒေသတွေအတွက် သဲနဲ့ ကျောက်တွေကိုလည်း အရန်သင့်ပြင်ဆင်ထားတာမျိုးနဲ့ အတတ်နိုင်ဆုံးလုပ်လို့ရသမျှ ကြိုတင်ပြင်ဆင်ထားရှိပါတယ်။ ဒါကြောင့် ရေကျော်တာ၊ တောင်ပြိုတာနဲ့ ကမ်းပါးပြိုတာမျိုးတွေ ဖြစ်လာခဲ့ရင် လိုအပ်တဲ့ မော်တော်ယာဉ်တွေနဲ့ တားဆီးနိုင်ဖို့ ယန္တရား၊ ပစ္စည်းတွေကို ပြင်ဆင်စုဆောင်းထားပါတယ်ခင်ဗျာ။

မေး ။ ။ သဘာဝဘေးအန္တရာယ်ကြီးကြီးမားမားတွေနဲ့ မတော်တဆကြုံဆုံလာခဲ့မယ်ဆိုရင် ပြည်သူတွေက ဘယ်လိုချိတ်ဆက်ပြီး ကူညီကယ်ဆယ်မှုတွေ ရယူနိုင်ပါသလဲ။ အချိန်နဲ့တစ်ပြေးညီ ကူညီပေးနိုင်အောင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဘယ်လိုကိုင်တွယ်ဆောင်ရွက်နေပါသလဲ။

ဝန်ကြီးချုပ် ။ ။ ကျွန်တော်အထက်မှာ ပြောခဲ့သလိုပါပဲ။ ကျွန်တော်က ဥက္ကဋ္ဌနေရာမှာ တာဝန်ယူထားပြီး ကော်မတီတွေအသီးသီး ဖွဲ့စည်းထားတာ ၁၁ ခုရှိပါတယ်။ သဘာဝဘေးနဲ့ ပတ်သက်တဲ့ ဦးစီးဌာနကလည်း အကောင်းဆုံး စီမံခန့်ခွဲပေးနိုင်အောင် ကြိုးစားနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့သည် ရှောင်လွှဲမရနိုင်တဲ့ သဘာဝဘေးအန္တရာယ်တွေအတွက် အားလုံးက အသင့်ပြင်ထားကြတယ်။ ကော်မတီနဲ့ ဌာနတို့အပြင် လူမှုအရပ်ဘက်အဖွဲ့အစည်းတွေ၊ ရပ်မိရပ်ဖတွေ၊ အသင်းအဖွဲ့တွေ အားလုံးနဲ့ မီးသတ်၊ ကြက်ခြေနီစတာတွေအားလုံးက ချိတ်ဆက်ဆောင်ရွက်ပေးနေကြတယ်။ ဒေသခံတွေကိုလည်း သဘာဝဘေးနဲ့ ပတ်သက်ပြီး ဗဟုသုတတွေ ဟောပြောပေးနေတယ်။ အရေးပေါ်အခြေအနေ ကျရောက်လာခဲ့မယ်ဆိုရင် ဘယ်လိုစီမံခန့်ခွဲရမလဲဆိုတာကို အောက်ခြေအထိ ချိတ်ဆက်မိအောင်တော့ အကောင်းဆုံးပြင်ဆင်ပေးနေပါတယ်။ မီးသတ်အနေနဲ့လည်း ဖုန်းနံပါတ် ၁၉၁ ကို အရေးပေါ်ဖုန်းနံပါတ်အဖြစ် ထားရှိပြီး ဒေသခံတွေ အမြန်ဆုံးဆက်သွယ်နိုင်အောင် ဖွင့်လှစ်ပေးထားပါတယ်။

မေး ။ ။ မိုးများချိန်လည်း ဖြစ်တဲ့အပြင် မြစ်ရေကလည်း မြင့်တက်နေတယ်လို့ သိရပါတယ်။ အခြားပြည်နယ်နဲ့ တိုင်းဒေသကြီးအချို့မှာလည်း ရေဘေး၊ လေဘေးနဲ့ မြေပြိုမှုတွေ ကြုံနေရပါတယ်။ ရေဝတီတိုင်းဒေသကြီးအတွင်းမှာရော ဘယ်နေရာတွေက လက်ရှိသဘာဝဘေးကို အများဆုံးတွေကြုံနေရသလဲဆိုတာနဲ့ ကူညီကယ်ဆယ်ရေးအစီအမံတွေကိုလည်း သိလိုပါတယ်။

ဝန်ကြီးချုပ် ။ ။ သဘာဝဘေး ကျရောက်ဖို့ရာမှာတော့ ကျွန်တော်တို့ တိုင်းဒေသကြီးကလည်း ဖြစ်နိုင်ခြေအတော်များတဲ့ ဒေသဖြစ်ပါတယ်။ ဖြစ်လာတဲ့နေရာတွေကိုလည်း အချိန်နဲ့တစ်ပြေးညီ ကူညီကယ်ဆယ်ရေးတွေ လုပ်ဆောင်နေပါတယ်။ လက်ရှိဆိုရင် မြောင်းမြမြို့နယ်မှာ ရေဘေးကယ်ဆယ်ရေးစခန်း သုံးခုဖွင့်လှစ်ထားပါတယ်။ အိမ်ခြေ ၆၄ အိမ်၊ လူဦးရေ ၂၈၉ ဦး ရေဘေးသင့်နေတာ ဖြစ်ပါတယ်။ သူတို့တွေအတွက် ဆန်နဲ့ စားနပ်ရိက္ခာတစ်ပတ်စာအပြင် လိုအပ်တာတွေကို ပံ့ပိုးပေးလျက်ရှိပါတယ်။ ကျန်တဲ့ သဘာဝဘေးမှာ ကျွန်တော်တို့ ကြုံတွေ့နေရတာတော့ လေပြင်းတိုက်ခတ်မှုဖြစ်စဉ်တွေဖြစ်ပါတယ်။ ဘိုကလေး၊ အမာနဲ့ ပတ်ဝန်းကျင်ဒေသတွေမှာ အများဆုံးဖြစ်ပေါ်ခဲ့ပြီး ကူညီကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးတွေကို အချိန်မဆိုင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မေး ။ ။ သဘာဝဘေးဖြစ်နိုင်ခြေရှိတဲ့ မြို့နယ် ရှစ် မြို့နယ်ရှိတယ်လို့ သိရပါတယ်။ အဲဒီမြို့နယ်တွေအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ ဘယ်လိုအစီအမံတွေ ချမှတ်ဆောင်ရွက်နေတယ်ဆိုတာလည်း သိပါရစေ။

ဝန်ကြီးချုပ် ။ ။ ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာ ၂၆ မြို့နယ်ရှိပြီး အားလုံးဟာ သဘာဝဘေးအန္တရာယ်တစ်မျိုးမဟုတ် တစ်မျိုးနဲ့ ကြုံတွေ့ရနိုင်တဲ့ အနေအထားရှိပါတယ်။ လေဘေးနဲ့ပတ်သက်ရင်တော့ မြို့နယ်ရှစ်မြို့နယ်ရှိပါတယ်။ ဒါပေမယ့်ဒီနှစ်မှာ မနှစ်ကထက် နောက်ကျပြီးတော့မှ လေဘေးအန္တရာယ်နဲ့ ကြုံရတယ်။ မနှစ်ကဆိုရင် မြန်မာနှစ်ဆန်း ၁ ရက်နေ့ကတည်းက လေပြင်းတိုက်ခတ်မှုတွေဖြစ်ပွားခဲ့ပြီး ဒီနှစ်မှာတော့ မေလဆန်းမှာမှ လေပြင်းတိုက်ခတ်တာမျိုး စတင်ကြုံတွေ့ခဲ့တယ်။ ကျွန်တော်တို့အတွက် ဘယ်တော့မှမမေ့နိုင်တဲ့ အဖြစ်အပျက်ကတော့ ၂၀၀၈ ခုနှစ်က တိုက်ခတ်သွားခဲ့တဲ့ နာဂစ်မုန်တိုင်းကြီးပေါ့။ အဖြစ်ဆိုးတွေနဲ့ ကြုံကြရပြီး အခုတိုင် မမေ့နိုင်တဲ့ ခါးသီးတဲ့အတွေ့အကြုံပေါ့။ ဒါကြောင့် ဒီနှစ်မှာလည်း ကြိုတင်ကာကွယ်မှုတွေကို အင်တိုက်အားတိုက် ဆောင်ရွက်ထားတယ်။ အတတ်နိုင်ဆုံး ပြင်ဆင်ထားသလို တစ်ဖက်မှာလည်း ယုံကြည်ကိုးကွယ်တဲ့ ဘာသာတရားအရ လုပ်ဆောင်တာလည်း မေလဆန်းကတည်းက စတင်ခဲ့တယ်။ လစဉ် ၁ ရက်နေ့ကနေ ၃ ရက်နေ့အထိ သုံးရက်လုံး တတ်နိုင်တဲ့ မြို့နယ်ကလည်း သုံးရက်၊ တစ်ရက်တတ်နိုင်ရင် တစ်ရက်ပေါ့လေ။ မြတ်စွာဘုရားရဲ့ ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ကြတယ်။ မိုးအကုန်အထိ ပဋ္ဌာန်းပူဇော်ပွဲကို ဆက်တိုက်လုပ်သွားမယ်။ ဒါကလည်း သိပ္ပံနည်းကျစနစ်ကျတဲ့ ကာကွယ်နည်းတွေအပြင် ယုံကြည်ကိုးကွယ်ရာနဲ့လည်း ဆုတောင်းပူဇော်ကြတာမျိုး ဖြစ်ပါတယ်။

> **“ ပြည်သူတွေကိုလည်း အသိပညာတွေပေးဖို့၊ မိုးလေဝသအခြေအနေတွေကို အစဉ်နားစွင့်ဖို့ သတိပေးတယ်။ လေတိုက်မှာ၊ မိုးရွာမှာကို ကြိုတင်ခန့်မှန်းနိုင်ပေမယ့် ကြိုတင်မခန့်မှန်းနိုင်တဲ့ ငလျင်အန္တရာယ်၊ မြေပြိုမှုအန္တရာယ်တွေကိုကျတော့ ကြိုတင်တိုင်းထွာဖို့ ခက်ခဲပါတယ်။ မမြင်နိုင်တဲ့အရာတွေ၊ ချက်ချင်းမသိနိုင်တဲ့အရာတွေဖြစ်လို့ သတိထားဖို့လိုပါတယ်။ ကလေးတွေကအစ ဘယ်လိုနေထိုင်ရမယ်။ ဘေးကင်းရာကို ဘယ်လိုရွေးချယ်ရမလဲဆိုတာကို လေ့ကျင့်ပညာပေးဖို့တော့ လိုအပ်ပါတယ် ”**

မေး ။ ။ ဝန်ကြီးချုပ်အနေနဲ့ သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုအကြောင်း ဒါမှမဟုတ် ရေဘေး၊လေဘေးအပါအဝင် သဘာဝဘေးတွေနဲ့ ပတ်သက်ပြီး ပြည်သူတွေကို ထပ်မံဖြည့်စွက်ပြောကြားလိုတာရှိရင်လည်း ပြောပြစေလိုပါတယ်။

ဝန်ကြီးချုပ် ။ ။ သဘာဝဘေးဆိုတာကတော့ ကျွန်တော်တို့အားလုံး ရှောင်လွှဲမရတဲ့ အန္တရာယ်မို့ အစဉ်မပြတ် သတိထားနေကြရမှာပေါ့။ ရေကြီးတာ၊ မီးလောင်တာ၊ လေပြင်းတိုက်တာတွေအတွက် သရုပ်ပြလေ့ကျင့်မှုတွေကို အထပ်ထပ် ကျွန်တော်တို့ ပြုလုပ်တယ်။ လိုအပ်တဲ့အရာတွေ ကြိုတင်ပြင်ဆင်ထားတယ်။ ပြည်သူတွေကိုလည်း အသိပညာတွေပေးဖို့၊ မိုးလေဝသအခြေအနေတွေကို အစဉ်နားစွင့်ဖို့ သတိပေးတယ်။ လေတိုက်မှာ၊ မိုးရွာမှာကို ကြိုတင်ခန့်မှန်းနိုင်ပေမယ့် ကြိုတင်မခန့်မှန်းနိုင်တဲ့ ငလျင်အန္တရာယ်၊ မြေပြိုမှုအန္တရာယ်တွေကိုကျတော့ ကြိုတင်တိုင်းထွာဖို့ ခက်ခဲပါတယ်။ မမြင်နိုင်တဲ့အရာတွေ၊ ချက်ချင်းမသိနိုင်တဲ့အရာတွေဖြစ်လို့ သတိထားဖို့လိုပါတယ်။ ကလေးတွေကအစ ဘယ်လိုနေထိုင်ရမယ်။ ဘေးကင်းရာကို ဘယ်လိုရွေးချယ်ရမလဲဆိုတာကို လေ့ကျင့်ပညာပေးဖို့တော့ လိုအပ်ပါတယ်။ ကျွန်တော်တို့ဘက်ကလည်း အတတ်နိုင်ဆုံး ကြိုးစားဖြည့်ဆည်းပေးပြီး လိုအပ်ချက်တွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်။ အစိုးရဆိုတာ ပြည်သူတွေရဲ့အသက်အိုးအိမ်စည်းစိမ်တွေကို အကာအကွယ်ပေးဖို့ တာဝန်အရှိဆုံးဆိုတာကို သိရှိနားလည်ပြီး ကြိုတင်ပြင်ဆင်တာ၊ ပညာပေးတာ၊ ဖြစ်လာရင်လည်း အကောင်းဆုံးဖြစ်အောင် တတ်စွမ်းသမျှ ဆောင်ရွက်ပေးနေတယ်ဆိုတာကို ပြောကြားလိုပါတယ်။ ရေဝတီတိုင်းဒေသကြီး အပါအဝင် ပြည်နယ်နဲ့ တိုင်းဒေသကြီးအားလုံး သဘာဝဘေးအန္တရာယ်တွေ အားလုံးကနေ ကင်းဝေးကြဖို့လည်း မျှော်လင့်ပါတယ်။ ။

ကမ္ဘာ့စခန်းချ တွေ့ဆုံပွဲမှာ ရခဲ့တဲ့ အတွေ့အကြုံတွေနဲ့ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ တိုးတက်ရေးနဲ့ နိုင်ငံတိုးတက်ရေးအတွက် ကင်းထောက်စိတ်ဓာတ်ဖြင့် ကူညီဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်

မောင်ဟိန်းနိုင်စိုး (မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်)

တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ -ဦးတင်မောင်လတ်(ကင်းထောက်ကြီး)

အာရှပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကင်းထောက်ဌာနခွဲက ချီးမြှင့်ပေးအပ်သည့် Scholarship အစီအစဉ်ဖြင့် အမေရိကန်ပြည်ထောင်စု၌ ကျင်းပခဲ့သည့် (၂၄)ကြိမ်မြောက် ကမ္ဘာ့ကင်းထောက်များ တွေ့ဆုံပွဲ (24th World Scout Jamboree) တက်ရောက်ခဲ့ကြသော မြန်မာကင်းထောက်လူငယ်မောင်ခွန်လတ်အောင် (နည်းပညာတက္ကသိုလ်၊ မန္တလေး)၊ မရှင်းသန့်လှိုင် (Brainworks- TOTAL International School Yangon)၊ မောင်ဟိန်းနိုင်စိုး (မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်) တို့ သုံးဦးတို့နှင့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ ညှိနှိုင်းရေးမှူးများ၏ တွေ့ဆုံပွဲ အတွေ့အကြုံ၊ သဘောထားအမြင်များ ဖြစ်ပါသည်။

မောင်ကောင်းမြတ်ထူး

မောင်ဖြိုးသူရဝင်း

မရှင်းသန့်လှိုင်

မောင်ခွန်လတ်အောင်

မောင်ဟိန်းနိုင်စိုး

မောင်ကောင်းမြတ်ထူး
နိုင်ငံတကာရေးရာ ညှိနှိုင်းရေးမှူး၊
မြန်မာနိုင်ငံကင်းထောက်အဖွဲ့

(၂၄) ကြိမ်မြောက် ကမ္ဘာ့ကင်းထောက်များ စခန်းချတွေ့ဆုံပွဲကို မြန်မာနိုင်ငံအနေနဲ့ ကင်းထောက်လူငယ်သုံးဦး စေလွှတ်တက်ရောက်စေခဲ့ပါတယ်။ အဲဒီခရီးစဉ်ကို အာရှ-ပစိဖိတ်ဒေသ ကင်းထောက်ထောက်ပံ့ရေးဌာနက ပံ့ပိုးမှုနဲ့ တက်ရောက်ခဲ့ပါတယ်။ တွေ့ဆုံပွဲမှာ မြန်မာနိုင်ငံအနေနဲ့ ၂၀၁၆ ခုနှစ်မှာ ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ပြန်လည်ဝင်ရောက်ခွင့်ရပြီး နောက်ပိုင်း ပထမဆုံးအကြိမ် မြန်မာနိုင်ငံအနေနဲ့ ပါဝင်တဲ့ ကမ္ဘာ့အဆင့်စခန်းချ တွေ့ဆုံပွဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ကင်းထောက်လုပ်ငန်းတွေ ပြန်လည်ရှင်သန်လာခဲ့တဲ့ ၂၀၁၂ ခုနှစ်နောက်ပိုင်းမှာ လက်ရှိအချိန်အထိ နိုင်ငံအဆင့် ကင်းထောက်များ စခန်းချတွေ့ဆုံပွဲကို လေးကြိမ်အထိ ကျင်းပခဲ့ပြီး ယခင်က မြန်မာနိုင်ငံ ကင်းထောက်တွေဟာ ဒေသအတွင်း စခန်းချတွေ့ဆုံပွဲတွေမှာ ပါဝင်ခဲ့ပေမယ့် အခုသွားရောက်ခဲ့တဲ့ စခန်းချတွေ့ဆုံပွဲဟာ ပထမဆုံးအကြိမ် ကမ္ဘာ့အဆင့် တက်ရောက်ခဲ့ခြင်း ဖြစ်ပါတယ်။

အခုစေလွှတ်လိုက်တဲ့ လူငယ်တွေက သူတို့ သင်ယူခဲ့ရတဲ့ ကင်းထောက်ပညာရပ်တွေ၊ အသိအမြင်တွေ၊ နည်းစနစ်တွေ အကုန်လုံးကို လေ့လာသင်ယူပြီး ပြည်တွင်းမှာ ယခုထက်ပိုမို အဆင့်မြင့်တဲ့ စခန်းချတွေ့ဆုံပွဲမျိုး ပြန်လည်ပြုလုပ်နိုင်မယ်လို့ ယုံကြည်မိပါတယ်။ ကျွန်တော်တို့ ကင်းထောက်အဖွဲ့ဟာ နိုင်ငံတော်ရဲ့ လမ်းညွှန်မှုနဲ့အညီ ကင်းထောက်လူငယ်များ အရည်အသွေးမြင့်မားရေးကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းပြည်ပခရီးစဉ်တွေ၊ သင်တန်းတွေ၊ စခန်းချပွဲတွေကို အစဉ်မပြတ် စေလွှတ်လျက်ရှိကာ အရည်အသွေးမြင့်မားတဲ့ ကင်းထောက်လူငယ်တွေ၊ ယခုထက်ပိုမိုထူးချွန်တဲ့ ကင်းထောက်လူငယ်တွေ မွေးထုတ်သွားနိုင်မယ်လို့ ယုံကြည်ပါတယ်။

မောင်ဖြိုးသူရဝင်း
လူငယ်ညှိနှိုင်းရေးမှူး၊
မြန်မာနိုင်ငံကင်းထောက်အဖွဲ့

(၂၄) ကြိမ်မြောက် ကမ္ဘာ့ကင်းထောက်တွေ့ဆုံပွဲကို တက်ရောက်ဖို့အတွက် စိတ်ဝင်စားသူ ကင်းထောက်လူငယ်တွေကို လျှောက်လွှာခေါ်ယူပြီး ပထမအဆင့်အနေနဲ့ လျှောက်လွှာများ စိစစ်ကာ ဒုတိယဆင့်အနေနဲ့ မြန်မာနိုင်ငံကင်းထောက်အဖွဲ့မှ တာဝန်ရှိသူတွေက စနစ်တကျ လူတွေ့စစ်ဆေးပြီး သင့်လျော်မယ့် ဘက်စုံထူးချွန်တဲ့ လူငယ်သုံးဦးကို နိုင်ငံ့ကိုယ်စားပြု စေလွှတ်ဖို့ ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့အနေနဲ့ ကင်းထောက်လူငယ်တွေ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့၊ နိုင်ငံတကာ အတွေ့အကြုံတွေရရှိစေဖို့၊ အပြည်ပြည်ဆိုင်ရာ ကင်းထောက်အဖွဲ့တွေနဲ့ ပူးပေါင်း၍ သင်တန်းဖွင့်လှစ်ခြင်း၊ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ကိုရီးယား၊ ဂျပန်နိုင်ငံတွေနဲ့ အာရှပစိဖိတ်ဒေသဆိုင်ရာ နိုင်ငံတွေကို ရွေးချယ်စေလွှတ်ခြင်း၊ နိုင်ငံတကာ ကင်းထောက်အချင်းချင်း တွေ့ဆုံရင်းနှီးစေမယ့် နိုင်ငံတကာ စခန်းချ တွေ့ဆုံပွဲတွေကို တက်ရောက်စေခြင်းများ ပြုလုပ်ပေးလျက် ရှိပါတယ်။

မရှင်းသန့်လှိုင်
Brainworks- TOTAL International School Yangon

မြန်မာနိုင်ငံကိုယ်စားပြုသမီးတို့ ကင်းထောက်လူငယ်သုံးဦးဟာ အမေရိကန် အနောက်ဗာဂျီးနီးယား ပြည်နယ်မှာရှိတဲ့ (၂၄)ကြိမ်မြောက် ကမ္ဘာ့ကင်းထောက်များ စခန်းချတွေ့ဆုံပွဲကို နိုင်ငံပေါင်း ၁၆၇ နိုင်ငံက ကင်းထောက်ကိုယ်စားလှယ် ၄၀၀၀၀ ကျော်နဲ့ စေတနာ့ဝန်ထမ်း ကင်းထောက် ၁၀၀၀၀ ကျော်နဲ့အတူ တက်ရောက်ခဲ့ပါတယ်။ သမီးတို့ မြန်မာနိုင်ငံက ကင်းထောက်လူငယ် ကိုယ်စားလှယ်သုံးဦးဟာ စခန်းချကာလနှစ်ပတ်တာအတွင်း တောင်တက်၊ စက်ဘီးစီး၊ ကျောက်တောင်တက်၊ လှေလှော်၊ ကြိုးဆွဲကစားခြင်း၊ ရေကူးခြင်း၊ လှုပ်ရှားမှုတွေမှာ တက်ကြွစွာ ပါဝင်ခဲ့ကြပါတယ်။

ဒါ့အပြင် အခြားအသိပညာပေး အစီအစဉ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဆက်သွယ်မှုဆိုင်ရာ ဆွေးနွေးမှု၊ ဘာသာရေး အသိအမြင်ဖလှယ်မှု၊ နည်းပညာဆိုင်ရာ အတွေ့အကြုံများ မျှဝေမှု အစရှိတဲ့ ကင်းထောက်လှုပ်ရှားမှုနဲ့ ဆက်နွယ်ပတ်သက်တဲ့ အစီအစဉ်တွေမှာလည်း ပါဝင်ခဲ့ပြီး ကင်းထောက်လှုပ်ရှားမှုနဲ့တန်ဖိုး ခေါင်းစဉ်ဖြင့် သမီး တက်ရောက်ဆွေးနွေးခဲ့ပါတယ်။ တွေ့ဆုံပွဲတွေမှာ မြန်မာနိုင်ငံမှ လာရောက်တဲ့ သမီးတို့ ကိုယ်စားလှယ်သုံးဦးကို ပြုလုပ်တဲ့အစီအစဉ်တိုင်းမှာ ကမ္ဘာ့ကင်းထောက်အဖွဲ့ တာဝန်ရှိသူတွေက အသေအချာပါဝင်ခွင့်ပေးပြီး အခွင့်အလမ်းတွေနဲ့ ဦးစားပေးမှု၊ စောင့်ရှောက်မှုတွေ ရခဲ့ပါတယ်။

ကင်းထောက်လှုပ်ရှားမှုလို့ ဆိုလာရင် တစ်ဦးတစ်ယောက်တည်း ရပ်တည်လို့မရနိုင်တဲ့ လှုပ်ရှားမှုကြီး ဖြစ်တဲ့အလျောက် ကင်းထောက်ဟာ ကမ္ဘာ့နိုင်ငံ ကင်းထောက်တွေနဲ့အတူ ချစ်ခင်ရင်းနှီးတဲ့ ဆက်ဆံရေးကို တည်ဆောက်ရမှာဖြစ်ပါတယ်။ ချစ်ခင်မှုကို တည်ဆောက်ရာမှာ နိုင်ငံအလိုက်၊ ဒေသအလိုက် မတူကွဲပြားတဲ့ ရိုးရာယဉ်ကျေးမှုကို အပြန်အလှန် လေးစားတန်ဖိုးထားရမှာလည်း ဖြစ်ပါတယ်။

မောင်ခွန်လတ်အောင်
(နည်းပညာတက္ကသိုလ်၊ မန္တလေး)

ကျွန်တော်တို့ မြန်မာနိုင်ငံက ကင်းထောက်လူငယ်တွေနဲ့ အခြားနိုင်ငံအသီးသီးက ကင်းထောက်လူငယ်တွေရဲ့ အဓိကပြဿနာကတော့ အမေရိကန်နိုင်ငံရဲ့ ရာသီဥတုဖြစ်ပြီး နေ့မှာ နေကတော်တော်ပူပြီး ညကျတော့ အလွန်အေးတယ်။ အဲဒီရာသီဥတုနဲ့ ကိုက်ညီအောင် ကင်းထောက်စိတ်ဓာတ်နဲ့ ဇွဲရှိရှိနဲ့ ကျွန်တော်တို့ အားလုံး ကြိုးစားရတာပေါ့။ ဒီစခန်းချတွေ့ဆုံပွဲမှာ ဘယ်တော့မှ လုပ်ဖြစ်မယ် လုပ်နိုင်မယ်လို့မထင်ခဲ့တဲ့ ရေငုပ်တာတွေ၊ Zip Line ကြိုးဆွဲစီးတာတွေ လုပ်ဖြစ်ခဲ့တယ်။ အဲဒါကတော့ မမေ့နိုင်တဲ့ အမှတ်တရပေါ့။ အစားအသောက်ကိုတော့ နိုင်ငံအလိုက် အလှည့်ကျချက်ကြတယ်။ ကျွန်တော်တို့စခန်းမှာ မြန်မာ၊ ဘူတန်၊ မော်ဒိုက်၊ ဗီယက်နမ်၊ မွန်ဂိုလီးယားနိုင်ငံတွေက ညီနောင်ကင်းထောက်တွေနဲ့ မတူညီတဲ့ အစားအစာတွေ စားသောက်ရင်း ချစ်ကြည်ရင်းနှီးမှုဖြစ်စေတယ်။ ကျွန်တော်တို့ မြန်မာကတော့ လက်ဖက်ထမင်းသုပ်ကျွေးတယ်။ နိုင်ငံတကာက ညီနောင်တွေ၊ ကင်းထောက်တွေ မြန်မာအစားအစာကို ကြိုက်ကြလို့ ကျွန်တော်တို့ ဂုဏ်ယူရပါတယ်။

Advanced Technologies တွေကိုလည်း တွေ့ခွင့်ရခဲ့တယ်။ အထူးသဖြင့် Novus ဆိုတဲ့ သူငယ်ချင်းအသစ်ဖွဲ့၊ activities တွေလုပ်တဲ့ လက်ပတ်လေးပေါ့၊ အဲဒါတွေကို ကြည့်ပြီး သူတို့ရဲ့ ဒေတာတွေ ဘယ်လိုသိမ်းတယ်ဆိုတာ သိခဲ့ရတယ်။ ရှေ့လျှောက်အခက်အခဲတွေ ရင်ဆိုင်ဖို့ အတွေးသစ်အမြင်သစ်တွေ အများကြီးရခဲ့ပါတယ်။ တခြားနိုင်ငံက လူငယ်တွေနဲ့ယဉ်ကျေးမှု၊ ဘာသာရေး၊ ပညာရေးဆိုင်ရာတွေ ဖလှယ်ခွင့်ရတဲ့အတွက် အများကြီး ပျော်ရပါတယ်။

မောင်ဟိန်းနိုင်စိုး
(မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်)

(၂၄) ကြိမ်မြောက် ကမ္ဘာ့ကင်းထောက်များ စခန်းချပွဲကို ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၃ ရက်အထိ နှစ်ပတ်ကြာ နိုင်ငံပေါင်း ၁၆၇ နိုင်ငံက ကိုယ်စားလှယ်ပေါင်း ၄၀၀၀၀ ကျော်နှင့် စေတနာ့ဝန်ထမ်း ကင်းထောက် တစ်သောင်းကျော်နဲ့အတူ တက်ရောက်ခဲ့ရပါတယ်။ စခန်းချပွဲရဲ့ ခေါင်းစဉ်က "Unlock A New World" "ကမ္ဘာသစ်ကို စတင်မယ်" ခေါင်းစဉ်နဲ့ စီစဉ်ဆောင်ရွက်ခဲ့လို့ "ပိုကောင်းတဲ့ ကမ္ဘာအသစ်တစ်ခု ဖန်တီးနိုင်ဖို့" အတွေးအမြင်သစ်တွေ ရရှိခဲ့ပါတယ်။

ကျွန်တော်တို့စခန်းချတွေ့ဆုံပွဲမှာ ပထမဆုံးနေ့မှာပဲ တောင်ပေါ်တက်ပြီး နှစ်မိုင်ရှည်တဲ့ တောလမ်းကို ကွေ့ပတ်ပြေးခိုင်းကာ လမ်းမှာ အတားအဆီးတွေ ကျော်ဖြတ်နည်းနဲ့ တံတိုင်းတွေ ကျော်ကာ ကီလို ၂၀ ရှိတဲ့ သဲအိတ်ထမ်းပြီး ကစားနည်းတွေကို တစ်ကိုယ်ရေ ကြံ့ခိုင်သန်စွမ်းစေဖို့ လှုပ်ရှားကစားစေပါတယ်။ နှစ်ပတ်တာ ကာလ စခန်းချပွဲမှာ ကျွန်တော့်အနေနဲ့ Contingent Leader အဖြစ် ဆောင်ရွက်ခွင့်ရခဲ့ပြီး နိုင်ငံပေါင်း ၁၆၇ နိုင်ငံမှ ကင်းထောက်ကိုယ်စားလှယ် လူငယ်တွေဟာ ဘာသာမတူ၊ လူမျိုးမတူ၊ ဓလေ့ထုံးစံတွေ မတူကွဲပြားသော်လည်း ကင်းထောက်ကတိ၊ ကျင့်ဝတ်တူညီစွာနဲ့ အများကိုကူညီလိုစိတ်၊ ကမ္ဘာကြီးကို ငြိမ်းချမ်းစေချင်တဲ့ စိတ်ဓာတ်တွေကတော့ အတူတူ တစ်ထပ်တည်းကျတာကို တွေ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ကမ္ဘာ့စခန်းချ တွေ့ဆုံပွဲမှာ ရခဲ့တဲ့ အတွေ့အကြုံတွေနဲ့ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ တိုးတက်ရေးနဲ့ နိုင်ငံတိုးတက်ရေးအတွက် ကင်းထောက်စိတ်ဓာတ်ဖြင့် ကူညီဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။ ။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ရန်ကုန်-မန္တလေး လမ်းပိုင်းများ အဆင့်မြှင့်တင်ရေးစီမံကိန်းတွင် အသုံးပြုရန်အတွက် ဂျပန်နိုင်ငံမှ ချေးငွေဖြင့် ဝယ်ယူထားသည့် ရထားသံလမ်းများ တင်ဆောင်လာသော Istorya သင်္ဘော ဩဂုတ် ၁၀ ရက်က ရန်ကုန်မြို့ ဆူးလေဆိပ်ကမ်းသို့ ရောက်ရှိလာရာ အလုပ်သမားများ သယ်ချနေသည်ကို တွေ့ရစဉ်။

(အဆိုပါ ရထားသံလမ်းများ သယ်ဆောင်လာသော သင်္ဘောပေါ်တွင် သံလမ်းတန်ချိန် ၂၈၄၇ တန် တင်ဆောင်လာကြောင်း သိရသည်။)

အေကေလင်း

တနင်္သာရီမြို့၌ မြစ်ရေတက်သဖြင့် ကျောင်း ၃၆ ကျောင်း ယာယီပိတ်ထားရ

တနင်္သာရီ ဩဂုတ် ၁၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းနေမှုကြောင့် ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီတိုင်းတာချက်အရ တနင်္သာရီမြစ်ရေသည် တနင်္သာရီမြို့၏ အန္တရာယ်ရေမှတ် ၂၄ ပေထက် ကျော်လွန်ပြီး ၂၄ ပေ ၁၁ လက်မ အထိ မြစ်ရေကြီးလျက်ရှိနေပြီ ဖြစ်သဖြင့် မြို့နယ်အတွင်း အနိမ့်ပိုင်းကျေးရွာများရှိ စာသင်ကျောင်းများအတွင်းနှင့် ကျောင်းပတ်ဝန်းကျင်နေရာတို့တွင် မြစ်ရေများ ဝင်နေသောကြောင့် ကျောင်းသူကျောင်းသားများ ရေဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် အခြေခံပညာကျောင်း ၁၉ ကျောင်းအား ထပ်မံပိတ်ထားရကြောင်း၊ ဩဂုတ် ၉ ရက်မှ ၁၁ ရက်အထိ ယာယီပိတ်လိုက်ရသောကျောင်း စုစုပေါင်း ၃၆ ကျောင်းရှိပြီဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရှိရသည်။ အဆိုပါ ယာယီပိတ်ထားရသောကျောင်းများ၏ပိတ်ရက်များအတွက် စနေ၊ တနင်္ဂနွေနှင့်အဖိတ်၊ ဥပုသ်ကျောင်းပိတ်ရက်များတွင် အစားထိုးသင်ကြားပေးရန် စီစဉ်ထားကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

တက္ကသိုလ်အသီးသီး၏ ပညာရေးအရည်အသွေးမြင့်မားတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်မည်

နေပြည်တော် ဩဂုတ် ၁၁

အမျိုးသားပညာရေး မူဝါဒကော်မရှင်၊ ပါမောက္ခချုပ်များကော်မတီက ကျင်းပပြုလုပ်သည့် အတွေ့အကြုံရှင်းလင်းပွဲကို ယမန်နေ့နံနက် ၈ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အမျိုးသားပညာရေး မူဝါဒကော်မရှင်၊ ပါမောက္ခချုပ်များကော်မတီက ကျင်းပပြုလုပ်သည့် အတွေ့အကြုံရှင်းလင်းပွဲတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

နိုင်ငံတကာတက္ကသိုလ်များနှင့်ချိတ်ဆက်

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပါမောက္ခချုပ်များကော်မတီ၏ နိုင်ငံတကာတွင် ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေးများ၊ ကွန်ဖရင့်များ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် လေ့လာရေးခရီးစဉ်များမှ အတွေ့အကြုံများကို ရှင်းလင်း၍ အပြန်အလှန်ဆွေးနွေးကြပြီး မြန်မာနိုင်ငံရှိ တက္ကသိုလ်အသီးသီး၏ ပညာရေး အရည်အသွေးမြင့်မားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တက္ကသိုလ်များတွင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် ဝက်ဘ်ဆိုက်များ ရှိရမည်ဖြစ်ပြီး နိုင်ငံတကာ တက္ကသိုလ်များနှင့် တစ်ပြေးညီ ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဝက်ဘ်ဆိုက်တွင် မိမိတက္ကသိုလ်၏ လက်ရှိလုပ်ရှားဆောင်ရွက်နေသည့် သတင်းအချက်အလက်များကို ပြည့်ပြည့်စုံစုံရေးသား ဖော်ပြထားရန်လိုကြောင်း။

အင်္ဂလိပ်စာ၊ အိုင်စီတီ အရည်အသွေးမြင့်မားရေး၊ သင်ကြားသင်ယူမှုနည်းလမ်းများ၊ သုတေသနစီမံချက် အဆိုပြုရေးသားနည်း၊ သုတေသနလုပ်ငန်းဆောင်ရွက်နည်း၊ သုတေသနစာတမ်းပြုစုနည်း၊ သုတေသနစာတမ်းဖတ်ကြားနည်းနှင့် မွမ်းမံသင်တန်းများ၊ ဒေသနှင့် လိုက်လျောညီထွေဖြစ်သော သင်တန်း / ဒီပလိုမာ / ဘွဲ့သင်တန်းများ ဖွင့်လှစ်နိုင်ရန်အတွက် ပူးပေါင်းစီစဉ်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ရှမ်းပြည်နယ်အတွင်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများနှင့် ပါမောက္ခချုပ်များကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆင့်စိုးက ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစောပြုံးနိုင်က Teaching for Tomorrow၊ ကွန်ပျူတာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဦးကျော်စွာစိုးက Effect of Digitalization၊ ရတနာပုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နိုင်က Internationalization၊ နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာ သိင်္ဂီက University Link for Industry Engagement၊ မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဆင့်စိုးက Comprehensive University၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဂျာမန်ဘာသာဌာနမှ လက်ထောက်ကထိက ဒေါ်သန္တာမြင့်သူစိုးက Internal Quality Assurance၊ ကွန်ပျူတာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဦးကျော်စွာစိုးနှင့် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာနီလာကြူတို့က Research Capacity Assurance ခေါင်းစဉ်ဖြင့် အသီးသီးရှင်းလင်းတင်ပြကြသည်။

ရှေ့လုပ်ငန်းစဉ်များ ချမှတ်

ထို့နောက် အုပ်စုငယ်များခွဲ၍ ခေါင်းစဉ်အလိုက် ဆွေးနွေးကြပြီး အဖွဲ့ကိုယ်စားပြု ကိုယ်စားလှယ်တစ်ဦးစီက အဖွဲ့အလိုက် ဆွေးနွေးရရှိမှုများကို တင်ပြကြရာ အဖွဲ့ကိုယ်စားလှယ်များက အုပ်စုလိုက်တင်ပြချက်နှင့် ပတ်သက်၍ သိရှိလိုသူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြား၍ တက်ရောက်လာကြသူများက ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ချမှတ်ကြသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်-ပုသိမ် လမ်းမကြီးအား မိုးတွင်းကာလ လမ်းပေါက်ဖြစ်သည့်နေရာများတွင် ခရိုင်အဖွဲ့၊ အထူးအဖွဲ့များဖြင့် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အမြဲမပြတ်စစ်ဆေးရန်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ကြိုးတံတားသို့ ရောက်ရှိပြီး တံတားဦးစီးဌာနမှ တာဝန်ရှိသူများက ပုသိမ်ကြိုးတံတားကြံ့ခိုင်မှုအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကျွမ်းကျင်ပညာရှင်အဖွဲ့များနှင့် ပူးပေါင်းပြီး အမြဲမပြတ်စစ်ဆေးပေးရန် မှာကြားကာ ကြိုးထိန်းခုံ၊ ကြိုးထိန်းတာဝါတိုင်၊ ဂျိုင့်ဆက်များ၊ ကြိုးဆိုင်းများနှင့် ပင်မတံတားကြီးကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်-ငွေဆောင်လမ်း ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် ဂျက်ကာ-စိန်တောင်- မော်တင်စွန်း လမ်းပြုပြင်ထိန်းသိမ်းထားရှိမှုကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ငရုတ်ကောင်းတောင်ရှိ လမ်းဦးစီးဌာန ပုသိမ်ခရိုင်လမ်းစခန်းရုံး ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးရန်နိုင်ဇော်က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်းအခြေအနေ၊ ပုသိမ်-သလပ်ခွါ-မော်တင်စွန်းလမ်း၊ ပုသိမ်-ငွေဆောင်လမ်း၊ ပုသိမ်-ချောင်းသာ လမ်းအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်က ဖြည့်စွက်ရှင်းလင်းပြီး ပြည်ထောင်စုဝန်ကြီးက မိုးတွင်းကာလဖြစ်သည့်အတွက် ပြည်သူများဘေးအန္တရာယ်ကင်းရှင်းရန် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအမံများနှင့် လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရန် မှာကြားသည်။

တံတားရေရှည်တည်တံ့ရေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မော်တင်စွန်း-ဟိုင်းကြီးကျွန်းလမ်း၊ ဟိုင်းကြီးကျွန်းပေါ်ရှိ နတလမှ လွှဲပြောင်းလက်ခံထားသည့် ကျေးလက်လမ်းနှင့် ဟိုင်းကြီးကျွန်း ဘေလီတံတားကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးပြီး တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမြဲမပြတ်စစ်ဆေးပေးရန် မှာကြားသည်။

သတင်းစဉ်

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

ဘားအံ ဩဂုတ် ၁၁

ကရင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေချောင်းရေများ မြင့်တက်လာခြင်း၊ တောင်ကျရေများ စီးဆင်းလာခြင်းတို့ကြောင့် မြို့နယ်ခြောက်မြို့နယ်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ဘားအံမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ပစ္စည်းများ သွားရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဘုရားကုန်းကျေးရွာ ငြိမ်းချမ်းရေးခန်းမ၌ ပဒိုအောင်ဆန်းနှင့် ငြိမ်းချမ်းရေးမိသားစု အိမ်ထောင်စု ၅၀ အတွက် ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥ အစရှိသည့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ရွှေတောကျေးရွာ ပိုးကရင်နှစ်ခြင်း အသင်းတော်တွင် ရွှေတော၊ ကော့လုံးစိန်၊ ကော့ပရံ၊ ကော့အီမိုက်ကျေးရွာများမှ ရေဘေးသင့် အိမ်ထောင်စု ၁၂၃ စု အတွက် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သံလွင်မြစ် အနောက်ဘက်ကမ်း မုက္ကဒိကျေးရွာနှင့် ဖားနွဲ့ကျွန်းတို့ကို ဆက်သွယ်ပေးထားသော အိပ်မက်တံတား (မုက္ကဒိ-ဖားနွဲ့ကျွန်းလူကူကြိုးတံတား) တောင့်တင်းကြံ့ခိုင်မှုနှင့် စပ်လျဉ်း၍ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ မုက္ကဒိတောင်နား ဘုန်းတော်ကြီးကျောင်းတွင် ဘုန်းတော်ကြီးကျောင်း သုံးကျောင်းအတွက် ဆန် ၁၅ အိတ်နှင့် ဖားနွဲ့ကျွန်းကျေးရွာရှိအိမ်ထောင်စု ၁၉၆ စုအတွက် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ ဘားအံမြို့ပေါ်ရှိ ရေဘေးစခန်းများတွင်လည်း ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက ကြက်သားဆန်ပြုတ်၊ ပဲနို့၊ မုန့်နှင့် ရေသန့်ဘူးများကို ဝေငှပေးခဲ့သည်။

ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင်မြစ်ရေသည် စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းခဲ့သော်လည်း မွန်းတည့် ၁၂ နာရီအထိ ရေဘေးကယ်ဆယ်ရေးစခန်း ၁၂ ခုကို ဖွင့်လှစ်ထားဆဲဖြစ်ကာ အိမ်ထောင်စု ၁၁၈၈ စု၊ လူဦးရေ ၅၀၁၄ ဦး ခိုလှုံနေထိုင်လျက်ရှိကြောင်းနှင့် ဘားအံမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၈၅ ကျောင်း ပြန်လည်ဖွင့်လှစ်ရန် ကျန်နေသေးကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ယမန်နေ့မှအဆက်

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ ဝင်ငွေခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ -

(က) မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင် မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

မြတ်စွန်းငွေ	ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း
(၁) ညီမျှကျပ်သန်းပေါင်း (၁၀၀၀၀၀) အထိ	၄၀ %
(၂) ညီမျှကျပ်သန်းပေါင်း (၁၀၀၀၀၀) အထက်မှ (၁၅၀၀၀၀) အထိ	၄၅ %
(၃) ညီမျှကျပ်သန်းပေါင်း (၁၅၀၀၀၀) အထက်	၅၀ %

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကို ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏တန်ဖိုး စုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်း မပြုရ။

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကိုအခြေခံသည့် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၁၀၀ ထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့်ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၀။ အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့်ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၁။ (က) အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်-

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၃) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့်ချီးမြှင့်ငွေများ၊

(၄) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာခေါင်းစဉ်မှ ဝင်ငွေ၊

(၅) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ၊

(၆) အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်၊ ပင်စင်မှပြောင်းလဲ၍ ရရှိသောငွေနှင့် လုပ်သက်ဆုငွေ (Gratuity)၊

(၇) ရှေးဟောင်းပစ္စည်း တွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ။

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များ ပြုနိုင်သည် -

(၁) ပြည်တွင်း ပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) စတော့ရှယ်ယာဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေအခန်း (၇) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

အခန်း (၈)
ရတနာခွန်

၃၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈ အရ ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ ယင်းတို့နှင့် စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းထားများအတိုင်း ရတနာခွန်ကျသင့်စေရမည်။ ကောက်ခံရရှိသည့် ရတနာခွန်နှင့် စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ သက်ဆိုင်ရာဘဏ်စာရင်းသို့ လွှဲပြောင်းပေးသွင်းရမည် -

(က) ပြည်တွင်း၌ထုတ်လုပ်သည့် ကျောက်မျက်ရတနာများဖြစ်ပါက အမှန်တကယ်ရောင်းချသည့် တန်ဖိုးအပေါ်တွင်လည်းကောင်း၊ အမှန်တကယ်ရောင်းချသည့် တန်ဖိုးအပေါ် အခြေပြု၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက သတ်မှတ်သည့် ရောင်းဈေးတန်ဖိုးအပေါ်တွင်လည်းကောင်း၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာ တန်ဖိုးအပေါ်တွင်လည်းကောင်း၊

(ခ) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း၊

စဉ်	ကျောက်မျက်ရတနာအမျိုးအစား	အခွန်နှုန်း
၁	ကျောက်စိမ်းအရိုင်းထည်များ။	၁၅ %
၂	စိန်နှင့်မြမှအပ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။	၁၀ %
၃	စိန်နှင့်မြမှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အချောထည်များ၊ စိန်နှင့်မြမှအပ လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ။	၅ %
၄	ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းများ။	၅ %

အခန်း (၉)
အခြားအခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့်နှုန်းထားများ

၃၄။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့် နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည် -

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊

(ဂ) မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

(င) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊

(စ) ခရီးလှည့်လည်ရေးလိုင်စင် / ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင် / ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင် / ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊

(ဆ) အကောက်ခွန်၊

(ဇ) မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊

(ဈ) ရေခွန်၊

(ည) တာတမံခွန်၊

(ဋ) သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်သစ်တောခွန်၊

(ဌ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊

(ဍ) ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊

(ဎ) ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဏ) ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊

(တ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊

(ထ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊

(ဒ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့် အခွန်။

အခန်း (၁၀)
အထွေထွေ

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်း ဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့်ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမှီတည် ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း၊ နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည် -

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့် စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် အာဆီယံလွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များမူဘောင် အတွင်းမှ အာဆီယံဒေသတွင်းနိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့်အခွင့်အရေး၊ သက်သာခွင့်များ ရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန် ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၇။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ (က) ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

(ဂ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ) ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေ ချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၈။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အောက်ဖော်ပြပါ ကောက်ခံရ ဒဏ်ကြေးငွေများ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသူအား လည်းကောင်း ဆုကြေးအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်း မပြုရ -

(က) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်များနှင့် စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူနှင့် သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်သည့် အထူးကုန်စည်ထုတ်လုပ်သူတို့အပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (စ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေများ၊

(ခ) ကျန်အထူးကုန်စည်များနှင့် စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူအပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၃၉။ (က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (စ) တွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထား တန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့် အခွန်၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည့်အပြင် ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည် -

(ဆက်လက်ဖော်ပြပါမည်)

သန့်ရှင်းသော ရေ၊ လတ်ဆတ်သော ကုန်ကြမ်းပစ္စည်းကလည်း အရေးကြီးတဲ့အတွက် အိမ်ရှင်မတွေ သတိပြုသင့်တဲ့ အချက်တစ်ချက် ဖြစ်ပါတယ်

ဒေါက်တာ မျိုးထွန်းကျော်

အန္တရာယ်ကင်းသော အစားအသောက်ဖြစ်ပေါ်စေရေးအတွက် အဓိကဆောင်ရွက်ရမည့် အချက် ၅ ချက် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) အနေဖြင့် အစားအစာများကို ပြည်သူများစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းအောင် လိုက်နာဆောင်ရွက်ရမည့် အကြောင်းအရာများပါဝင်သည့် စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ခဲ့သည်။

အဆိုပါစကား ဝိုင်းဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာနီနီအေး၊ ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမျိုးထွန်းကျော်၊ နေပြည်တော် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အစားအသောက်ဌာန(ခွဲ) ပြည်တွင်းလုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းလဲ့ဖြူနှင့် မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာတင်မျိုးလွင်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

(ယမန်နေ့မှအဆက်)

အစီအစဉ်မှူး။ ။ အစားအသောက်နဲ့ ပတ်သက်လို့ အိမ်ရှင်မတွေအနေနဲ့ အသားစိမ်း၊ ငါးစိမ်းတွေ ဝယ်လာပြီဆိုရင် ရောနှောထားတာမျိုးတွေ ထားသင့်လား၊ မထားသင့်လားဆိုတာကိုလည်း ပြောပြပေးပါဦး။

ဒေါက်တာမျိုးထွန်းကျော်။ ။ အိမ်ရှင်မတွေအနေနဲ့အသားစိမ်း၊ ငါးစိမ်း၊ ဟင်းသီးဟင်းရွက်တွေ ဝယ်လာတဲ့အခါ၊ ချက်ပြုတ်ပြင်ဆင်တဲ့အခါ၊ သိုလှောင်သိမ်းဆည်းတဲ့အခါ၊ ချက်ပြီးသား အစားအစာတွေနဲ့ အတူတွဲပြီး မထားသင့်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အသားစိမ်း၊ ငါးစိမ်း၊ ဟင်းသီးဟင်းရွက်တွေမှာ ဓာတုပစ္စည်းအကြွင်းအကျန်တွေ၊ ရောဂါပိုးတွေ ပါဝင်နိုင်တဲ့အတွက် ဖြစ်ပါတယ်။ အဲဒါကို ချက်ပြုတ်ပြီး အစားအစာတွေနဲ့ အတူတွဲထားမယ်ဆိုရင် ရောဂါပိုးမွှားတွေက ချက်ပြီးသား အစားအစာထဲကို ပျံ့နှံ့ရောက်ရှိသွားနိုင်ပါတယ်။

အထူးသဖြင့်တော့ အသားစိမ်း၊ငါးစိမ်းတွေကို ချက်ပြုတ်ဖို့အတွက် ခုတ်ထစ် ပြင်ဆင်တဲ့ စဉ်းနှီးတုံး၊ ဓားတို့နဲ့ ဟင်းသီးဟင်းရွက်တွေကို လှီးဖြတ်မယ့် စဉ်းနှီးတုံး၊ ဓားတို့ကို သီးသန့်စီခွဲထားရမှာ ဖြစ်ပါတယ်။ တကယ်လို့ တချို့အိမ်ရှင်မတွေအနေနဲ့ စဉ်းနှီးတုံးတွေ၊ ဓားတွေကို သီးသန့်မထားနိုင်ဘူးဆိုရင် အသားစိမ်း၊ ငါးစိမ်း လှီးဖြတ်ပြီးတဲ့အခါမှာ စဉ်းနှီးတုံးတွေ၊ ဓားတွေကို ရေနဲ့ သေသေချာချာ ဆေးကြောပြီးမှသာ ဟင်းသီးဟင်းရွက်တွေကို လှီးဖြတ်တဲ့အခါမှာ ပြန်အသုံးပြုသင့်ပါတယ်။

နောက်တစ်ခုက ချက်ပြုတ်ပြင်ဆင်တဲ့အခါမှာသာမက ချက်ပြီးလို့ သိုလှောင်သိမ်းဆည်းမယ်ဆိုတဲ့အခါမှာလည်း အသားစိမ်း၊ ငါးစိမ်းနဲ့ ချက်ပြီးသား အစားအစာတွေကို အတူတကွ သိမ်းဆည်းလို့ မဖြစ်ပါဘူး။ ဒါဆိုရင် ရောဂါပိုးတွေ ကူးနိုင်ပါတယ်။ ပြီးတော့ အိမ်ရှင်မတွေ သတိမမူမိတဲ့ အချက်တစ်ချက်ရှိပါတယ်။ အဲဒါက ဈေးဝယ်တဲ့အခါမှာ ဈေးခြင်းတောင်းထဲမှာ အသားစိမ်း၊ ငါးစိမ်းနဲ့ အလွယ်တကူစားမယ့် အစားအစာတွေကို အတူတကွဝယ်ယူပြီး ခြင်းတစ်ခြင်းတည်းမှာပဲ သယ်လာတာတွေ ရှိတတ်ပါတယ်။ ဥပမာ - အသားငါးတွေနဲ့ ပြောင်းဖူးပြုတ်လိုဟာမျိုးပါ။ ပြောင်းဖူးပြုတ်လိုဟာမျိုးကို ဆွဲခြင်းတစ်ခြင်းတည်းမှာပဲ အတူတူထည့်ပြီး ဈေးထဲကနေ ဝယ်လာခဲ့မယ်ဆိုရင် အသားစိမ်း ငါးစိမ်းက ရောဂါပိုးတွေဟာ ပြောင်းဖူးပြုတ်ထဲကို ရောက်သွားရင် စားသုံးတဲ့သူတွေကို အန္တရာယ်ဖြစ်စေတတ်ပါတယ်။ ဒါကြောင့် ဈေးဝယ်တဲ့အခါ၊ ပြင်ဆင်တဲ့အခါ၊ ပြင်ဆင်ချက်ပြုတ်ပြီးလို့ သိမ်းဆည်းတဲ့အခါတွေမှာ အသားစိမ်း၊ ငါးစိမ်းတွေကို ချက်ပြီးသား အစားအစာတွေ အလွယ်တကူ အဆင်သင့်စားမယ့် အစားအစာတွေနဲ့ အတူ ရောနှောမထားသင့်ပါဘူးလို့ အကြံပြုချင်ပါတယ်။

အစီအစဉ်မှူး။ ။ နောက်ထပ် အိမ်ရှင်မတွေအနေနဲ့ အသားစိမ်း၊ ငါးစိမ်းတွေ၊ ဟင်းသီးဟင်းရွက်တွေကို ချက်ပြုတ်တဲ့အခါမှာရော ဘယ်လိုမျိုး ဆောင်ရွက်သင့်သလဲဆိုတာကို ရှင်းပြပေးပါဦး။

ဒေါက်တာဝင်းလဲ့ဖြူ။ ။ တကယ်တမ်းတော့ ကျက်အောင်ချက်တာက အကောင်းဆုံးပါပဲ။ မကျက်တကျက်က လုံး၀ကို မစားသင့်ပါဘူး။ ဟင်းသီးဟင်းရွက်တွေ၊ အသားငါးတွေဆိုရင် ၇၀ ဒီဂရီ ဆဲလ်စီးရပ်လောက် အထိကျက်အောင် ချက်ပြုတ်သင့်ပါတယ်။ ဟင်းတွေပြန်နွှေးရင်လည်း ၇၀ ဒီဂရီဆဲလ်စီးရပ်လောက်အထိရောက်အောင် အပူချိန်ပေးပြီး ပြန်နွှေးတာက အကောင်းဆုံးပါပဲ။ တချို့က မိုက်ခရိုဝေ့နဲ့ နွှေးတယ်။ နွှေးတယ်ဆိုရင်လည်း အပူချိန်ကို လုံလောက်အောင်ပေးနိုင်မှ ပိုးမွှားတွေ သေမှာ ဖြစ်ပါတယ်။ မဟုတ်ရင် ပိုးမွှားတွေက အသက်ဆက်ရှင်နိုင်ပါတယ်။ အဲဒါကြောင့် အသားငါးတွေပဲဖြစ်ဖြစ်၊ ဟင်းသီးဟင်းရွက်ပဲဖြစ်ဖြစ် ကျက်တဲ့အထိ ချက်ပြုတ်တာ အကောင်းဆုံးပါပဲ။ မကျက်တကျက်က လုံး၀မကောင်းပါဘူး။

> **"မသန့်ရှင်းတဲ့ အစားအသောက်တွေမှာ ပေါက်ဖွားတတ်တဲ့ ဗက်တီးရီးယားပိုးတွေကြောင့် ဖြစ်နိုင်တဲ့ရောဂါတွေက ၆၆ ရာခိုင်နှုန်း ရှိပါတယ်။ ကပ်ပါးပိုးတွေကြောင့်ဖြစ်တာ ၅ ရာခိုင်နှုန်းလောက်ရှိပြီး ဗိုင်းရပ်စ်ပိုးတွေကြောင့်ဖြစ်တာ ၅ ရာခိုင်နှုန်းလောက် ရှိပါတယ်။ အဲဒီထဲမှာပါတဲ့ ဓာတုပစ္စည်းတွေကြောင့် ၂၅ ရာခိုင်နှုန်းလောက် ဖြစ်နိုင်ပါတယ်။ မသန့်ရှင်းတဲ့နေရာမှာ အစားအစာတွေ ချက်ပြုတ်ပြင်ဆင်တဲ့အတွက်ကြောင့် ၁၂ ရာခိုင်နှုန်းလောက် ရှိပါတယ်"**

အကယ်၍ အပူချိန်ဘယ်လောက်ရှိလဲ သိချင်တယ်ဆိုရင် ဟင်းချက်ရင်သုံးတဲ့ သာမိုမီတာကိုသုံးပြီး ဘယ်လောက်အပူချိန်ဆိုတာကို ခန့်မှန်းလို့ ရပါတယ်။

ဟိုတယ်တွေမှာ စားဖိုမှူးတွေဆိုရင် သူတို့တွေက လက်မောင်းမှာ သာမိုမီတာတံလေးတွေကို ဆောင်ထားပြီးတော့ အပူချိန်ဘယ်လောက်ဆိုတာကို တစ်ခါတည်း ခန့်မှန်းတိုင်းတာပြီး ချက်ပြုတ်လေ့ရှိပါတယ်။ အဲဒါမျိုးဆိုရင် ပိုပြီးကောင်းပါတယ်။

အစီအစဉ်မှူး။ ။ အစားအသောက်တွေ ဘေးအန္တရာယ်ကင်းရှင်းရေးလို့ပြောလိုက်တဲ့အချိန်မှာ အစားအသောက်တွေအတွက် လုံလောက်တဲ့ အပူချိန်တွေ ထားရှိဖို့ လိုအပ်သလား၊ ဘယ်လိုလဲဆိုတာ ဗဟုသုတအနေနဲ့ မျှဝေပေးပါဦး။

ဒေါက်တာတင်မျိုးလွင်။ ။ အစားအသောက်မှာ တွယ်ကပ်တတ်တဲ့ ရောဂါပိုးမွှားတွေက အခန်းတွင်း အပူချိန်မှာဆိုရင် အင်မတန်ကို ပွားများနိုင်ပါတယ်။ အပူချိန် ၅ ဒီဂရီဆဲလ်စီးရပ်အောက်နဲ့ ၆၀ ဒီဂရီဆဲလ်စီးရပ်အထက်ဆိုရင် ပိုးမွှားတွေကို သေစေနိုင်ပါတယ်။ ဒါကြောင့်မို့ အကောင်းဆုံးက ချက်ချင်းချက်ပြီး ချက်ချင်းစားတာက အကောင်းဆုံးပါပဲ။ အခန်းအပူချိန်အတွင်းမှာဆိုရင် ချက်ပြီးသား အစားအသောက်တွေကို နှစ်နာရီထက်ပိုပြီး မထားသင့်ပါဘူး။ ပုပ်သိုးလွယ်တဲ့ အစားအသောက်တွေဆိုရင်လည်း အခန်းအပူချိန်မှာ မထားဘဲနဲ့ ချက်ချင်း ရေခဲသေတ္တာထဲမှာ ၅ ဒီဂရီဆဲလ်စီးရပ်အောက်မှာ ချက်ချင်းထားရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာလည်း ရေခဲသေတ္တာထဲမှာ ထားမယ်ဆိုပေမယ့် သုံးရက်ထက်ပိုပြီး မထားသင့်တဲ့အပြင် ထပ်ကာထပ်ကာ ပြန်နွှေးလိုက်၊ ပြန်စားလိုက်လည်း မလုပ်သင့်ပါဘူး။ နောက်တစ်ခုက ရေခဲသေတ္တာထဲမှာ ထည့်ထားတဲ့ ခဲနေတဲ့ အစားအသောက်တွေဆိုရင်လည်း အခန်းအပူချိန်မှာ အရည်ပျော်အောင်လုပ်ခြင်းက အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ ဖြစ်နိုင်ရင် မိုက်ခရိုဝေ့ထဲမှာ တစ်ခါတည်းထည့်ပြီး စားလို့ရပါတယ်။ ဒါမှမဟုတ်ရင် ချက်ချင်းပြန်ပြီး လုံလောက်တဲ့ အပူချိန်ထားပြီး စားလို့ရပါတယ်။ အကောင်းဆုံးက ချက်ချင်းချက်ပြီး ချက်ချင်းစားတာက အကောင်းဆုံးပါပဲ။

အစီအစဉ်မှူး။ ။ အစားအသောက်တွေ ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ ပတ်သက်ပြီး သန့်ရှင်းတဲ့ သောက်သုံးရေနဲ့ အစားအစာတွေရရှိရေးဆိုတဲ့ အကြောင်းအရာအပေါ်မှာ ပြည်သူတွေအနေနဲ့ ဘယ်လိုမျိုး လိုက်နာသင့်လဲဆိုတာကို ရှင်းပြပေးစေလိုပါတယ်။

ဒေါက်တာမျိုးထွန်းကျော်။ ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ရဲ့ 5 Keys Principle မှာ နောက်ဆုံးအချက်ဖြစ်တဲ့ သန့်ရှင်းသောရေနဲ့ လတ်ဆတ်တဲ့ ကုန်ကြမ်းပစ္စည်း၊ အစားအစာတွေကို အသုံးပြုရမယ်ဆိုတာကလည်း အရေးကြီးပြီး မပါမဖြစ် အချက်တစ်ချက် ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အစားအသောက်တွေ ချက်ပြုတ်ရာမှာ သုံးတဲ့ရေမသန့်ရင် အဲဒီကနေ ရောဂါပိုးတွေ ကူးနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ သန့်ရှင်းသောရေ ဒါမှမဟုတ်ရင် ပိုးသေအောင် ကျိုချက်ထားတဲ့ရေကိုပဲ ချက်ပြုတ်တဲ့နေရာမှာ အသုံးပြုသင့်ပါတယ်။ အဲဒီလိုပဲ အသားတွေငါးတွေ၊ ဟင်းသီးဟင်းရွက်တွေဆိုရင်လည်း သူ့မှာဓာတုပစ္စည်း အကြွင်းအကျန်တွေ၊ ရောဂါပိုးမွှားတွေ ရှိနိုင်တဲ့အတွက် သူ့ကိုလည်း သန့်ရှင်းလတ်ဆတ်တဲ့ ကုန်ကြမ်းပစ္စည်းတွေကိုပဲ အသုံးပြုသင့်ပါတယ်။

တချို့ ဟင်းသီးဟင်းရွက်တွေ၊ အသားတွေ ငါးတွေမှာဆိုရင် Expire Date တွေ ပါတာ ရှိတယ်။ Supermarket တွေမှာ ရောင်းတဲ့အခါကျရင် Expire Date တွေ ကျော်လွန်တာတွေ၊ ရက်လွန်အစားအစာတွေ၊ ကုန်ကြမ်းပစ္စည်းတွေကို မသုံးသင့်ပါဘူး။ လတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်တွေကိုပဲ သုံးသင့်ပါတယ်။ နောက်တစ်ခုက အစိမ်းစားမယ့် အတို့အမြှုပ်လို ဟင်းသီးဟင်းရွက်တွေကို ရေနဲ့ သေသေချာချာဆေးကြောသန့်စင်ပြီးမှ စားသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဟင်းသီးဟင်းရွက်တွေ၊ အတို့အမြှုပ်တွေမှာ ရောဂါပိုးတွေ ပါဝင်နိုင်တဲ့အတွက် ရေနဲ့ သန့်စင်အောင် ဆေးကြောပြီးမှ အတို့အမြှုပ်တွေကို စားသင့်ပါတယ်။ အဲဒီလိုပဲ တချို့ဟင်းသီးဟင်းရွက်တွေမှာ ဓာတုပစ္စည်း အကြွင်းအကျန်တွေ၊ ပိုးသတ်ဆေးအကြွင်းအကျန်တွေ ကျန်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဖြစ်နိုင်မယ်ဆိုရင် ဆားရည်မှာ အနည်းဆုံးမိနစ် ၂၀ စိမ်ပြီးတော့မှ စားမယ်ဆိုရင် ပိုးသတ်ဆေးအကြွင်းအကျန်တွေကို ဖယ်ရှားပြီးဖြစ်ပါလိမ့်တယ်။ နောက်တစ်ချက်က အသီးတွေ စားမယ်ဆိုရင် အခွံကို သေချာခွာပြီးတော့မှ စားတာ အကောင်းဆုံးပါပဲ။

နောက်ဆုံးအနေနဲ့ အမှည့်လွန်အသီးတွေ လုံး၀ မစားသင့်ပါဘူး။ တကယ်လို့ အမှည့်လွန်အသီးတွေ စားမယ်ဆိုရင် ဒီအသီးတွေမှာပါတဲ့ ရောဂါပိုးတွေကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါတွေ၊ ကူးစက်ရောဂါတွေ ဖြစ်ပွားနိုင်ပါတယ်။ သန့်ရှင်းသော ရေ၊ လတ်ဆတ်သော ကုန်ကြမ်းပစ္စည်းကလည်း အရေးကြီးတဲ့အတွက် အိမ်ရှင်မတွေ သတိပြုသင့်တဲ့ အချက်တစ်ချက် ဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။ အစားအသောက်တွေကလူတွေအတွက် တကယ့်ကို အရေးကြီးတယ်ဆိုတော့ အစားအသောက်တွေကတစ်ဆင့် ကူးစက်နိုင်တဲ့ ရောဂါပိုးတွေရှိရင်လည်း မျှဝေပေးပါဦး။

ဒေါက်တာဝင်းလဲ့ဖြူ။ ။ မသန့်ရှင်းတဲ့ အစားအသောက်တွေမှာ ပေါက်ဖွားတတ်တဲ့ ဗက်တီးရီးယားပိုးတွေကြောင့် ဖြစ်နိုင်တဲ့ရောဂါတွေက ၆၆ ရာခိုင်နှုန်း ရှိပါတယ်။ ကပ်ပါးပိုးတွေကြောင့် ဖြစ်တာ ၅ ရာခိုင်နှုန်းလောက်ရှိပြီး ဗိုင်းရပ်စ်ပိုးတွေကြောင့်ဖြစ်တာ ၅ ရာခိုင်နှုန်းလောက်ရှိပါတယ်။ အဲဒီထဲမှာပါတဲ့ ဓာတုပစ္စည်းတွေကြောင့် ၂၅ ရာခိုင်နှုန်းလောက် ဖြစ်နိုင်ပါတယ်။ မသန့်ရှင်းတဲ့နေရာမှာ အစားအစာတွေ ချက်ပြုတ်ပြင်ဆင်တဲ့အတွက်ကြောင့် ၁၂ ရာခိုင်နှုန်းလောက် ရှိပါတယ်။ ကောင်းမွန်တဲ့ သိုလှောင်မှုနေရာမှာ မထားတဲ့အတွက် ဖြစ်ပွားနိုင်တဲ့ ရောဂါ ၆၃ ရာခိုင်နှုန်းလောက်များပါတယ်။

နောက်တစ်ခုက အစားအသောက်ပြင်ဆင်ချက်ပြုတ်သူတွေက သန့်ရှင်းမှု မရှိလို့ ကူးစက်ရောဂါဖြစ်ပွားမှုနှုန်းက ၂၃ ရာခိုင်နှုန်းလောက်ရှိပါတယ်။ ကျက်အောင် မချက်ပြုတ်ရာကနေ ကူးစက်နိုင်တဲ့ရောဂါတွေကလည်း ၂၈ ရာခိုင်နှုန်းလောက်ရှိတယ် ဆိုတာတွေ့ရပါတယ်။

အစီအစဉ်မှူး။ ။ ဒီလိုမျိုး အန္တရာယ်ဖြစ်စေတဲ့ အစားအသောက်တွေကို စားလိုက်ရင် ရောဂါတွေ ဖြစ်ပွားနိုင်တယ်ဆိုတော့ ဒီရောဂါပိုးမွှားတွေကနေ ဘယ်လိုရောဂါမျိုးတွေ ပြည်သူတွေမှာ ဖြစ်နိုင်သလဲဆိုတာကို ပြောပြပေးစေလိုပါတယ်။

ဒေါက်တာတင်မျိုးလွင်။ ။ Food poisoning လို့ခေါ်တဲ့ အစာအဆိပ်သင့်တာမျိုးတွေ၊ ဝမ်းပျက် ဝမ်းလျှော၊ ပျို့တာ၊ အန်တာမျိုးတွေ ဖြစ်တတ်ပါတယ်။ ဝမ်းကိုက်တာ၊ ကာလဝမ်းရောဂါမျိုးတွေ၊ သန်ပြားကောင်၊ တုတ်ပြားကောင်နဲ့ ကပ်ပါးရောဂါမျိုးတွေလည်း ဖြစ်နိုင်သလို အလွန်ဆိုးရွားတဲ့ ပိုလီယိုအကြောသေရောဂါတွေလည်း ဖြစ်ပွားနိုင်ပါတယ်။ ဒါ့အပြင် အသည်းရောင် အသားဝါ အေနဲ့အီးကလည်း ဒီအစားအသောက်ကနေလည်း ကူးစက်နိုင်ပါတယ်။

အစီအစဉ်မှူး။ ။ ဒီနေ့မှာဆိုရင် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေး အချက် (၅)ချက်ကိုလည်း မျှဝေသွားပြီဆိုတော့ ပရိသတ်တွေအတွက်လည်း တော်တော်လေးကို ဗဟုသုတ ဖြစ်စေပါတယ်။ ထပ်မံပြီးတော့ အချက်(၅)ချက်ကို ဘယ်သူတွေက လိုက်နာသင့်သလဲ၊ ဘယ်လိုရှောင်ကြဉ်သင့်သလဲဆိုတဲ့ သတင်းစကားလေးလည်း မျှဝေပေးစေလိုပါတယ်။

ဒေါက်တာနီနီအေး။ ။ ပြောရမယ်ဆိုရင် တာဝန်ယူမှု၊ တာဝန်ခံမှုလို့ ပြောချင်ပါတယ်။ အစားအသောက်ကို ချက်ပြုတ်ပြင်ဆင်တဲ့သူတိုင်း၊ အစားအသောက်ကို ချက်ပြုတ်ပြင်ဆင်ပြီး ရောင်းချတဲ့သူတိုင်း ကိုယ်ရောင်းချတဲ့ ကိုယ်ပြင်ဆင်တဲ့ အစားအသောက်ကို တာဝန်ယူ၊ တာဝန်ခံရမှာပါ။ ဒါနဲ့ပတ်သက်ပြီးတော့လည်း ကျွန်မတို့ အဖွဲ့အစည်းအသီးသီးကနေပြီး ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ ဒီအစားအသောက် ချက်ပြုတ်ပြင်ဆင်တဲ့သူတွေကို သင်တန်းပေးခြင်း ပြုလုပ်ပေးရပါမယ်။ စားသုံးတဲ့သူတွေကိုလည်း သူတို့ရဲ့အသိပညာ မြင့်တက်ဖို့အတွက် ပညာပေးရပါမယ်။ သူတို့ကို ဒီလိုဆောင်ရွက်တဲ့နေရာမှာ အဖွဲ့အစည်းအသီးသီးဖြစ်တဲ့ စည်ပင်သာယာရေးဌာန၊ FDA ဌာနတို့ အားလုံးပူးပေါင်းပြီး ဒါကိုလိုက်နာမှု ရှိ မရှိ စောင့်ကြည့်ရပါမယ်။ စောင့်ကြည့်ပြီး အရေးယူဆောင်ရွက်မှုတွေကိုလည်း အာဏာပိုင် အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သို့မှသာ လူတိုင်းလူတိုင်းဟာ ဘေးကင်းကျန်းမာ အသက်ရှည်ပြီးတော့ သက်တမ်းစေ့ အသက်ရှည်နေနိုင်မှာဖြစ်ပါတယ်။ ။

သတင်းအဖွဲ့

မြောင်းမြမြို့၌ ရေကြီးနစ်မြုပ်ခဲ့သော ရပ်ကွက်တွင် ရေပြန်လည်ကျဆင်းပြီဖြစ်၍ ရပ်ကွက်ပြည်သူများ နေရပ်ပြန်၊ ကယ်ဆယ်ရေးစခန်းများ ပိတ်သိမ်း

မြောင်းမြ ဩဂုတ် ၁၁

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ခဲ့သော မြောင်းမြမြို့ ကံ့ကော်မြိုင်ရပ်ကွက်နေ ပြည်သူများ ယခုအခါ ရေပြန်ကျသွားပြီဖြစ်၍ ရေဘေးကယ်ဆယ်ရေးစခန်းများမှ မိမိအိမ်များသို့ အသီးသီးပြန်နေကြပြီဖြစ်ကြောင်း သိရသည်။

"အခုမိုးလည်း နည်းနည်းပြတ်သွားတယ်ဆိုတော့ ရေတွေလည်း ပြန်ကျသွားပြီ။ အိမ်တွေကိုလည်း ပြန်နေကြပါပြီ။ ဒီကနေ့ညနေမှာ စခန်းသုံးခုလုံး ပိတ်သိမ်းမှာ ဖြစ်ပါတယ်" ဟု ကံ့ကော်မြိုင်ရပ်ကွက် သရက်ကုန်းဘုန်းကြီးကျောင်း ရေဘေးကယ်ဆယ်ရေးစခန်း တာဝန်ခံက ပြောသည်။

ဩဂုတ် ၄ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရပ်ကွက်နေပြည်သူများမှာ ရေလွတ်ရာ ဘုန်းကြီးကျောင်းများတွင် သွားရောက်ခိုလှုံခဲ့ကြရာ ကံ့ကော်မြိုင်ဘုန်းကြီးကျောင်းတွင် အိမ်ထောင်စု ၁၂၇ စု၊ လူဦးရေ ၆၀၉ ဦး၊ သရက်ကုန်းဘုန်းကြီးကျောင်းတွင် အိမ်ထောင်စု ၆၂ စု၊ လူဦးရေ ၂၃၄ ဦး၊ ပညာဗေယျဘုန်းကြီးကျောင်းတွင် အိမ်ထောင်စု ၂၀၊ လူဦးရေ ၉၉ ဦးတို့ လာရောက်ခိုလှုံခဲ့ကြသည်။

အဆိုပါ ရေဘေးသင့်ရပ်ကွက်ပြည်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုကော်မတီဝင်များက ကျန်းမာရေးစောင့်ရှောက်မှုနှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကာ စေတနာရှင် အလှူရှင်များကလည်း အစားအသောက်၊ အဝတ်အထည်နှင့် ဆေးဝါးများ ကူညီလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အောင်မင်း(မြောင်းမြ)

တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပေါ်၊ ကျောင်းများပိတ်ထားရ

ဝေါ

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက် ၅ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရှစ်အုပ်စု၌ စာသင်ကျောင်းပေါင်း ၁၉ ကျောင်းနှင့် လူနေအိမ် ၄၁၅ လုံး၊ အိမ်ထောင်စုပေါင်း ၄၁၅ စုမှာ ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ပြီး အမျိုးသား ၉၃၁ ဦး၊ အမျိုးသမီး ၁၀၁၀ ဦး၊ စုစုပေါင်း ၁၉၄၁ ဦး၊ စိုက်ပျိုးပြီး စပါးစိုက်ခင်းများနှင့် ကျေးရွာလူနေအိမ်များ ရေဝင်နစ်မြုပ်လျက်ရှိပြီး ရေဘေးဒဏ်ခံစားခဲ့ရသည့် ပြည်သူများမှာ နီးစပ်ရာ ဘုန်းတော်ကြီးကျောင်းနှင့် ဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့နေထိုင်ကြကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်နှင့် ဝေါမြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီအဖွဲ့၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ရေဘေးကူညီရေးလုပ်ငန်းများ ပြုလုပ်ရန်အတွက် ဩဂုတ် ၁၁ရက် နံနက် ၉ နာရီက ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်နှင့် တာဝန်ရှိသူများသည် ပုကိုင်တာ၊ နဂါးပေါက်ရေထိန်းတံခါးနှင့် ရှမ်းကိုင်းရေထိန်းတံခါးများသို့ ကြံ့ခိုင်မှုအခြေအနေ ကွင်းဆင်းလေ့လာစစ်ဆေးကြောင်း သိရသည်။

အောင်မြတ်လင်း (ပြန်/ဆက်)

ချောင်းဆုံ

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကလော့ကျေးရွာအုပ်စု အပြိုင်ကျေးရွာတွင် ယမန်နေ့က မုတော်ဘုန်းကြီးကျောင်းဧရိယာ ပတ်ဝန်းကျင်ရှိ မြေပြိုမှုကြောင့် မုတော်ဘုန်းကြီးကျောင်း ဆွမ်းစားဆောင်တစ်ဆောင်၊ လူနေအိမ်လေးလုံး ပျက်စီးခဲ့ပြီး ယနေ့နံနက် ၂ နာရီခန့်က မြေပြိုမှုဆက်လက်ဖြစ်ရာ လူနေအိမ်လေးလုံး ထပ်မံပြိုကျခဲ့၍ စုစုပေါင်း လူနေအိမ် ရှစ်လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူ နှီးမုတ်ကျေးရွာတွင် တောင်ကျရေနှင့်မြေစာများ မျောပါလာခြင်းကြောင့် ကားလမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းပေးလျက်ရှိကြောင်းနှင့် မြေပြိုကျမှုများ ထပ်မံဖြစ်ပွားနိုင်သည့် အန္တရာယ်ရှိနေရာများမှ လူနှင့်ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို တာဝန်ရှိသူများက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကြာအင်းဆိပ်ကြီး

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ဩဂုတ် ၁ ရက်မှစတင်ကာ မိုးသည်းထန်စွာအဆက်မပြတ် ရွာသွန်းမှုကြောင့် ဇမိမြစ်ရေ ၁၀၆၇ စင်တီမီတာအထိ ရောက်ရှိပြီး ရေကြီးရေလျှံမှုဖြစ်ကာ စာသင်ကျောင်းများ ထပ်မံယာယီပိတ်ထားရသည်။

အဆိုပါ ယာယီပိတ်ထားသော စာသင်ကျောင်းများ ရေကြီးနစ်မြုပ်မှုမရှိသော်လည်း ကျောင်းသား ကျောင်းသူများ သွားလာရေးအန္တရာယ်ရှိခြင်းနှင့် ရေဘေးရှောင်စခန်းများ ဖွင့်လှစ်ထားရှိမှုကြောင့် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ခနိုး၊ နတ်ချောင်းအလယ်၊ တံခွန်တိုင်၊ သံပုရာ၊ ရွှေတောင်ဘို၊ ဆိပ်ကလေး၊ တောင်ဒီး၊ ခလယ်၊ ဝင်းရော်ဆိပ်ကြီး၊ ကြာအင်းရွှေဒိုး၊ ကွန်ကသောင် ကျေးရွာအုပ်စုများမှ မူလတန်း၊ အလယ်တန်း၊ အ-ထ-က(ခွဲ)၊ အထက်တန်းကျောင်းများနှင့် မြို့ပေါ်မှ အ-မ-က(၁-၃-၄-၆-၇)ကျောင်း စုစုပေါင်း စာသင်ကျောင်း ၄၁ ကျောင်း ယာယီပိတ်ထားရကြောင်း သိရသည်။

မျိုးမင်းဦး(ပြန်/ဆက်)

ရေဖြူမြို့နယ်ရှိ စာသင်ကျောင်းတစ်ကျောင်းအတွင်း ရေဝင်ရောက်နေမှုကို တွေ့ရစဉ်။

ရေဖြူ

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့နယ်အတွင်းရှိ ရေဝင်လျက်ရှိသည့် အခြေခံပညာစာသင်ကျောင်း ၂၇ ကျောင်းကို ယမန်နေ့မှစ၍ ယာယီပိတ်ထားကြောင်း သိရသည်။

ရေကြီးမှုကြောင့် သွားလာရခက်ခဲသော အ.မ.က-ကျောင်း ၁၁ ကျောင်း၊ မူလွန်နှစ်ကျောင်း၊ အ.လ.က ရှစ်ကျောင်း၊ အ.ထ.က.ခြောက်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၂၇ ကျောင်းကို ယာယီပိတ်ထားကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားမှု နှောင့်နှေးမှုမရှိစေရန် ပိတ်ရက်များကို အစားထိုးသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ကရသူရိ

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့ ကြိမ်မဲတောင်ကျေးရွာ၌ ယနေ့ နံနက် ၂ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် တောင်ပြိုကျကာ ကမ်းသာယာလမ်းပေါ်တွင် မြေသားနှင့်သစ်ကိုင်း၊ သစ်ပင်များ ပိတ်ဆို့မှုအနည်းငယ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လမ်းပိတ်ဆို့မှုကြောင့် ရွာသူရွာသားများ သွားလာရေး အခက်အခဲမရှိစေရန်အတွက် ဟန်ကပြုကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်စာရေးတို့က ကြီးကြပ်၍ ရပ်မိ ရပ်ဖများ၊ အရန်မီးသတ်တပ်ဖွဲ့များက ပိတ်ဆို့မြေများနှင့် သစ်ကိုင်းသစ်ခက်များကို ဝိုင်းဝန်းရှင်းလင်းခဲ့သည်။

စိုးဝင်း(ပြန်/ဆက်)

ခမောက်ကြီး

ကော့သောင်းခရိုင် ခမောက်ကြီးမြို့ လုံးဖောကျေးရွာသည် ပါချန်မြစ်ကမ်းနံဘေးတွင် တည်ရှိပြီး ယနေ့နံနက် ၄ နာရီမှစတင်၍ ရေတက်လာရာ နံနက် ၉ နာရီအထိ အနိမ့်ပိုင်းနေအိမ်များ သုံးပေခန့် ရေကြီးရေလျှံနေကြောင်း သိရသည်။

လုံးဖောကျေးရွာအနိမ့်ပိုင်း၌ရှိသည့် အိမ်ခြေ ၄၁ အိမ်နေထိုင်သောနေရာတွင် ပင်လယ်ရေတက်လာချိန်နှင့် တောင်ကျချောင်းရေစီးဆင်းလာမှုကြောင့် အိမ်ခြေ ၂၀ ခန့် အောက်ပိုင်းသို့ ရေသုံးပေခန့်ဝင်ပြီး တစ်ထပ်အိမ်များကို နီးစပ်ရာကုန်းမြင့်အိမ်များသို့ ပြောင်းရွှေ့နေထိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ခမောက်ကြီး (ပြန်/ဆက်)

ကျိုက်မရော

မော်လမြိုင် ကျိုက်မရောမြို့နယ်တွင် အတ္တရံမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်ပြီး ယနေ့နံနက်ပိုင်းမှစ၍ အိမ်ခြေ ၇၀၀၀ ကျော် ရေနစ်မြုပ်လျက်ရှိရာ အခြေခံပညာကျောင်းပေါင်း ၅၂ ကျောင်းတို့ကို ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။

ရေဘေးရှောင်စခန်းလေးခုတွင် ရေဘေးရှောင်ပြည်သူများ အလွန်များပြားလာ၍ နောက်ထပ် ယာယီကယ်ဆယ်ရေးစခန်းလေးခုကို ထပ်မံဖွင့်လှစ်လိုက်ရသဖြင့် စုစုပေါင်း ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းပေါင်း ရှစ်ခုရှိပြီ ဖြစ်သည်။ ယခုအခါ ကယ်ဆယ်ရေးစခန်းရှစ်ခု၌ အိမ်ခြေ ၃၆၄ စုမှ လူဦးရေ ၁၄၅၂ ဦးတို့ လာရောက်ရေဘေးရှောင်လျက်ရှိကြောင်း မြို့နယ်ရေဘေးကယ်ဆယ်ရေးကွပ်ကဲရေးရုံး တာဝန်ရှိသူထံမှ သိရသည်။

ချိုမြတ်မြတ်ထွေး (ကျိုက်မရော)

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့တွင် ဩဂုတ် ၁၁ ရက်က မိုးအဆက်မပြတ်ရွာသွန်းသဖြင့် မြို့အနိမ့်ပိုင်းရပ်ကွက်များရှိ နေအိမ်အချို့ ရေဝင်မှုကြောင့် ဒေသခံပြည်သူများအား နယ်မြေခံတပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရေလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးစဉ်။ ကလိန်အောင်(ပြန်/ဆက်)

SMM 3rd Asian အမျိုးသား ယူ-၂၃ ဘော်လီဘောပြိုင်ပွဲတွင် တရုတ်(တိုင်ပေ)အသင်း ဗိုလ်စွဲ

နေပြည်တော် ဩဂုတ် ၁၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်သည့် SMM 3rd Asian "Asia World Foundation"Men's U-23 Volleyball Championship ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ညနေ ၆ နာရီခွဲက ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B)၌ ကျင်းပရာ တရုတ်(တိုင်ပေ)အသင်းက အနိုင်ရဗိုလ်စွဲသွားသည်။

ယနေ့နံနက်တွင် အဆင့်(၇-၈) ပွဲစဉ်အဖြစ် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ သီရိလင်္ကာအသင်းနှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဩစတြေးလျအသင်းက (၂၄-၂၆)မှတ်၊ (၁၆-၂၅)မှတ်၊ (၁၅-၂၅)မှတ်ဖြင့် သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အဆင့်(၅-၆)ပွဲစဉ်အဖြစ် မွန်းလွဲ ၁ နာရီခွဲတွင် တရုတ်အသင်းနှင့် ကာဇက်စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တရုတ်အသင်းက (၂၂-၂၅)မှတ်၊ (၂၅-၁၄)မှတ်၊ (၂၅-၁၇)မှတ်၊ (၂၂-၂၅)မှတ်၊ (၁၁-၁၅) မှတ်ဖြင့် လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်အဖြစ် ညနေ ၄ နာရီတွင် ဂျပန်အသင်းနှင့် ပါကစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျပန်အသင်းက (၂၅-၁၈)မှတ်၊ (၂၅-၂၃)မှတ်၊ (၂၅-၁၈) မှတ်ဖြင့် လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ညနေ ၆ နာရီခွဲတွင် တရုတ်(တိုင်ပေ)အသင်းနှင့် အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တရုတ်(တိုင်ပေ) အသင်းက (၂၅-၂၁)မှတ်၊ (၂၅-၂၀)မှတ်၊ (၁၉-၂၅)မှတ်၊ (၂၅-၂၃)မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။

ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ပထမဆုရ ဘော်လီဘောအသင်းနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံးဆုရ အားကစားသမားများနှင့် ဆုရအသင်းများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ အတွင်းရေးမှူး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ အဖွဲ့ဝင်များဖြစ်ကြသော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အာရှဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မောင်တောခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများကျင်းပ

မောင်တော ဩဂုတ် ၁၁

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲနှင့် အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲများကို ဩဂုတ် ၇ ရက် မှ ၂၃ ရက်အထိ မြို့မဘောလုံးအားကစားကွင်း၌ ကျင်းပလျက်ရှိသည်။

အဆိုပါ အားကစားပြိုင်ပွဲများကို မူးယစ်ဆေးဝါးကင်းစင်၍ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်သော လူငယ်မောင်မယ်များ ဖြစ်ပေါ်လာစေရန်၊ ကျန်းမာကြံ့ခိုင်၍ ပညာတော်သော လူသားအရင်းအမြစ်များဖြစ်ပေါ်လာစေရန်နှင့် မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့် နိုင်ငံဂုဏ်ဆောင်နိုင်မည့် ထူးချွန်ထက်မြက်သည့် ကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်ထံမှ သိရသည်။

ဖွင့်ပွဲအခမ်းအနားအဖြစ် အမျိုးသားဘောလုံးပြိုင်ပွဲတွင် အထက(တောင်ပြို) နှင့် အထကခွဲ(၃) (ဘူးသီးတောင်) အသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။ ဘောလုံးပွဲကို ဩဂုတ် ၇ မှ ၂၃ ရက်အထိနှင့် ထုပ်ဆီးတိုးပြိုင်ပွဲကို ဩဂုတ် ၈ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်း ၂၈ သင်း ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

မုံရွာတက္ကသိုလ် ကာယဗလနှင့်ကာယအလှမယ်ပြိုင်ပွဲတွင် ချင်းနှင့်ရှမ်းတိုင်းရင်းသားရိုးရာအလှမယ်ပြိုင်ပွဲ ထည့်သွင်းကျင်းပမည်

မုံရွာ ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာတက္ကသိုလ်၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကျင်းပမည့် ကာယဗလနှင့်ကာယအလှမယ်ပြိုင်ပွဲတွင် ပထမအကြိမ်အဖြစ် ချင်းနှင့်ရှမ်းတိုင်းရင်းသားရိုးရာအလှမယ်ပြိုင်ပွဲကို ထည့်သွင်းကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း မုံရွာတက္ကသိုလ်မှ မော်ကွန်းထိန်း(ကျောင်းသားရေးရာ) ဒေါ်ခင်မြင့်ဝင်းထံမှ သိရသည်။

"ချင်းနဲ့ ရှမ်းတိုင်းရင်းသားရိုးရာအလှမယ်ပြိုင်ပွဲဝင် ကျောင်းသူများက တိုင်းရင်းသားစစ်စစ်ဖြစ်ရမယ်။ ယခုလက်ရှိအချိန်တွင် မုံရွာတက္ကသိုလ်မှာ ပညာသင်ကြားနေသူဖြစ်ရမယ်၊ ရိုးရာဝတ်စုံအပြည့်အစုံ ဝတ်ဆင်ပြသနိုင်ရမယ်။ အဲဒီအချက်တွေကို အဓိကထားပြီး ကျင်းပမှာ ဖြစ်တယ်"ဟု ၎င်းက ပြောသည်။

မုံရွာတက္ကသိုလ်၏၂၀၁၈-၂၀၁၉ ပညာသင်နှစ် ကာယဗလနှင့်ကာယအလှမယ်ပြိုင်ပွဲနှင့် ချင်းနှင့်ရှမ်း တိုင်းရင်းသားရိုးရာအလှမယ်ပြိုင်ပွဲကို ဩဂုတ်၂၃ ရက် နံနက် ၁၀ နာရီတွင် မုံရွာတက္ကသိုလ်ဝင်းအတွင်းရှိ ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၌ ကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

"လွမ်းဒဏ္ဍာရီ" ရုပ်ရှင်ဇာတ်ကား အထူးပွဲ ပြသ

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံတွင် "လွမ်းဒဏ္ဍာရီ" ရုပ်ရှင်ဇာတ်ကား အထူးပွဲ ပြသခဲ့သည်။ ယင်းရုပ်ရှင် ဇာတ်ကားကို ဇာတ်ညွှန်းနှင့် ဒါရိုက်တာရွှေပြည်ကတုံးက ပုံဖော်ရိုက်ကူးခဲ့ပြီး သရုပ်ဆောင်များဖြစ်သည့် အကယ်ဒမီရဲအောင်၊ အားသစ်(စရိုက်နှစ်မျိုး)၊ အကယ်ဒမီ ထွန်းအိန္ဒြာဗို၊ အိချောပို၊ ဟန်တီတို့က အဓိကပါဝင်သရုပ်ဆောင်ထားကြပြီး ဇာတ်ပို့ဇာတ်ရံများဖြင့် ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားထဲမှာ ဟန်တီက ကောင်လေးတစ်ယောက်ကိုတစ်ဖက်သတ်ချစ်ရတဲ့ ကောင်မလေး၊ သနားစရာကောင်းတဲ့ကောင်မလေးအနေနဲ့ သရုပ်ဆောင်ထားပါတယ်။ အများကြီးလည်း ကြိုးစားခဲ့ပါတယ်။ တစ်ဖက်သတ်ချစ်ရတဲ့ ကောင်မလေးအဖြစ် သရုပ်ဆောင်ရတော့ ငိုရတဲ့အခန်းတွေ အများကြီးပါတယ်။ အမှတ်တရအနေနဲ့ကတော့ ပထမဆုံး ရုပ်ရှင်ကားဖြစ်တဲ့ အတွက်ကြောင့် ကင်မရာကို ရှိန်တာတို့၊ ငိုလို့ပြောလိုက်ရင် ဘယ်လိုငိုရမှန်းမသိတာတို့ ရှိခဲ့ပါတယ်။ တက္ကသိုလ်ကျောင်းသူဘဝမှာ ကိုယ်ချစ်ရတဲ့သူကို ဘယ်လောက်သံယောဇဉ်ရှိတယ်ဆိုတာ ရိုက်ကူးထားတဲ့အတွက် လာရောက်အားပေးကြည့်ရှုပေးကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု သရုပ်ဆောင်ဟန်တီက ပြောသည်။

အဆိုပါဇာတ်ကားသည် တက္ကသိုလ်ကျောင်းသား ကျောင်းသူများဘဝကို အခြေခံထားပြီး ၁၅၀၀ မေတ္တာဘွဲ့ကို အချစ်၊အလွမ်းရသစုံစွာဖြင့် ရိုက်ကူးထားကြောင်းသိရသည်။ အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၁၉ ရက်တွင် ရုံတင်ပြသမည်ဖြစ်သည်။

သတင်းစဉ်

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

အာဆင်နယ်တို့အဝေးကွင်း၌ နယူးကာဆယ်ကိုအနိုင်ယူ

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ် (၁)မှ ဩဂုတ် ၁၁ ရက် တနင်္ဂနွေညတွင် ယှဉ်ပြိုင်ကစားခဲ့သည့် နယူးကာဆယ်နှင့် အာဆင်နယ်ပွဲတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အာဆင်နယ် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် နယူးကာဆယ်သည် ၃-၅ -၁- ၁ ပုံစံဖြင့် ဂျိုတန်လ်ကို အထောင်ထားပွဲထွက်ခဲ့ပြီး ဧည့်သည် အာဆင်နယ်အသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် အူဘာမီယန်ကို အထောင် တိုက်စစ်ထားကာ ပွဲထွက်လာသည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်းပွဲချိန် ၅၈ မိနစ်တွင် အာဆင်နယ်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို တိုက်စစ်မှူး အူဘာမီယန်က သွင်းယူပေးခဲ့သည်။

အာဆင်နယ်အသင်းသည်ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး နယူးကာဆယ်အသင်းကလည်း တန်ပြန်တိုက်စစ်ဖြင့် ခြိမ်းခြောက်နိုင်ခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် နယူးကာဆယ်သည် ဂိုးကန်သွင်းခွင့် ကိုးကြိမ်ရရှိခဲ့ပြီး နှစ်ကြိမ်ခြိမ်းခြောက်နိုင်ခဲ့ကာ အာဆင်နယ်က ရှစ်ကြိမ် ကန်သွင်းခွင့်ရခဲ့ပြီး နှစ်ကြိမ်ခြိမ်းခြောက်နိုင်ခဲ့သည်။ အခြားပွဲစဉ်ဖြစ်သည့် လက်စတာနှင့် ဝုဖ်လ်ပွဲမှာ ဂိုးမရှိ သရေကျခဲ့သည်။

သီဟ

● *ကျော့ဖုံးမှ*

အားပိုထည့်ကစားခဲ့ပြီး ၅၃ မိနစ်တွင် တိုက်စစ်မှူး ဒွေးကိုကိုချစ်က သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဇွဲကပင်အသင်း ချေပဂိုးရရန် ကြိုးပမ်းလာရာ ရှမ်းယူနိုက်တက်အသင်း ခံစစ်ကိုအမှားအယွင်းမရှိ ထိန်းချုပ်ကစားခဲ့ပြီး အနိုင်သုံးမှတ် ရယူနိုင်ခဲ့သည်။

မုံရွာကွင်း၌ ကျင်းပသည့်ပွဲတွင် စစ်ကိုင်းအသင်းက ရခိုင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ စစ်ကိုင်းအသင်းအတွက် ဂိုးများကို တိုက်စစ်မှူး ဒိုနယ်က ၄၈၊ ၆၂ မိနစ်တွင် သွင်းယူပြီး ရခိုင်အတွက် ချေပဂိုးကို ၉၀+၄ မိနစ်တွင် အောင်သန့်ဇော်က သွင်းယူသည်။ ဒိုနယ်သည် ၈၁ မိနစ်တွင် ရရှိသည့် ပယ်နယ်တီကို ဝင်အောင် မသွင်းနိုင်၍ ဟက်ထရစ်ရမည့် အခွင့်အရေး လက်လွှတ်ခဲ့ရသည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် မကွေးအသင်းက Southern အသင်းကို ငါးဂိုးပြတ်အနိုင်ယူပြီး တန်းဆင်းဇုန်အန္တရာယ်မှ လွတ်ရန် သေချာသွားခဲ့သည်။ မကွေးအသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၂၀ တွင် သီဟ၊ ၃၉ မိနစ်တွင် နိုင်နိုင်ကျော်၊ ၅၅ မိနစ်တွင် ပြည်မိုး၊ ၈၆၊ ၉၀+၃ မိနစ်တွင် အောင်ဇော်မြင့်တို့က သွင်းယူခဲ့သည်။ပွဲစဉ် (၂၀) နောက်ဆုံးနေ့ကို ဩဂုတ် ၁၂ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး Chinland အသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ညီမြတ်သော်တာ

မှန်တာပြောသစ္စာ

နေမျိုးအေး

ကျောက်မဲမြို့၌ စိန်ကျောက်တောင် ဘုန်းတော်ကြီးကျောင်း ဝိုင်ယာကြိုးအပူလွန်ကဲရာမှ မီးလောင်

သီပေါ ဩဂုတ် ၁၁

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ အမှတ်(၃)ရပ်ကွက် စိန်ကျောက်တောင် နှစ်ထပ် ဘုန်းတော်ကြီးကျောင်းတိုက်တွင် ယနေ့နံနက် ၈ နာရီခန့်က လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်ရာသို့ ကျောက်မဲခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်မင်းဦးကြီးကြပ်ကွပ်ကဲသော သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်ခြောက်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၈ နာရီ မိနစ် ၂၀ တွင် မီးလုံးဝငြိမ်းသွားပြီး အခြားပတ်ဝန်းကျင်သို့ ကူးစက်ခြင်းမရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

မီးလောင်မှုဖြစ်သည့် ဘုန်းကြီးကျောင်းအဆောက်အအုံကို တွေ့ရစဉ်။

ချမ်းအေးသာစံမြို့နယ်၌ ရှို့မီးမှုတစ်ဆင့် နေအိမ်ငါးလုံးနှင့် ဆိုင်ကယ်သုံးစီး မီးလောင်

နေပြည်တော် ဩဂုတ် ၁၁

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက်နေ မခိုင်ဇာဇာထွန်း (ခ)ဆူးခက်(၂၉နှစ်)သည် ဩဂုတ် ၁၀ ရက် နံနက် ၁ နာရီ မိနစ် ၅၀ က အရက်သောက်စားမူးယစ်ပြီး ၎င်းနေအိမ် အိပ်ခန်းအတွင်းရှိ မွေ့ရာကို မီးရှို့ရာမှတစ်ဆင့် မီးလောင်ခဲ့ရာ နေအိမ်ငါးလုံးနှင့် ဆိုင်ကယ်သုံးစီး မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါ မီးလောင်မှုကို ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်သဖြင့်နံနက် ၂ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မခိုင်ဇာဇာထွန်း (ခ) ဆူးခက်အား အမှတ်(၃)နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ပန်းတောင်း၌ ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသစ်ပင်ဝင်တိုက် ၂၂ ဦး ဒဏ်ရာရရှိ

နေပြည်တော် ဩဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ရေနောက်ကျေးရွာ ပုသိမ်-မုံရွာကားလမ်း မိုင်တိုင် ၁၀၈ အနီး၌ ယမန်နေ့ နံနက် ၉ နာရီခွဲတွင် ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ သစ်ပင်ကို တိုက်မိကာ ၂၂ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ထုံးဘိုနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မုံရွာမြို့ဘက်မှ ပုသိမ်မြို့ဘက်သို့ မြန်အောင်မြို့(၃)ရပ်ကွက်နေ မြတ်သူရထွန်း(၂၅နှစ်) မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ဦးဝင်းကြည် (၅၈နှစ်) ပါ ၂၁ ဦးတို့ လိုက်ပါလာသော နှစ်ဆန်းလိုက်ထရပ်ယာဉ်သည် အခင်း ဖြစ်နေရာအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ရှိ သစ်ပင်ကိုဝင်တိုက်မိ၍ တိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် မြတ်သူရထွန်းပါ ၂၂ ဦးတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် မြတ်သူရထွန်းအား ထုံးဘိုနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

သစ်ပင်နည်းလာ၊ တို့ကမ္ဘာ
လွန်စွာပူအေး၊ ဥတုဘေး။

မြန်မာ့ရုပ်မြင်သံကြား

၁၂-၈-၂၀၁၉ (တနင်္လာနေ့)

နံနက်ပိုင်း
- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၄၀ - MRTV Travelogue
- ၉း၁၅ - BBC Click
- ၁၀း၃၅ - "အာဖရိကဝက်အပြင်းဖျား ရောဂါအကြောင်း သိကောင်းစရာ"
- ၁၄း၂၅ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအလွဲသုံးစား ပြုလုပ်ခြင်းအား ကြိုတင် ကာကွယ်နိုင်ရန်
- ၁၅း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "အေးအတူ ပူအမျှ" (အပိုင်း-၁၄)

ညပိုင်း
- ၁၆း၂၅ - သတ်မှတ်အမြန်နှုန်း
- ၁၆း၄၅ - "ဘီးလင်းမြို့၏မြစ်ရေကြီးမှု ဖြစ်စဉ်များ"
- ၁၇း၀၅ - This Week's Special Interest
- ၁၇း၃၀ - Yes or No Talk Show
- ၁၇း၅၅ - သဘာဝဘေးအန္တရာယ်ကြိုတင် သတိရှိကြပါစို့(ရေဘေး)
- ၁၈း၃၀ - ဥပဒေရေးရာအဖြာဖြာ "သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေအကြောင်း သိကောင်းစရာ"(အပိုင်း-၂) ဦးဟန်ညွန့်(ဥပဒေ) တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်၊ ဦးစံပေါ ဒါရိုက်တာ-ဝေဠု (ဝသန်)
- ၁၉း၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (၁) "လင်းထိုက်ယုဖခင်နှင့်ခွဲခွာ၍ ရွှေမြို့တော်သို့သွားခြင်း"(၁)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၀ - မြေပြိုမှုဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန်အချက်များ
- ၂၀း၃၅ - "လူငယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း"(လူငယ်ရေးရာမူဝါဒ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခြင်း)
- - FDA စကားဝိုင်း "ဓာတုပစ္စည်းဆိုးဆေးနှင့်အစားအစာ အကြောင်းသိကောင်းစရာ"
- - "မြန်မာမျိုးဆက်သစ် အစီအစဉ်"

လွယ်ဂျယ်၊ ဘားအံနှင့် လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၁

မူးယစ်တပ်ဖွဲ့စု(၁) ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့နံနက် ၁၁ နာရီက မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့ အောင်ဇေယျာရပ်ကွက်နေ ရန်အင်းဝင်း၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ဆာအုန်း(ခ) ကျန်းတီအန်းကိုတွေ့ရှိပြီး အိပ်ခန်းခုတင်အောက်ရှိဆိုင်ကယ်ဒူးကာအတွင်းနှင့် မြက်ဖျာလိပ်အတွင်းတို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၂၅ ပြားနှင့် တရုတ်နိုင်ငံသုံးယွမ် ၆၀၀ လည်းကောင်း။

ထို့အတူ ဩဂုတ် ၉ ရက် မွန်းလွဲ ၁ နာရီခွဲက ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် မိဇံကျေးရွာအုပ်စု စက်မှုဇုန်တိုးချဲ့ကျေးရွာအနီး တောစပ်တွင် စောလီကစ်(ခ) မောင်ကျော် မောင်းနှင်ပြီး မနန်းမူမူ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စောလီကစ်(ခ) မောင်ကျော်၏ လွယ်အိတ်အတွင်းရှိ အထုပ်တစ်ထုပ်ကို မနန်းမူမူက တောစပ်သို့ လွှင့်ပစ်လိုက်သဖြင့် စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၊ ဖုန်းနှစ်လုံး၊ မြန်မာငွေကျပ် ၂၁၅၀၀ နှင့် ဓားဦးချွန်တစ်ချောင်းတို့ကို လည်းကောင်း။

အလားတူ ဩဂုတ် ၁၀ ရက် နံနက် ၆ နာရီက လားရှိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ အမှတ်(၁၂)ရပ်ကွက် နယ်မြေ (၆) ဟတ်ကာလမ်းသွယ်နေ ရှောက်ရှုံး၏နေအိမ်ကို ရှာဖွေရာ အိပ်ခန်းခုတင်ခြေရင်းရှိ ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူ ၈၂ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀ နှင့် မြန်မာငွေကျပ် ၂၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

ပေါင်မြို့နယ်၌ မလတ်တောင်ပြိုကျမှုကြောင့် သေဆုံးသူ ၅၃ ဦးရှိပြီး ၄၇ ဦးအား အသက်ရှင်လျက် ကယ်တင်နိုင်

ပေါင် ဩဂုတ် ၁၁

မွန်ပြည်နယ် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအုပ်စု မိုင်တိုင်အမှတ် ၁၈၄/၅မှ ၁၈၄/၆ အကြားရှိ မလတ်တောင် တောင်မြေသားပြိုကျမှုဖြစ်ပွားခဲ့သည့် ဖြစ်စဉ်တွင် ဩဂုတ် ၁၁ ရက် ညနေ ၈ နာရီအထိ သေဆုံးသူအလောင်း ၅၃ ဦးနှင့် အသက်ရှင်လျက်ကယ်ဆယ်နိုင်သူ ၄၇ ဦးအထိ ရှာဖွေတွေ့ရှိခဲ့ကြောင်း ပေါင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးတင်သောင်းဦးက အတည်ပြုပြောကြားခဲ့သည်။

တောင်ပြိုကျသည့်နေရာ၌ ပျောက်ဆုံးနေသူများအား ပူးပေါင်းရှာဖွေကယ်ဆယ်ကြစဉ်။

"ဒီနေ့ ည ၇ နာရီကျော်အထိဆိုရင် သေဆုံးသူအလောင်း ၅၃ ဦးကိုရှာဖွေထုတ်ယူနိုင်ခဲ့တယ်။ အသက်ရှင်လျက်ဆိုလို့ မနေ့ညကပဲ ဆိတ်တစ်ကောင်နဲ့ နွားတစ်ကောင်ရတာပါ။ နောက်တစ်ခုက ဒေသခံတွေ လာပူးပေါင်းစေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာမှာ ဘယ်သူရှိလဲ၊ ဘယ်သူနေထိုင်လဲ၊ ဘယ်လောက်ရှိလဲ အဲဒါတွေသိရင် ရှာဖွေရတာ ပိုအဆင်ပြေတာပေါ့။ သေဆုံးသူအလောင်းတွေ့လို့ရှိရင် ခက်ခက်ခဲခဲနဲ့ သေချာထုတ်ယူနေရတဲ့ အနေအထားရှိနေပါတယ်။ စဖြစ်တဲ့နေ့ကဆိုရင် အမျိုးသားတစ်ဦး အသက်ရှင်လျက်ကယ်ထုတ်နိုင်ခဲ့တဲ့ ၂၈ ဦးမြောက်သူဆိုရင် ပရိဘောဂ်ကားထဲမှာညပ်နေတယ်။ သူတို့မိသားစုက ကားစီးလာတယ်။ အမေတစ်ယောက်။ သမီးတစ်ယောက်ကို ကယ်ထုတ်နိုင်တယ်။ အဲဒီအစ်ကိုကြီးကို မနက် ၈ နာရီကနေ ကယ်ထုတ်လိုက်တာ ညနေ ၆ နာရီလောက်မှ အသက်ရှင်လျက်ခက်ခက်ခဲခဲနဲ့ ကယ်ထုတ်နိုင်တဲ့ အနေအထားရှိခဲ့ပါတယ်။ အခုဆိုရင် ရှာဖွေကယ်ဆယ်ရေးအပိုင်းကို အဖွဲ့လိုက်နေရာချထားတဲ့ အခါကျတော့ ပိုအဆင်ပြေသွားကြတာပေါ့"ဟု ၎င်းက ပြောသည်။

ယခုဖြစ်စဉ်ကြောင့် လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့နေသော မှန်လုံယာဉ်ကားတစ်စီး မြေပြိုကျသည့်အထဲသို့ ပါဝင်ခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူးက အတည်ပြုပြောကြားသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဒေသခံတစ်ဦးဖြစ်သူ ကိုခိုင်ဝမ်း က "တခြားမှာရေကြီးလို့ ဒီနားကဘုန်းကြီးကျောင်းမှာ လာခိုလှုံ နေကြတဲ့သူတွေ ၃၀ လောက်ရှိမယ်။ အကုန်ပါသွားတာ။ ကံကောင်းတဲ့သူတွေ နည်းနည်းလောက်ပဲ အသက်ရှင်တာ။ မနက်ကဆို လူငယ်ပိုင်း ကလေးခုနစ်ယောက်ကို သေလျက်ပြန်တွေ့တာ စိတ်မကောင်းဖြစ်မိတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ တောင်မြေသားပြိုကျခဲ့သည့်နေရာတွင် ထပ်မံပြိုကျနိုင်သည့် အနေအထားရှိနေသည့်အတွက် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ပြီးစီးပါက သွားလာရန်မသင့်သည့် နေရာများကို ကန့်သတ်တားမြစ်ထားကာ ပညာရှင်များက စစ်ဆေးပြုပြင်မှုများ ဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိရသည်။

ယင်းနေရာသို့ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဝင်များ၊ လူမှုကူညီကယ်ဆယ်ရေးအသင်းများအပြင် ပြည်သူများနှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများက စက်ပစ္စည်းအင်အားအစုံအလင်ဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုဟိန်း(ပေါင်)

ကျွန်းစုမြို့နယ်၌ တောင်ပြို၍ နှစ်ဦးထိခိုက်ဒဏ်ရာရ၊ တောင်ကျရေကြောင့် တံတားသုံးစင်းပျက်စီး

ကျွန်းစု ဩဂုတ် ၁၁

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပန်းဇင်ကျေးရွာ၌ ယမန်နေ့မွန်းတည့် ၁၂ နာရီခန့်က လေပြင်းများတိုက်ခတ်၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်မြေများပြို၍ မြေပိခဲ့ရာမှ အဆောက်အအုံများပျက်စီးကာ နှစ်ဦးထိခိုက်ဒဏ်ရာရရှိကြောင်း မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ပန်းဇင်ကျေးရွာ၌ ယမန်နေ့က ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးအနောက်ဘက်ရှိ တောင်မြေပြိုကျခဲ့ရာ မြေပိမိ၍ အုပ်ချုပ်ရေးမှူးရုံး၏ တစ်ထပ်တိုက်ပြိုကျကာ ၎င်းရုံးရှေ့ နေအိမ်သို့ရောက်ရှိနေကြသည့် မောင်နေ(၁၅နှစ်)နှင့် မောင်ကောင်းထက်ဇော်(၈)နှစ်တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် မောင်နေအား ဆေးကုသမှုခံယူရန် မြိတ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ယင်းနေ့မွန်းလွဲပိုင်းတွင် ထပ်မံ၍မြေပြိုကျခဲ့ရာ သုံးခန်းတွဲအဆောက်အအုံတစ်လုံးနှင့် ဦးတင်ရွှေနေအိမ်တို့ ပြိုကျပျက်စီးသွားကြောင်းနှင့် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေသဖြင့် တောင်မြေများ ဆက်လက်ပြိုကျနိုင်သောကြောင့် တောင်ခြေအနီးနေထိုင်လျက်ရှိသောလူနေအိမ်များမှ မိသားစုဝင်များ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါမြေပြိုခြင်းကြောင့် အပျက်အစီးများကို ကျွန်းစုမြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွန်းနိုင် ဦးစီးတပ်ဖွဲ့ဝင်များနှင့် ကျွန်းစုမြို့မ ရဲစခန်းမှစခန်းမှူး ဒုရဲမှူးညွန့်ဝင်းဦးစီးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းလျက်ရှိကြောင်း သိရသည်။

အလားတူ တောင်ကျချောင်းရေတိုက်စားမှုကြောင့် ကျွန်းစုမြို့နယ် ကပကျေးရွာ အမှတ်(၃)ရပ်ကွက် ကတန်ကျွန်းပတ်လမ်းရှိ အရှည် ၂၇ ပေရှိ တံတားတစ်စင်း၊ ထိန်ချောင်းကျေးရွာအနီးရှိ ၇၅ ပေရှိ မေတ္တာပေါင်းကူးတံတားနှင့် ကဘင်းချောင်းကျေးရွာအတွင်းရှိ အရှည်ပေ ၆၀ ရှိ တံတားတစ်စင်း ကျိုးကျပျက်စီးခဲ့သဖြင့် တာဝန်ရှိသူများက လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုမရှိစေရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

ယီမင်နိုင်ငံ အေဒင်မြို့တွင် ဆော်ဒီ ဦးဆောင်သည့် မဟာမိတ်တပ်များက လေကြောင်းတိုက်ခိုက်မှု ပြုလုပ်

အေဒင် ဩဂုတ် ၁၁

ဆော်ဒီဦးဆောင်သည့် မဟာမိတ်တပ်များသည် ဩဂုတ်လ ၁၁ ရက်က တောင်ပိုင်းကူးပြောင်းရေးကောင်စီ (STC) မှ တပ်ဖွဲ့ဝင်များ သိမ်းပိုက်ထားသော နယ်မြေများတွင် လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆော်ဒီဦးဆောင်သည့်မဟာမိတ်များသည် တောင်ပိုင်းခွဲထွက်ရေးသမားများဖြစ်သည့် တောင်ပိုင်း ကူးပြောင်းရေးကောင်စီမှ တပ်ဖွဲ့ဝင်များကို အေဒင်မြို့ရှိ အစိုးရအဖွဲ့အစည်းများကို တိုက်ခိုက်ခြင်းမပြုရန် သတိပေးလိုက်ခြင်းဖြစ်သည်။ ပျက်စီးဆုံးရှုံးမှုပမာဏကို တွက်ချက်၍ မရသေးပေ။ STC မှ တပ်ဖွဲ့ဝင်များသည် ယီမင်အစိုးရ၏ စစ်ရေးအခြေစိုက်စခန်းများကို တိုက်ခိုက်လုယူမှုများ ပြုလုပ်ခဲ့သည်။

STC အဖွဲ့မှ တိုက်ခိုက်မှု ပြုလုပ်ခဲ့သည့် နေရာများမှာ သမ္မတနန်းတော်လည်း အပါအဝင်ဖြစ်သည်။ "ကျွန်တော်တို့ တပ်ဖွဲ့ဝင်တွေဟာ ဆော်ဒီအာရေဗျအစိုးရထံမှ ယီမင်အစိုးရနဲ့ တိုက်ရိုက်ဆွေးနွေးမှုတွေ ပြုလုပ်ဖို့ တရားဝင်ဖိတ်ခေါ်မှုတွေ ပြုလုပ်ခဲ့ပြီးနောက်ပိုင်း တပ်ဆုတ်မှုတွေပြုလုပ်ခဲ့ပါတယ်" ဟု STC အဖွဲ့မှ သတင်းအရင်းအမြစ်တစ်ခုက ပြောသည်။

ဆော်ဒီဦးဆောင်သည့် မဟာမိတ်တပ်များသည် ယီမင်နိုင်ငံမြို့တော် အေဒင်တွင် အပစ်အခတ်ရပ်စဲရေး ချက်ချင်းလုပ်ဆောင်ရန် တောင်းဆိုခဲ့သည်။ အေဒင်မြို့တွင် STC အဖွဲ့က သိမ်းယူထားသောနေရာများမှ ဆုတ်ခွာရန်၊ ယီမင်အစိုးရနှင့် ပုဂ္ဂလိကပိုင် ပစ္စည်းများနှင့် အဝေးတွင်နေရန် ဆော်ဒီဦးဆောင်သည့် မဟာမိတ်တပ်များက တောင်းဆိုခဲ့သည်။

STC အဖွဲ့နှင့် ယူအေအီးတို့ကို ဆော်ဒီ ဦးဆောင်သည့် မဟာမိတ်တပ်ဖွဲ့၏ အဓိကမိတ်ဖက်များဟု ယီမင်အစိုးရသည် ယခင်က သတ်မှတ်ခဲ့သည်။

ထို့ကြောင့် အေဒင်မြို့ရှိ အာဏာပိုင်အဖွဲ့အစည်းများကို အာဏာသိမ်းရန် ကြိုးပမ်းမှု၏ နောက်ဆက်တွဲ အကျိုးဆက်များအတွက် အပြည့်အဝတာဝန်ရှိသည်ဟု ယူဆထားသည်။ အေဒင်မြို့ရှိ သူပုန်အဖွဲ့ကို လက်နက်နှင့် ငွေကြေးများ ဆက်လက်ထောက်ပံ့ခြင်းမပြုရန်လည်း ယူအေအီးနိုင်ငံကို ယီမင်အစိုးရက တောင်းဆိုထားသည်။

တောင်ပိုင်းမြို့တော်ဖြစ်သည့် အေဒင်မြို့ကို STC တပ်ဖွဲ့ဝင်များက အပြည့်အဝ သိမ်းပိုက်ထားပြီး အဆိုပါအဖွဲ့သည် ဟူသီသူပုန်များကို တိုက်ထုတ်ရာ၌ ဆော်ဒီဦးဆောင်သည့် မဟာမိတ်တပ်ဖွဲ့နှင့် အတူ ပူးပေါင်းခဲ့ဖူးသည်။

ဆင်ဟွာ

တောင်ပိုင်းခွဲထွက်ရေး လှုပ်ရှားမှုကို ထောက်ခံသူများအား တွေ့ရစဉ်။

နောက်ဆုံးအကြိမ် စမ်းသပ်ပစ်ခတ်ခဲ့သည့်လက်နက်မှာ လက်နက်အသစ်ဟု မြောက်ကိုရီးယားဆို

ပြုံယမ်း ဩဂုတ် ၁၁

လက်နက်သစ် ပစ်ခတ်စမ်းသပ်မှုကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း ကိုယ်တိုင်ကြီးကြပ်ခဲ့သည်ဟု နိုင်ငံပိုင်မီဒီယာက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

မြောက်ကိုရီးယားမှ ဒုံးကျည်စမ်းသပ်မှုပြုလုပ်စဉ် အမေရိကန်သမ္မတ ထရမ့်က အမေရိကန်သည် မြောက်ကိုရီးယားနှင့် ပြုံယမ်းမြို့၌ နျူကလီးယားဆွေးနွေးပွဲပြန်လည်စတင်ရန် ကြိုးစားနေသည်ဟု ပြောကြားခဲ့သည်။ ဩဂုတ် ၁၀ ရက်က ပြုလုပ်ခဲ့သော ဒုံးကျည်ပစ်ခတ်စမ်းသပ်မှုသည် သီတင်းပတ်နှစ်ပတ်အတွင်း ငါးကြိမ်မြောက် ပစ်ခတ်စမ်းသပ်မှုဖြစ်ပြီး တောင်ကိုရီးယားနှင့် အမေရိကန်တို့ နှစ်စဉ်ပြုလုပ်နေကျဖြစ်သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဆန့်ကျင်သည့်အနေဖြင့် ပြုလုပ်ခြင်းလည်းဖြစ်သည်။

ကိုရီးယားဗဟိုသတင်းအေဂျင်စီက နည်းပညာပိုင်းဆိုင်ရာ အသေးစိတ်အချက်အလက်များ ဖော်ပြခြင်းမရှိသော်လည်း တိုင်းပြည်၏ မြေအနေအထားနှင့် ကိုက်ညီအောင် ပြုပြင်ထားသည့် လက်နက်သစ်ဖြစ်သည်ဟု ဩဂုတ် ၁၀ ရက်က ပြောသည်။ ရိုဒုံဆင်မန်သတင်းစာက မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း လက်နက်စမ်းသပ်မှုကို လေ့လာနေသည်ကို ပြသထားသည့် ဓာတ်ပုံများစွာ ဖော်ပြခဲ့သည်။

အရှေ့ပိုင်းလေ့လာရေး အင်စတီကျုမှ သုတေသီတစ်ဦးဖြစ်သူ ကင်ဒေါင်ယုက နောက်ဆုံးစမ်းသပ်ပစ်ခတ်ခဲ့သည့် လက်နက်သည် တာတိုပစ် ပဲ့ထိန်းဒုံးကျည်ဖြစ်နိုင်ကြောင်း မြောက်ကိုရီးယား တပ်ဖွဲ့ကို အဆင့်မြှင့်တင်ရန် ကြိုးပမ်းမှုတစ်ခုဟုလည်းပြောသည်။ အဆိုပါ ဒုံးကျည်သည် တန်ဖိုးနည်းပြီး စွမ်းဆောင်ရည်မြင့်မားသည့် လက်နက်ဖြစ်နိုင်ကြောင်းလည်း ၎င်းက ဆက်ပြောသည်။

အေအက်ဖ်ပီ

စမ်းသပ်ပစ်ခတ်မှုကို ကြည့်ရှုနေသည့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းကို တွေ့ရစဉ်။

လစ်ဗျားတွင် ကားဗုံးကွဲမှုကြောင့် ကုလဝန်ထမ်း သုံးဦး သေဆုံး

ထရီပိုလီ ဩဂုတ် ၁၁

လစ်ဗျားနိုင်ငံ အရှေ့ပိုင်းမြို့ဖြစ်သည့် ဘန်ဂါဇီတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကုလသမဂ္ဂ ဝန်ထမ်းသုံးဦး သေဆုံးခဲ့ပြီး အချို့မှာဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပေါက်ကွဲမှုမှာ ဩဂုတ် ၁၀ ရက်ကဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရုံးအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒေသခံအာဏာပိုင်များက ပြောကြားသည်မှာ ယခုတိုက်ခိုက်မှုသည် ကုလသံတမန်များကို ပစ်မှတ်ထားကာ တိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရသည်။ မူဆလင်တို့၏ ပွဲတော်ကာလအတွင်း အပစ်အခတ်ရပ်စဲရန် ကုလသမဂ္ဂက ဆောင်ရွက်လျက်ရှိပြီး ယင်းအဆိုပြုချက်ကို တိုင်းပြည်အတွင်း တိုက်ပွဲများဖြစ်ပွားနေသော အဖွဲ့အစည်းများက လက်ခံပြီးနောက် ယခုလိုပေါက်ကွဲမှု ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဂူတာရက်စ်က အဆိုပါတိုက်ခိုက်မှုကို ရှုတ်ချသည့် ကြေညာချက်ထုတ်ပြန်ခဲ့ပြီး တိုက်ပွဲများဖြစ်ပွားနေသည့် နိုင်ငံရေးအုပ်စုများကိုလည်း အပစ်အခတ်ရပ်စဲရေးကို လေးစားကြရန် တောင်းဆိုခဲ့သည်။ လစ်ဗျားနိုင်ငံသည် ၂၀၁၁ ခုနှစ် အာဏာရှင် မွမ်မာ ကဒါဖီကို ဖြုတ်ချခဲ့ပြီးသည့်နောက် မငြိမ်မသက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အင်န်အိတ်ခ်ျကေ

အိန္ဒိယအနောက်ပိုင်း ကမ်းရိုးတန်းဒေသများတွင် ရေကြီးမှုကြောင့် လူပေါင်း ၁၁၅ ဦး အသက်ဆုံးရှုံး

နယူးဒေလီ ဩဂုတ် ၁၁

အိန္ဒိယနိုင်ငံတွင် ရေကြီးမှုများကြောင့် ပြီးခဲ့သည့် သုံးရက်အတွင်း လူပေါင်း ၁၁၅ ဦးခန့် သေဆုံးပြီးဖြစ်ကြောင်း၊ အဆိုပါ လူများမှာ အနောက်ဘက်ကမ်းရိုးတန်းရှိ ကီရာလာ၊ ကာနာတာကာ၊ မဟာရက်ရှ်ထရာနှင့် ဂုဂျာရက် ပြည်နယ်တို့မှ လူများဖြစ်ကြကြောင်း ဩဂုတ် ၁၁ ရက်တွင် မီဒီယာများ၌ ဖော်ပြကြသည်။

အစိုးရအေဂျင်စီအဖွဲ့များသည် ယခုအခါကယ်ဆယ်ရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းများကို ဆောင်ရွက်နေကြဆဲဖြစ်သည့်အတွက် သေဆုံးသူစာရင်းကို အတိအကျ မသိရသေးပေ။

ရေကြီးမှုဒဏ်ကို အပြင်းထန်ဆုံးခံစားရသည့်ဒေသမှာ ကီရာလာတောင်ပိုင်းပြည်နယ်ဖြစ်ပြီး လွန်ခဲ့သည့်သုံးရက်တာအတွင်း အများဆုံး ၅၇ ဦးသေဆုံးထားသည်။ ကာနာတက်ကာပြည်နယ်တွင် လူပေါင်း ၂၆ ဦး သေဆုံးထားပြီး ဂုဂျာရက်ပြည်နယ်တွင်မှ လူပေါင်း ၂၀ သေဆုံးထားသည်။ အနောက်တောင်ပိုင်းပြည်နယ်ဖြစ်သည့် မဟာရက်ရှ်ထရာပြည်နယ်တွင် လူပေါင်း ၁၂ ဦး သေဆုံးထားသည်။

လူဦးရေ ငါးသိန်းခန့်ကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားသည်။ နေအိမ်များမှ စွန့်ခွာလာသူများအတွက်လည်း ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးထားသည်။ အစောပိုင်းကလည်း အရှေ့ပိုင်းဘီဟာပြည်နယ်နှင့် အရှေ့မြောက်ပိုင်း အာသံပြည်နယ်တို့တွင် လူပေါင်း ၂၀၀ ကျော် သေဆုံးသည့် သတင်းများ ထွက်ပေါ်လာခဲ့သည်။

ဇူလိုင် ၁၅ ရက်မှ စတင်ကာ နှစ်ပတ်ကြာရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ပြီးနောက် ယခုလို သေဆုံးမှု များခဲ့ခြင်းဖြစ်သည်။ ကီရာလာပြည်နယ်ရှိ ခရိုင်သုံးခုကို မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း အနီရောင်အဆင့်သတိပေးချက်ကို မိုးလေဝသဌာနမှသတင်း ထုတ်ပြန်ထားသည်။

ဆင်ဟွာ

နော်ဝေရှိ ဘာသာရေးအဆောက်အအုံတွင် ပစ်ခတ်မှုဖြစ်ပွားပြီး တစ်ဦး ဒဏ်ရာရ

အော်စလို ဩဂုတ် ၁၁

နော်ဝေနိုင်ငံ အော်စလိုမြို့အနီးရှိ ဘာသာရေးအဆောက်အအုံတွင် လက်နက်မျိုးစုံသယ်ဆောင်လာသော သေနတ်သမားတစ်ဦးက ဩဂုတ် ၁၀ ရက်တွင် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ပစ်ခတ်မှုကြောင့် လူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း နော်ဝေရဲတပ်ဖွဲ့နှင့် မျက်မြင်သက်သေများက ပြောသည်။ တိုက်ခိုက်မှုဖြစ်ပွားပြီး နာရီအနည်းငယ်အကြာတွင် ပစ်ခတ်မှုသံသယရှိသူနှင့် ဆက်နွယ်မှုရှိသည့် အမျိုးသမီးတစ်ဦး၏ အလောင်းကို ဘေရွန်မြို့ ဆင်ခြေဖုံးရပ်ကွက်ရှိ နေအိမ်တွင် တွေ့ရှိခဲ့ရသည်။ ၎င်းသေဆုံးရမှုမှာ သံသယဖြစ်ဖွယ်ရှိပြီး လူသတ်မှုဖြင့် အမှုဖွင့်ထားကာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

ဘာသာရေး အဆောက်အအုံ၏ ခေါင်းဆောင်ဖြစ်သူက သေနတ်ဖြင့် ပစ်ခတ်မှု ပြုလုပ်ခဲ့သူမှာ လူငယ်လူဖြူ အမျိုးသားတစ်ဦးဖြစ်ပြီး အမည်းရောင် ဝတ်စုံကို ဝတ်ဆင်ထားကြောင်းနှင့် ဆိုင်ကယ်စီး ဦးထုပ်ဆောင်းထားကြောင်း ပြောပြသည်။ တိုက်ခိုက်မှုဖြစ်ပွားစဉ်အတွင်း အဆောက်အအုံအတွင်း လူသုံးဦးသာရှိကြောင်း ရဲများက ပြောသည်။ ပစ်ခတ်မှုအတွက် သံသယရှိသူမှာ နော်ဝေလူငယ်တစ်ဦးဖြစ်ကြောင်း အော်စလို ရဲဌာနမှပြောရေးဆိုခွင့်ရှိသူ ရူနီက သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။

သံသယရှိသူကို ရဲတပ်ဖွဲ့ဝင်များက အခင်းမဖြစ်ပွားမီကတည်းက သိရှိပြီးဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ သို့သော် ရာဇဝတ်မှုနောက်ခံအကြောင်းများကိုမူ ဖော်ပြသွားခြင်းမရှိပေ။ အဆိုပါသံသယရှိသူ အမျိုးသားမှာ အသက် ၂၀ ဝန်းကျင်ဖြစ်ပြီး ယခုအခါ အချုပ်ချထားကြောင်း ဘာသာရေးအဆောက်အအုံအတွင်းဖြစ်ပွားခဲ့သည့် ဖြစ်ရပ်နှင့် ပတ်သက်၍လည်းကောင်း၊ နေအိမ်အတွင်း သေဆုံးနေသည့် အမျိုးသမီးနှင့် ပတ်သက်၍လည်းကောင်း မေးမြန်းခြင်း ခံရမည်ဖြစ်သည်ဟု ရဲများက နော်ဝေမီဒီယာများကို ပြောသည်။

အေအက်ဖ်ပီ

သေဆုံးသွားသည့် အမျိုးသမီးအလောင်းကို သယ်ဆောင်လာစဉ်။

နိုင်ငံတကာ သတင်းတိုထွာ

ပါလက်စတိုင်း စစ်သွေးကြွတစ်ဦးကို အစ္စရေးတပ်ဖွဲ့က ပစ်သတ်

ဂါဇာ ဩဂုတ် ၁၁

အစ္စရေးနိုင်ငံနှင့် ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းနယ်စပ်တွင် ပါလက်စတိုင်း စစ်သွေးကြွတစ်ဦးကို အစ္စရေး တပ်ဖွဲ့ဝင်များက အသေပစ်ခတ်ခဲ့ကြောင်း သိရသည်။

ပါလက်စတိုင်း ဆေးဘက်သတင်း အရင်းအမြစ်များ၏ ဖော်ပြချက်အရ ပါလက်စတိုင်းတစ်ဦး၏ အလောင်းကို ဂါဇာမြောက်ပိုင်း ဘီအစ် ဟာနောင်းမြို့ အနီးတွင် ဆေးလုပ်သားများကတွေ့ရှိခဲ့ ကြောင်း၊ အလောင်းတွေ့ရှိခဲ့သည့်နေရာ မှာအစ္စရေးနယ်စပ်နှင့် အလွန်နီးစပ် ကြောင်း သိရသည်။

အစ္စရေးတပ်ဖွဲ့မှ ပြောရေးဆိုခွင့် ရှိသူက အစ္စရေးတပ်ဖွဲ့ဝင်များသည် ဂါဇာမြောက်ပိုင်းနယ်စပ်တွင် စောင့်ကြပ် နေစဉ် တပ်ဖွဲ့ဝင်များကို လက်နက်ဖြင့် တိုက်ခိုက်ရန် ကြိုးပမ်းသည့် ပါလက် စတိုင်း စစ်သွေးကြွတစ်ဦးကို ပစ်သတ် ခဲ့ကြောင်း ပြောကြားခဲ့သည်။

အစ္စရေးဘက်မှ ဒဏ်ရာရရှိသူမရှိ သကဲ့သို့ ပျက်စီးဆုံးရှုံးမှုလည်းမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အစ္စရေးတို့ဘက်မှ ပါလက်စတိုင်း စစ်သွေး ကြွတစ်ဦးကို ပစ်သတ်မှု မပြုလုပ်မီ တစ်ရက်အလိုကလည်း အစ္စရေးနယ်စပ် အနီးသို့ကပ်လာသည့် ဟားမားစ် စစ်သွေးကြွလေးဦးကို ပစ်သတ်ခဲ့သည်။

ဆင်ဟွာ

ရေရှည်တည်တံ့သည့် အမျိုးသားငြိမ်းချမ်းရေးကို အာဖဂန်သမ္မတ တောင်းဆို

ကဘူးလ် ဩဂုတ် ၁၁

အာဖဂန်သမ္မတ မိုဟာမက် အက်ရှရက် ဂါနီသည် အာဖဂန်နစ္စတန်နိုင်ငံအတွင်း ပြည်တွင်းစစ်အဆုံးသတ်ပြီး ငြိမ်းချမ်း ရေးဆီ ပြန်သွားရန် ဩဂုတ် ၁၁ ရက်က တောင်းဆိုခဲ့သည်။

ရေရှည်တည်တံ့သည့် အမျိုးသား ငြိမ်းချမ်းရေးကို အာဖဂန်နိုင်ငံက အလို ရှိသည်ဟု သမ္မတဂါနီက ပြောကြားခဲ့ သည်။ မကြာမီကျင်းပတော့မည့် အာဖဂန် ရွေးကောက်ပွဲသည် အရေးကြီးပြီးအစိုးရ သည် အဘက်ဘက်မှ ပြင်ဆင်လျက်ရှိ ကြောင်း၊ စက်တင်ဘာ ၂၈ ရက်တွင် မဲပေးမှု စတင်နိုင်ရန် ကြိုးပမ်းနေခြင်း ဖြစ်ကြောင်း သမ္မတ ဂါနီကဆက်လက် ပြောကြားခဲ့သည်။

ထို့နောက် အာဖဂန်သမ္မတ ဦးဆောင် သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်နိုင် ရန်လည်း တောင်းဆိုခဲ့သည်။ တာလီဘန် များနှင့် ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် အာဖဂန်အစိုးရက တောင်းဆိုခဲ့သော် လည်း တာလီဘန်တို့က လက်မခံခဲ့ပေ။

ထို့ကြောင့် အာဖဂန်အစိုးရဘက်မှ ကိုယ်စားလှယ်များမပါဝင်ဘဲ ငြိမ်းချမ်း ရေးအတွက် လုပ်ဆောင်နိုင်လိမ့်မည် မဟုတ်ဟု သမ္မတက ပြောကြားခဲ့သည်။

ဆင်ဟွာ

တရုတ်နိုင်ငံသို့ ဝင်ရောက်လာတဲ့ ကိုးခုမြောက်မုန်တိုင်း လက်ကီမာ

ကလျာမိုးမြင့်

တရုတ်နိုင်ငံရဲ့ ကိုးခုမြောက်မုန်တိုင်းဖြစ်တဲ့ လက်ကီမာအမည်ရှိ တိုင်ဖွန်းမုန်တိုင်းဟာ ဩဂုတ် ၁၀ ရက်မှာ နိုင်ငံအတွင်း ဝင်ရောက်လာခဲ့ချိန်ကစပြီး အခုဆိုရင် မုန်တိုင်းကြောင့် သေဆုံးသူအရေအတွက်ဟာ မူလ ၁၈ ဦးကနေ ၂၂ ဦးအထိ မြင့်တက်လာခဲ့ပြီဖြစ်သလို ပျောက်ဆုံးနေသူတွေလည်း ရှိနေဆဲဖြစ်ပါတယ်။ နေအိမ်တွေဆီကနေ ကယ်ဆယ်ရွှေ့ပြောင်းပေးရတဲ့ ဒေသခံပြည်သူတွေ အရေအတွက်ဟာ တစ်သန်းကျော်ရှိတယ်လို့ သိရပါတယ်။

ရေနစ်မြုပ်ခံရသည့် နေအိမ်များမှ ဒေသခံပြည်သူအချို့ကို ကယ်ဆယ်ရေးဆောင်ရွက်နေစဉ်။

မြေပြိုမှု

ဒီလောက်များပြားတဲ့ လူအရေအတွက်ကို နေအိမ်တွေကနေ စွန့်ခွာသွားရစေတဲ့ လက်ကီမာမုန်တိုင်းဟာ ဘယ်လောက်တောင် ဆိုးရွားခဲ့ပါသလဲ။ မုန်တိုင်းကြောင့်ဖြစ်ပေါ်ရတဲ့ မြေပြိုမှုတစ်ခုကြောင့် သေဆုံးသူတွေ ရှိလာတာဖြစ်ပြီး ခုချိန်ထိ ပျောက်ဆုံးနေသူ ၁၀ ဦး ရှိတယ်လို့ ဆိုပါတယ်။

ဩဂုတ် ၁၀ ရက် အစောပိုင်းမှာ မုန်တိုင်း ကျရောက်မှုနဲ့အတူ ထိုင်ဝမ်နဲ့ တရုတ်နိုင်ငံရဲ့ဘဏ္ဍာရေးမြို့တော်ဖြစ်တဲ့ ရှန်ဟိုင်းတို့အကြား ဝယ်လင်မှာ မုန်တိုင်းဖြတ်သန်းခဲ့တဲ့အတွက် ကျောင်းတွေနဲ့ ရုံးတွေကို ပိတ်ထားခဲ့ရပါတယ်။ အဲဒီဧရိယာတစ်ဝိုက်မှာ ဩဂုတ် ၈ ရက်ကလည်း ပြင်းအား ၆ အဆင့်ရှိတဲ့ ငလျင်လှုပ်ခဲ့ပြီး ထိခိုက်ပျက်စီးမှု အနည်းအကျဉ်း ဖြစ်ပေါ်ခဲ့ပါတယ်။ သေဆုံးသူတော့ မရှိခဲ့ပါဘူး။

ရှန်ဟိုင်းသို့

လက်ကီမာမုန်တိုင်းကို မူလက အင်အားပြင်းတဲ့ တိုင်ဖွန်းမုန်တိုင်းအဖြစ် ဖော်ပြခဲ့ပေမယ့် မြောက်ဘက်ကုန်းတွင်းပိုင်းဆီ ဆက်လက်ရွေ့လျားသွားချိန်မှာ အနည်းငယ် အားပျော့သွားခဲ့တာ ဖြစ်ပါတယ်။ မိုးသက်မုန်တိုင်း ကျရောက်ခဲ့ရာအနီး ဝမ်ကျိုမှာ မြေပြိုမှုဖြစ်ပွားခဲ့တယ်လို့ ဒေသမီဒီယာက ဖော်ပြပါတယ်။ အခုအချိန်မှာတော့ မုန်တိုင်းဟာ စီကျန်းပြည်နယ်ကို ဖြတ်ပြီး လေတိုက်နှုန်းအနည်းငယ်နဲ့ မြောက်ဘက်ဆီသွားနေပြီး လူသန်း ၂၀ ကျော်ရှိတဲ့ ရှန်ဟိုင်းမြို့ကိုဝင်ရောက်နိုင်တယ်လို့ ခန့်မှန်းထားပါတယ်။

ကယ်ဆယ်ရေးဆောင်ရွက်

ရေလွှမ်းမိုးမှုကြောင့် ရှေ့မဆက်နိုင် နောက်မဆုတ်နိုင် အနေအထားနဲ့ သောင်တင်နေတဲ့ မော်တော်ယာဉ်တွေဆီ ကယ်ဆယ်ရေးဆောင်ရွက်ဖို့နဲ့ ထိခိုက်ပျက်စီးသွားတဲ့ အဆောက်အအုံတွေရဲ့ အပျက်အစီးပုံတွေအောက်မှာ အသက်ရှင်လွတ်မြောက်သူတွေကို ကယ်ဆယ်နိုင်ဖို့ ကယ်ဆယ်ရေးလုပ်သားတွေ အားသွန်ခွန်စိုက် အလုပ်လုပ်နေကြပါတယ်။ သစ်ပင်တွေ လဲကျထားတာတွေနဲ့အတူ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုတွေကလည်း နေရာအနှံ့ ဖြစ်ပွားနေပါတယ်။

ခရီးစဉ်တွေဖျက်သိမ်း

မုန်တိုင်းအခြေအနေကို ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ ရထားပို့ဆောင်မှုတွေကို ဖျက်သိမ်းထားပြီး လေကြောင်းခရီးစဉ် ၁၀၀၀ ကျော်ကိုလည်း အာဏာပိုင်တွေက ဖျက်သိမ်းခဲ့ပါတယ်။ ရှန်ဟိုင်းဒစ်စနေလန်းကိုလည်း တစ်ရက်လုံး ပိတ်ထားခဲ့ပါတယ်။ မုန်တိုင်းဟာ ရှန်ဟိုင်းကို ရောက်ရှိချိန်မှာ အားပျော့သွားမယ်လို့ ခန့်မှန်းထားပေမယ့် အန္တရာယ်ရှိတဲ့ ရေလွှမ်းမိုးမှုတွေကိုလည်း ဖြစ်ပေါ်လာစေနိုင်တယ်လို့ ဆိုပါတယ်။

ဆိုးဆိုးရွားရွားထိခိုက်

အခုအချိန်မှာ သဘာဝဘေးအန္တရာယ် ကျရောက်တဲ့ဇုန်ဟာ အဓိကအားဖြင့် ကျေးလက်-မြို့ပြပေါင်းစပ်ထားတဲ့ ဇုန်တွေဖြစ်တယ်လို့ နင်ဘိုမြို့ မီးသတ်တပ်ဖွဲ့က ကယ်ဆယ်ရေးအဖွဲ့အကြီးအကဲ ဖူဆောင်လျန်က ပြောခဲ့ပါတယ်။ မြေအနိမ့်ပိုင်းတည်ရှိနေတဲ့ ဧရိယာတွေဟာ ရေဘေးခံစားရတဲ့နေရာတွေဖြစ်နေပြီး တောင်ကုန်းထူထပ်တဲ့ ဒေသတွေဆီကနေ မိုးရွာသွန်းပြီး ရေတွေဝင်ရောက်လာတဲ့အခါ ဒီနေရာတွေဟာ ဆိုးဆိုးရွားရွားထိခိုက်ခံစားရတယ်လို့ ၎င်းက မီဒီယာသို့ ဖြေကြားခဲ့ပါတယ်။

ကယ်ထုတ်

ဖြစ်ပေါ်လာနိုင်တဲ့ အန္တရာယ်တွေကြောင့် ရှန်ဟိုင်းမြို့မှာ ဒေသခံပြည်သူ ၂၅၀၀၀၀ ကို ကယ်ဆယ်ရွှေ့ပြောင်းခဲ့ရပြီး စီကျန်းပြည်နယ်မှာဆိုရင်လည်း လူ ၈၀၀၀၀၀ ကို ၎င်းတို့နေအိမ်တွေဆီကနေ ကယ်ထုတ်ပေးခဲ့ရပြီဖြစ်ပါတယ်။ ပြင်းထန်တဲ့ လေတိုက်နှုန်းက ဓာတ်အားလိုင်းတွေကို ပြိုလဲကျစေခဲ့တဲ့အတွက် ဒေသအတွင်းမှာ ရှိတဲ့ နေအိမ်ခန့်မှန်းခြေ ၂ ဒသမ ၇ သန်းဟာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြစ်ပွားခဲ့ပါတယ်။

ဖယ်ရီသင်္ဘောတွေ ပြေးဆွဲမှုကို ရပ်ဆိုင်းခဲ့ရသလို ဘိုင်ဂျီအပန်းဖြေကျွန်းမှာဆိုရင် အလည်အပတ်ရောက်ရှိလာကြတဲ့ ခရီးသည် ၂၀၀ ကို ကယ်ဆယ်ရွှေ့ပြောင်းမှုတွေ လုပ်ဆောင်ခဲ့ရပါတယ်။ လက်ကီမာမုန်တိုင်းဟာ ယခုနှစ်အတွက် တရုတ်နိုင်ငံရဲ့ ကိုးခုမြောက်မုန်တိုင်းဖြစ်ပေမယ့် အပြင်းထန်ဆုံး မုန်တိုင်းတစ်ခုလို့ ဆိုနိုင်ပါတယ်။မူလက လက်ကီမာကိုတရုတ်နိုင်ငံရဲ့ အမြင့်ဆုံးမုန်တိုင်း သတိပေးချက်အဆင့်ဖြစ်တဲ့ အနီရောင်အဆင့်အထိ သတိပေးချက်ထုတ်ပြန်ခဲ့ပြီးနောက်ပိုင်းမှာတော့ လိမ္မော်ရောင်အဆင့်သို့ လျှော့ချလိုက်ပါတယ်။

မြေပြိုမှုတွေ သတိပေး

တရုတ်မိုးလေဝသပညာရှင်တွေက မုန်တိုင်းဟာ မိုးသက်မုန်တိုင်းတွေ ဖြစ်ပေါ်နေချိန်မှာ လေတိုက်နှုန်း တစ်နာရီ ၁၈ ကီလိုမီတာ (တစ်နာရီ ၁၁၆ မိုင်) နှုန်း ရှိနေပြီး မြောက်ဘက်ဆီရွေ့လျားသွားချိန်မှာတော့ တစ်နာရီ ၁၅ ကီလိုမီတာ လေတိုက်နှုန်းနဲ့ ရွေ့လျားနေတယ်လို့ ဖော်ပြခဲ့ပါတယ်။ မုန်တိုင်းဟာ အစောပိုင်းမှာ ထိုင်ဝမ်ကို ဖြတ်ကျော်ခဲ့ပြီး လူနေအဆောက်အအုံတွေ ပျက်စီးမှုနဲ့ လူတွေ ထိခိုက်ဒဏ်ရာရရှိမှုတွေ ဖြစ်စေခဲ့ပါတယ်။

မုန်တိုင်းနှစ်ခု

ပြင်းအား ခြောက်အဆင့်ရှိတဲ့ ငလျင်တစ်ခုလှုပ်ပြီး နောက်တစ်ရက်အကြာမှာ ကမ္ဘာမြေရဲ့ရွေ့လျားမှုနဲ့ မိုးသည်းထန်စွာ ရွာသွန်းမှုတွေက မြေပြိုမှုတွေကို ပိုပြီးဖြစ်လာစေနိုင်တယ်လို့ ကျွမ်းကျင်သူ ပညာရှင်တွေက သတိပေးထားခဲ့ပါတယ်။ လက်ရှိအချိန်အတောအတွင်းမှာတော့ လက်ကီမာမုန်တိုင်းဟာ အနောက်ပစိဖိတ်အတွင်းမှာ ဖြစ်ပေါ်တဲ့ တိုင်ဖွန်းမုန်တိုင်းနှစ်ခုထဲက တစ်ခု ဖြစ်ပါတယ်။

ခရိုဆာမုန်တိုင်း

ခရိုဆာ အမည်ရှိတဲ့ နောက်ထပ် အင်အားပြင်း တိုင်ဖွန်းမုန်တိုင်းတစ်ခု ပစိဖိတ်ဒေသအတွင်းရှိ အိုဂါဆာဝါရာ ကျွန်းစုအနီးကို ချဉ်းကပ်လာနေတဲ့အတွက် ပင်လယ်ပြင်အတွင်းမှာ ရာသီဥတုဆိုင်ရာ ဆိုးရွားတဲ့ အခြေအနေတွေ ဖြစ်ပေါ်နိုင်ကြောင်း ဂျပန် မိုးလေဝသအာဏာပိုင်တွေက သတိပေးလျက် ရှိနေပါတယ်။

မိုးလေဝသအေဂျင်စီက တိုင်ဖွန်းမုန်တိုင်း ခရိုဆာဟာ မြောက်ဘက်ကို ဖြည်းဖြည်းချင်း ရွေ့လျားနေပြီး ဆက်လက်အင်အားကောင်းနိုင်သေးတယ်လို့ ဆိုပါတယ်။ မုန်တိုင်းကြောင့် ဩဂုတ် ၁၂ ရက်မှာ အိုဂါဆာဝါရာကျွန်းတွေအနီး ပင်လယ်ပြင်တွေမှာ လှိုင်းလေပြင်းထန်နိုင်ကြောင်း သတိပေးထားပါတယ်။ နောက်တစ်ပတ် ဗုဒ္ဓဟူးနေ့လောက်မှာတော့ ခရိုဆာမုန်တိုင်းဟာ ဂျပန်နိုင်ငံအနောက်ပိုင်း ပစိတ်ဖိတ်ကမ်းခြေဆီ ချဉ်းကပ်ရောက်ရှိလာမယ်လို့ ကြိုတင်ခန့်မှန်းတွက်ချက်ထားပါတယ်။

သတိပေးနှိုးဆော်

မုန်တိုင်းခရိုဆာ ဝင်ရောက်လာနိုင်တဲ့ အန္တရာယ်ကြောင့် ပြည်သူတွေအနေနဲ့ မုန်တိုင်းအခြေအနေနဲ့ပတ်သက်တဲ့ မိုးလေဝသ သတင်းတွေကို မျက်ခြည်မပြတ်အာရုံစိုက်ဖို့ မိုးလေဝသဌာနက တိုက်တွန်းနှိုးဆော်လျက် ရှိပါတယ်။ ။

ကိုးကား-ဆင်ဟွာ

> “ရေလွှမ်းမိုးမှုကြောင့် ရှေ့မဆက်နိုင် နောက်မဆုတ်နိုင် အနေအထားနဲ့ သောင်တင်နေတဲ့ မော်တော်ယာဉ်တွေဆီ ကယ်ဆယ်ရေးဆောင်ရွက်ဖို့နဲ့ ထိခိုက်ပျက်စီးသွားတဲ့ အဆောက်အအုံတွေရဲ့ အပျက်အစီးပုံတွေအောက်မှာ အသက်ရှင်လွတ်မြောက်သူတွေကို ကယ်ဆယ်နိုင်ဖို့ ကယ်ဆယ်ရေးလုပ်သားတွေ အားသွန်ခွန်စိုက် အလုပ်လုပ်နေကြပါတယ်။ သစ်ပင်တွေ လဲကျထားတာတွေနဲ့အတူ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုတွေကလည်း နေရာအနှံ့ဖြစ်ပွားနေပါတယ်”

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပု စစ်တွေမြို့တွင်းလမ်းများအဆင့်မြှင့်တင်ထားမှုနှင့် မြို့ရေပေးရေးအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

စစ်တွေ ဩဂုတ် ၁၁
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်နှင့်အတူ ဩဂုတ် ၉ ရက်က စစ်တွေမြို့တွင်းလမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် စစ်တွေမြို့ မြို့ရေပေးရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အောင်မင်္ဂလာရပ်ကွက် ရေတွင်းလမ်း၊ ကုန်တန်းရပ်ကွက် ကုန်သည်လမ်းနှင့် နာဇီကျေးရွာတွင်း လမ်းများကွန်ကရစ် ခင်းကျင်းပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ ချေးငွေဖြင့်ဆောင်ရွက်သော စစ်တွေမြို့ မြို့ရေပေးရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ၂၀၁၈-၂၀၁၉ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်သော စစ်တွေမြို့ ပြည်တော်သာရပ်ကွက် သတ္တဌာနလမ်းသွယ် မီးရထားလမ်းဘေးကို ကွန်ကရစ်ခင်းခြင်း၊ တံတားပြုလုပ်ခြင်း၊ အုတ်ရေမြောင်းပြုလုပ်ခြင်း လုပ်ငန်းပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်း-နိုင်လင်းကြည်၊ ဓာတ်ပုံ-အောင်ရဲသွင်

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု စစ်တွေမြို့တွင်းလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် မြစ်ကြီးနား မြို့ပေါ်ရပ်ကွက်များအတွင်း လူထုလှုပ်ရှားမှုအသွင်ဖြင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုအားပေး

မြစ်ကြီးနား ဩဂုတ် ၁၁
ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ခြင်ကြောင့်ဖြစ်ပွားတတ်သော တုပ်ကွေးရောဂါများ ဖြစ်ပွားမှု လျော့ချနိုင်ရေးအတွက် မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီးအပါအဝင် မြို့ပေါ်ရပ်ကွက်များအတွင်း လူထုလှုပ်ရှားမှုအသွင်ဖြင့် သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ယမန်နေ့က ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှု အားပေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြစ်ကြီးနားပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေး ပြည်နယ်ဝန်ကြီးချုပ်က ဆေးရုံသုံးပစ္စည်း Infusion Pump ၁၀ စုံ ဝယ်ယူရန်အတွက် ငွေကျပ်သိန်း ၅၀ နှင့် ပြည်နယ်လူမှုရေးဝန်ကြီးဦးနေဝင်းက Intraosseous needle sets ဝယ်ယူရန်အတွက် ငွေကျပ် ၄၅ သိန်းကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ဆေးရုံအုပ်ကြီးတို့ထံ ထောက်ပံ့ ပေးအပ်သည်။

ထို့နောက် ကလေးကုသဆောင်၌ ဆေးဝါးကုသမှုခံယူနေသော လူနာများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ဆေးရုံဝင်းအတွင်း ဆေးရုံဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့၊ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တပ်ကုန်း (ထွယ်ဆန်ယန်)ရပ်ကွက်လမ်းသွယ် ၁၁ အတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေဝပ်သည့်နေရာကို ရှင်းလင်းဆောင်ရွက်ပေးနိုင်ရေး ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး **(အပေါ်ပုံ)** စီတာပူရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းအတွင်း ရေဝပ်လျက်ရှိသည့် ဘောလုံးကွင်းနေရာနှင့် မနောကွင်းရှေ့ ရေနုတ်မြောင်း ပိတ်ဆို့နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ရေနုတ်မြောင်း တစ်လျှောက် ရှင်းလင်းဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာများအား မှာကြားသည်။

ယင်းနောက် ခေမာသီရိရပ်ကွက်၊ ရမ်ပူရပ်ကွက်နှင့် ကြက်ပေါင်ခြံရပ်ကွက်တို့အတွင်း ရပ်ကွက်နေ ပြည်သူများ၏ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့နှင့် ရေဝပ်သည့်နေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရေဝပ်သည့်နေရာများတွင် အမြန်ဆုံးရှင်းလင်းဆောင်ရွက်နိုင်ရေးအတွက် ရေနုတ်မြောင်းများကောင်းမွန်စွာ စီးဆင်းနိုင်ရေး စီမံဆောင်ရွက်ကြရန်နှင့် အဆိုပါရပ်ကွက်များအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဖြူးချောင်းရေလှောင်တမံ စစ်ဆေး

ဖြူး ဩဂုတ် ၁၁
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် တိုင်းဒေသကြီး ဌာနဆိုင်ရာများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ဖြူးချောင်းရေလှောင်တမံစီမံကိန်းသို့ လာရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်နှင့်အတူ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ဖြူးတမံမှ ရှင်းလင်းတင်ပြကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ တမံနှင့် ရေပိုလွှဲကြံ့ခိုင်ရေး ဆောင်ရွက်ထားမှု၊ ရေပိုလွှဲမှ ရေကျော်မှု၊ လျှပ်စစ်ဓာတ်အားပေး စက်ရုံမှ ဓာတ်အားထုတ်လုပ်နိုင်မှုနှင့်အတူ ဆည်ရေလျှော့ချပေးနိုင်မှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြူးချောင်းရေလှောင်တမံဆည်ရေကို ဓာတ်အားထုတ်လုပ်မှုအပြင် စိုက်ပျိုးရေအတွက်ပါ အပြည့်အဝအကျိုးရှိအောင် အသုံးချနိုင်ရန်၊ ရေလှောင်တမံနှင့် ရေလွှဲဆည်တို့၏ သဘာဝအလှအပများဖြင့် သဘာဝခရီးသွားလုပ်ငန်းများကို ကြိုတင်ထည့်သွင်းစဉ်းစားရန်၊ ရေလှောင်တမံမှ ရေပြည့်၍ ရေပိုလွှဲမှရေကျော်မှုအပေါ် ပြည်သူများ မလိုလားအပ်သော စိုးရိမ်မှုများမဖြစ်ပေါ်စေရေး ရှင်းလင်းပြောပြထားရန် မှာကြားခဲ့သည်။

ဖြူး(ပြန်/ဆက်)

စစ်ကိုင်းမြို့ကို သန့်ရှင်းသာယာလှပသောမြို့အဖြစ် တိုင်းဒေသကြီးအစိုးရအဖွဲ့က ရွေးချယ်ထား

စစ်ကိုင်း ဩဂုတ် ၁၁
စစ်ကိုင်းတိုင်းဒေသကြီးအတွက် သန့်ရှင်းသာယာလှပသောမြို့အဖြစ် စစ်ကိုင်းမြို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ရွေးချယ်ထားကြောင်း စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ထိုသို့ ရွေးချယ်ထားသည့်အတွက် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို ယခင်ကထက် ပိုမိုလုပ်ဆောင်နိုင်ရန်အတွက် ဩဂုတ် ၉ ရက်က မြို့နယ်စီမံခန့်ခွဲမှု ကော်မတီရုံးခန်း၌ မြို့မိ မြို့ဖအဖွဲ့၊ မြို့တော်ဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ အကြံဉာဏ်များတောင်းခံခြင်း စစ်ကိုင်းမြို့အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းဝေးကို ကျင်းပခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်ထံမှ သိရသည်။

စစ်ကိုင်းမြို့အား သန့်ရှင်းသာယာလှပသောမြို့အဖြစ် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ရွေးချယ်ထားသည့်အတွက် ရပ်ကွက်အလိုက် လူမှုရေးအသင်းအဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများ၊ ရပ်ကွက်နေပြည်သူများဖြင့် အမှိုက်ကောက် ကမ်ပိန်းပြုလုပ်ခြင်း၊ လိုအပ်သည့်နေရာများတွင် အမှိုက်စုကန်ချထားပေးခြင်း၊ အမှိုက်သိမ်းစနစ်ပြုလုပ်ပေးခြင်း စသည့်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် စစ်ကိုင်းမြို့နေ ပြည်သူများက ဝိုင်းဝန်းပူပေါင်း ပါဝင်ဆောင်ရွက်စေလိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ခိုင်ဇေယျ

ရှမ်းပြည်နယ်ဝန်ကြီးချုပ် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းများ ကွင်းဆင်းစစ်ဆေး

တောင်ကြီး ဩဂုတ် ၁၁
ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင်အတွင်းရှိ မိုးစပါး မျိုးစေ့ထုတ်စိုက်ခင်းများသို့ ဩဂုတ် ၉ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီးမြို့နယ် တာယောမျိုးသန့်ခြံသို့ ရောက်ရှိပြီး ဘာစမာတီနှင့် ရွှေရင်အေးမျိုးစေ့ထုတ်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ပြည်နယ်အတွင်း အဓိကစိုက်ပျိုးသော ရွှေရင်အေးစပါးနှင့် အလားအလာကောင်းသော ဘာစမာစပါးမျိုးသန့် ထုတ်လုပ်မှုကို ရှင်းလင်းတင်ပြပြီး **(ဝဲပုံ)** ညောင်ရွှေမြို့နယ် ကျော့မောင်ငယ် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ၌ SRI စနစ်ဖြင့် စပါးစိုက်ပျိုးပွဲနှင့် စုပေါင်း မြေသြဇာကြဲပက်ပွဲသို့ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး

တရုတ်နိုင်ငံမှ အထွေထွေရောဂါအထူးကုဆရာဝန်ကြီးများ မူဆယ်ဒေသအတွင်း အခမဲ့ ဆေးကုသပေး

မူဆယ် ဩဂုတ် ၁၁

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့တွင် တရုတ်နိုင်ငံမှ အထွေထွေရောဂါအထူးကုဆရာဝန်ကြီးများမှ မူဆယ်ဒေသအတွင်း အခမဲ့ ဆေးကုသပေးရန်အတွက် ရွှေလီကျင်းချိန်ဆေးရုံ၏ အုပ်ချုပ်ရေးအပိုင်းနှင့် တည်ဆောက်ရေးအပိုင်းတွင် တာဝန်ခံ မစ္စတာဖုယိုကန်းဦးစီးသည့် တရုတ်နိုင်ငံကျင်းချိန်ဆေးရုံမှ အထွေထွေရောဂါအထူးကုဆရာဝန်၊ ဆရာမများနှင့် သူနာပြုဆရာ ဆရာမများပါဝင်သည့် အဖွဲ့ဝင် စုစုပေါင်း ၂၄ ဦးတို့သည် မူဆယ်နယ်စပ်ဒေသတွင် အခမဲ့ဆေးကုသပေးရန်အတွက် ယမန်နေ့က မူဆယ်မြို့ဟိုနားရပ်ကွက်အတွင်းရှိ အသစ်ဆောက်လုပ်ထားသော ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြသည်။

အဆိုပါအဖွဲ့သည် မူဆယ်မြို့နယ်အတွင်းရှိ ဒေသခံများအား သွေးပေါင်ချိန်ပေးခြင်း၊ ဆီးချိုရောဂါ ရှိ မရှိစစ်ဆေးပေးခြင်း၊ အဖျားတိုင်းပေးခြင်း၊ အာထရာဆောင်းရိုက်ပေးခြင်းနှင့် (ECG) ဆွဲပေးခြင်းများကို ပြုလုပ်ပေးခဲ့သည်။

ဆက်လက်၍ ဆရာဝန်ကြီးများက နှလုံးသွေးကြောရောဂါများ၊ အမျိုးသမီးရောဂါများ၊ အရိုးအဆစ်ရောဂါများ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများ၊ ဟော်မုန်းဆိုင်ရာရောဂါများ နာတာရှည်ရောဂါနှင့် သက်ကြီးရွယ်အိုရောဂါဝေဒနာရှင်များကို ကြည့်ရှုခဲ့ပြီး အခမဲ့ဆေးကုသပေးခဲ့သည်။

"ကျွန်တော်တို့ ဆေးကုသတဲ့နေရာမှာ ဘာအခက်အခဲမှ မရှိပါဘူး။ ဒီမှာရှိတဲ့ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းကလူတွေနဲ့ လူမှုရေးအသင်းကသူတွေက လိုအပ်တဲ့နေရာတွေမှာ အဘက်ဘက်ကနေ ကူညီဆောင်ရွက်ပေးခဲ့တဲ့အတွက်လည်း ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု နှလုံးအထူးကု ဆရာဝန်ဒေါက်တာ ဇင်မင်းထွန်းက ပြောသည်။

ဒေသခံများအား ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်စဉ်။

ယင်းသို့ ဆေးကုသမှုခံယူသည့် လူနာ စုစုပေါင်း ၂၆၆ ဦးရှိပြီး အဆိုပါ ဆေးကုသပေးရေးအဖွဲ့ကို မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း မူဆယ်(ရုံးခွဲ)မှ ဥက္ကဋ္ဌ ဦးရှင်ဖူး ဦးဆောင်သည့် ချစ်ကြည်ရေးအဖွဲ့၊ မူဆယ်မိခင်ကလေးနှင့် အမျိုးသမီးရေးရာအဖွဲ့ တရုတ်နိုင်ငံ ရွှေလီမြို့ရှိ မြန်မာနိုင်ငံသားများ ကျန်းမာရေးကူညီမှုအသင်း၊ မူဆယ်မြို့ရှိ သဒ္ဓါကြည်ဖြူအသင်းနှင့်မေတ္တာပန်းခင်းအသင်းတို့မှ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သန့်ဇင်(မူဆယ်)

နေပြည်တော်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရေးဆိုင်ရာ ရှင်းလင်း

နေပြည်တော် ဩဂုတ် ၁၁

နေပြည်တော်အခွန်ဦးစီးဌာနမှ ပြည်ထောင်စုနယ်မြေအတွင်း အခွန်အများဆုံးထမ်းဆောင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းနှင့် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရေးဆိုင်ရာ ရှင်းလင်းခြင်းကို ဩဂုတ် ၉ ရက်က ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (စုပေါင်းရုံး)၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနတိုင်းဦးစီးမှူး သူရဦးထင်ကျော်မိုးက ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွင်း တစ်နိုင်ငံလုံးတွင် အခွန်အများဆုံးထမ်းဆောင်ခဲ့သော အခွန်ထမ်း ၁၀၀၀ တွင် ပါဝင်သည့် အခွန်ထမ်းလေးဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကာ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာန တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများက နေပြည်တော်အတွင်း ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်ခဲ့သည့် အခွန်ထမ်း ၁၀ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။ ထို့နောက် ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာသင်းက ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

တောင်ပြိုးပွဲတော်ကာလအတွင်း မန္တလေး-မတ္တရာရထားကို နေ့စဉ် အစုန်-အဆန် ၁၂ ခေါက် ပြေးဆွဲလျက်ရှိ

မန္တလေး ဩဂုတ် ၁၁

ဝါခေါင်လဆန်း ၈ ရက်မှ ဝါခေါင်လပြည့်နေ့အထိ နှစ်စဉ်ကျင်းပသည့် တောင်ပြိုးပွဲတော်ကာလအတွင်း ပြည်သူများ သွားလာမှုအဆင်ပြေစေရန် မြန်မာ့မီးရထားအနေဖြင့် မန္တလေး-မတ္တရာ ရထားကို တစ်ရက်လျှင် အစုန်-အဆန် ၁၂ ခေါက် ပြေးဆွဲပေးနေကြောင်း သိရသည်။

မန္တလေး မြောက်ပြင်မှ သူရဲဈေး-မတ္တရာ-သူရဲဈေး ရထားခရီးစဉ်၏ သူရဲဈေးဘူတာမှ တောင်ပြိုးပွဲတော်ခရီးစဉ်အတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀ နှုန်းဖြင့် ပြေးဆွဲပေးနေခြင်းဖြစ်သည်။ သူရဲဈေးဘူတာမှ အစောဆုံးရထားသည် နံနက် ၆ နာရီ ၅၀ မိနစ်တွင် ထွက်ခွာပြီး နောက်ဆုံးရထားသည် ည ၇ နာရီ ၂၅ မိနစ်တွင် ထွက်ခွာသည်။ တောင်ပြိုးဘူတာမှ အစောဆုံးရထားမှာ နံနက် ၇ နာရီ ၃၅ မိနစ်တွင် ထွက်ခွာပြီး နောက်ဆုံးရထားသည် ညနေ ၆ နာရီခွဲတွင် ထွက်ခွာကာ လမ်းတစ်လျှောက် ကြာမြင့်ချိန်မှာ မိနစ် ၄၀ နီးပါးရှိသည်။

ယခုနှစ် ပြေးဆွဲပေးနေသည့် ရထားတွင် စက်ခေါင်းနှစ်လုံး အပါအဝင် တွဲ ၁၀ တွဲ ပါရှိကြောင်း၊ တွဲတစ်တွဲလျှင် လူဦးရေ ၆၀ မှ ၇၀ အထိ တင်ဆောင်နိုင်ကြောင်း၊

သူရဲဈေး-မတ္တရာ ရထားခရီးစဉ်တွင် လိုက်ပါစီးနင်းနေကြသော တောင်ပြိုးပွဲသို့သွားမည့် ပြည်သူများ။

ခရီးသည်များ အဆင်ပြေစေရေးအတွက် သူရဲဈေး-မတ္တရာ ရထားလမ်းပိုင်းတွင် လမ်း ပြုပြင်ခြင်းအပြင် ချုံနွယ်များရှင်းလင်းခြင်းနှင့် သူရဲဈေးဘူတာ မြေထိန်းနံရံ တည်ဆောက်ခြင်းတို့ကို မြန်မာ့မီးရထား အင်ဂျင်နီယာအဖွဲ့က ကြိုတင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သူရဲဈေးဘူတာမှ ရုံပိုင် ဦးအေးမင်းက ပြောသည်။

တောင်ပြိုးပွဲတော် အကြိုကာလတွင် အဆိုပါရထားကို မန္တလေးမြို့ပေါ်မှ ခရီးသည်များသာ လိုက်ပါစီးနင်းမှုများခဲ့သော်လည်း ပွဲတော်ကာလတွင်မူ အနယ်နယ်အရပ်ရပ်မှ နယ်ဝေးခရီးသည်များပါ လိုက်ပါစီးနင်းလျက်ရှိကြောင်း သိရသည်။

ယခင်နှစ် တောင်ပြိုးပွဲတော်ကာလအတွင်းက ရထားစီးခရီးသည် စုစုပေါင်းသည် ၁၇၄၁၀ ဦးရှိခဲ့ကာ နောက်ဆုံးရက်တွင် စီးနင်းလိုက်ပါသူ ၃၂၈၁ ဦးဖြင့် အများဆုံးဖြစ်ခဲ့ကြောင်း၊ ချိုးရေတော်သုံးသည့် ဝါခေါင်လဆန်း ၁၁ ရက်တွင် ၃၁၁၁ ဦးဖြင့် ဒုတိယအများဆုံးဖြစ်ခဲ့ကြောင်း သိရသည်။ ယခုနှစ် ပွဲတော်သို့ ကိုယ်ပိုင်ကားများ၊ အငှားယာဉ်များ၊ ဆိုင်ကယ်များဖြင့် ယခင်နှစ်ထက် ပိုမိုလာရောက်နိုင်ကြခြင်းကြောင့် ယခုနှစ် ရထားစီးခရီးသည် အရေအတွက်မှာ ယခင်နှစ်ထက် လျော့နည်းလာကြောင်း သိရသည်။

တင်မောင် (မန်းကိုယ်ပွား)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၁-၈-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၂၁၇၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၆၅၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၂၁၇၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၆၅၆၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၈၄၀/၉၀၀	ကျပ်	၉၀၅/၉၂၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၅၀/၉၁၀	ကျပ်	၉၂၀/၉၃၅	ကျပ်
အောက်တိန်း ၉၂	၇၄၀/၈၀၅	ကျပ်	၈၂၅/၈၄၅	ကျပ်
အောက်တိန်း ၉၅	၈၂၀/၈၉၅	ကျပ်	၉၃၅	ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၅၀၈ ‧ ၀
ဥရောပ	တစ်ယူရို	ကျပ်	၁၆၈၈ ‧ ၃
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၀၉၀ ‧ ၈
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၈၂၇ ‧ ၅
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၄၂၃ ‧ ၉
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၁၀၂၆ ‧ ၂
တရုတ်	တစ်ယွမ်	ကျပ်	၂၁၃ ‧ ၇၀
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၁ ‧ ၃၃၇
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၂၄ ‧ ၅၈
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၆၀ ‧ ၃၈
ထိုင်း	တစ်ဘတ်	ကျပ်	၄၉ ‧ ၀၆၅

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

စတော့အိတ်ချိန်း ဈေးကွက် (၉-၈-၂၀၁၉)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၁၀၀၀	၁၁၅၀၀	၁၈၇၅	၂၁၅၆၁၅၀၀
MTSH	၃၄၅၀	၃၅၀၀	၅၈၅၉	၂၀၂၁၅၃၀၀
MCB	၈၂၀၀	၈၂၀၀	၁၁၃၃	၉၂၉၀၆၀၀
FPB	၂၆၀၀၀	၂၆၀၀၀	၇၄	၁၉၂၄၀၀၀
TMH	၂၉၅၀	၂၉၀၀	၃၈၉၄	၁၁၆၅၁၅၅၀

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၄၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၄၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၄၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၄၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကျွန်တော်နဲ့ ပညာရေးလောက

ပါမောက္ခ၊ ဒေါက်တာ အောင်ထွန်းသက်

ကျွန်တော်ဟာ ပညာရေးလောကသားတစ်ယောက်ပါ။ အလုပ်တာဝန်တွေ မျိုးစုံလုပ်နေပေမယ့် ရင်ထဲမှာတော့ ကျောင်းဆရာတစ်ယောက်ရဲ့ဘဝကို မြတ်နိုးပါတယ်။ နှစ်သက်ပါတယ်။ စိတ်ဝင်စားတဲ့ ဘာသာရပ်ကလည်း လက်တွေ့လောကနဲ့ နီးစပ်နေတဲ့ စီးပွားရေးဘာသာဖြစ်တာမို့ စာတွေ့၊ လက်တွေ့ ဆက်စပ်ခွင့်ရခဲ့ပါတယ်။ ကျောင်းသင်ခန်းစာတွေမှာ လက်တွေ့ အတွေ့အကြုံတွေကို မျှဝေပေးနိုင်သလို လက်တွေ့လုပ်ငန်းတွေမှာလည်း အတွေးအခေါ်အယူအဆတွေ၊ အမြင်တွေ၊ သုတေသနတွေ့ရှိချက်တွေကို တင်ပြခွင့်ရှိခဲ့ပါတယ်။

ဆရာဘဝကို မြတ်နိုးမိတဲ့အတွက် ဟောပြောတဲ့နေရာမှာ အမှတ်မထင်ဘဲ ကိုယ့်ကိုယ်ကိုယ် "ဆရာ" ဆိုတဲ့ အသုံးအနှုန်းကို သုံးမိပါတယ်။ အခုလိုသုံးစွဲတာကို ဝေဖန်ကြပါတယ်။ ဝေဖန်တာကိုလည်း နားလည်မိတယ်။ မိမိစိတ်ထဲမှာတော့ အခုလို သုံးတာဟာ ဘာကိုမှရည်ရွယ်တာ မဟုတ်ပါဘူး။ ပရိသတ်တွေကို ကိုယ့်ရဲ့တပည့်တွေအနေနဲ့လည်း မမြင်ပါဘူး။ ဒါကြောင့်လည်း ဆင်ခြင်ပြီး "ဆရာ" အစား "ကျွန်တော်"ဆိုတဲ့ အသုံးအနှုန်းကိုသုံးဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ခက်တာက ကိုယ့်အရှေ့က ပရိသတ်အများစုဟာ ကိုယ့်ထက်အသက်အားဖြင့် ငယ်နေတာကို ကိုယ်က "ကျွန်တော်"သုံးရင် သူတို့အတွက် ကသိကအောက်ဖြစ်မှာ စိုးရိမ်မိပါတယ်။

ကျေကျေနပ်နပ်နဲ့ အမြဲကြိုဆို

ကျွန်တော် သံယောဇဉ်ကြီးတဲ့ ပညာရေးလောကနဲ့ ဘယ်တော့မှ အဆက်မပြတ်ခဲ့ပါဘူး။ အခွင့်အရေးရတိုင်းလည်း စာသင်ပေးခဲ့ပါတယ်။ ဘွဲ့လွန်သင်တန်းတွေ၊ ဘွဲ့ကြိုသင်တန်းတွေအပြင် ဟောပြောပွဲတွေ လုပ်ပေးခဲ့ပါတယ်။ အခြေခံက ကိုယ်သိသမျှကို မျှဝေချင်တဲ့ စေတနာသာဖြစ်တယ်။ လူအများကို ဖြန့်နိုင်ရင် အကျိုးရှိမယ်လို့ ယုံကြည်မိပါတယ်။ ဒါကြောင့်လည်း စာသင်ကြားဖို့၊ ဟောပြောဖို့ ဖိတ်ကြားတဲ့အခါတိုင်း မငြင်းခဲ့ပါဘူး။ ကျေကျေနပ်နပ်နဲ့ အမြဲကြိုဆိုခဲ့တယ်။ လက်ခံခဲ့ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးစနစ်ဟာ လွတ်လပ်ရေးမရခင်ကတည်းက ပုံစံအမျိုးမျိုးနဲ့ ပြောင်းလဲခဲ့ပါတယ်။ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး ရန်ကုန်အပါအဝင် မြန်မာပြည်အောက်ပိုင်းကို သိမ်းပိုက်ပြီးချိန်မှာ ကိုလိုနီအစိုးရက ပညာရေးစစ်တမ်းတစ်ရပ်ကို ဆောင်ရွက်ခဲ့ပါတယ်။ တွေ့ရှိချက်အရ စာတတ်မြောက်မှုနှုန်းဟာ ထိုကာလက အင်္ဂလန်နိုင်ငံရဲ့ စာတတ်မြောက်မှုနှုန်းထက် မြင့်မားကြောင်း အံ့သြဖွယ်ရာ တွေ့ခဲ့ရတယ်။ အခုလိုဖြစ်တာဟာ မြန်မာမင်းအဆက်ဆက်က ပျံ့နှံ့ခဲ့တဲ့ ဘုန်းကြီးကျောင်းပညာရေးစနစ်ကြောင့် ဖြစ်ပါတယ်။ ဒီစနစ်ကြောင့် လူအများစုဟာ "အ သုံးလုံး" ကို တတ်မြောက်ခဲ့တယ်။ ရေးတတ်၊ ဖတ်တတ်၊ တွက်တတ်ကြပါတယ်။ ဒီစနစ်ကို အင်္ဂလိပ်မင်းတွေဟာ အတန်းပညာစနစ်နဲ့ အစားထိုးခဲ့တယ်။ လွတ်လပ်ရေးမရမီ ပညာရေးစနစ်နဲ့ ပတ်သက်ပြီး ကန့်ကွက်မှုတွေ၊ ဆန္ဒပြမှုတွေ အကြိမ်ပေါင်းများစွာ ကျင်းပခဲ့တယ်။ ကျောင်းသားသမဂ္ဂတွေ ဖွဲ့စည်းပြီး လှုပ်ရှားမှုတွေ လုပ်ခဲ့တယ်။ ဒါကြောင့်လည်း အာဇာနည်ဗိုလ်အောင်ကျော်တို့လို မန္တလေးမြို့မှာ ကျောင်းသားအာဇာနည်တွေ ပေါ်ပေါက်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးလှုပ်ရှားမှုမှာ ကျောင်းသားထုရဲ့ အရေးပါမှုကို ငြင်းပယ်လို့မရနိုင်ပါဘူး။ ကျောင်းသားနဲ့ နိုင်ငံရေးဟာ အစဉ်အမြဲ ဒွန်တွဲနေမှာကို အသိအမှတ်ပြုမှာ ဖြစ်ပါတယ်။

လက်ဆင့်ကမ်းပြီး အကောင်အထည်ဖော်

မြန်မာနိုင်ငံရဲ့အဆင့်မြင့်ပညာဟာ အင်္ဂလန်နိုင်ငံမှာရှိတဲ့ ကမ္ဘာကျော် အောက်စ်ဖို့ဒ်တက္ကသိုလ်၊ ကိန်းဘရစ်ပုံစံကို အခြေခံပြီး ဖော်ထုတ်ခဲ့တယ်။ ဒီတက္ကသိုလ်နှစ်ခုဟာ ကောလိပ်တွေနဲ့ ဖွဲ့စည်းထားတာဖြစ်တယ်။ ဒါကြောင့်လည်း ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ပြည့်နှစ်မှာ တည်ထောင်ဖို့ ယူနီဗာစတီကောလိပ်နဲ့ ဂျပ်ဆင်ကောလိပ်ကို အခြေခံပြီး ဖွဲ့စည်းခဲ့တယ်။ ရန်ကုန်တက္ကသိုလ်ရဲ့ ဘွဲ့နှင်းသဘင်အဆောက်အအုံကြီးဟာ အလွန်ကျက်သရေရှိပြီး ခမ်းနားလှပါတယ်။ တက္ကသိုလ်ရဲ့ ပတ်ဝန်းကျင်ကိုလည်း သပ်သပ်ရပ်ရပ်ဖန်တီးခဲ့တယ်။ တက္ကသိုလ်က ပါမောက္ခအိမ်တွေဟာ အင်းလျားကန်အလွန်မှာရှိတဲ့ တစ်ချိန်တုန်း က အတွင်းဝန်များ၊ အရာရှိကြီးများရဲ့ နေအိမ်တွေနဲ့ တစ်ပုံစံတည်းဖြစ်တယ်။ တက္ကသိုလ်ဆရာ ဆရာမတွေရဲ့ အဆင့်အတန်းကို နိုင်ငံ့ခေါင်းဆောင်တွေနဲ့ တစ်တန်းတည်းထားတာဖြစ်တယ်။ လွတ်လပ်ရေးရပြီးချိန်ကနေ ၁၉၆၂ ခုနှစ်အထိ စစ်ကြိုခေတ်က အထက်တန်းပညာရေးစနစ်ကို အရင်အတိုင်း လက်ဆင့်ကမ်းပြီး အကောင်အထည်ဖော်ခဲ့တယ်။

ရန်ကုန်တက္ကသိုလ်ဟာ အရှေ့တောင်အာရှနိုင်ငံတွေအထဲမှာ အထင်ရှားဆုံးတက္ကသိုလ်အနေနဲ့ ရပ်တည်ခဲ့ပါတယ်။ အိမ်နီးနားချင်းနိုင်ငံက ကျောင်းသားတွေ လာရောက်ပြီး ပညာသင်ခဲ့ကြတယ်။ ဆရာ ဆရာမတွေဟာလည်း ထူးချွန်ပြောင်မြောက်လှတဲ့ ပညာရှင်တွေဖြစ်ခဲ့တယ်။ ၁၉၆၂ ခုနှစ်နောက်ပိုင်းမှာ ဆိုရှယ်လစ်ပညာရေးစနစ်ကို အကောင်အထည်ဖော်ခဲ့တယ်။ တက္ကသိုလ်မှာရှိတဲ့ မဟာဌာနတွေကို ဖျက်သိမ်းပြီး တက္ကသိုလ်အသစ်တွေ ဖော်ထုတ်ခဲ့တယ်။ ပေါ်ပေါက်လာတဲ့ နိုင်ငံရေးစနစ်ကို ထောက်ခံအားပေးတဲ့ ပညာရေးစနစ်ကို ကျင့်သုံးခဲ့တယ်။ အနောက်နိုင်ငံတွေမှာ ပညာသင်ခဲ့တဲ့ ဆရာ ဆရာမတွေကို ဆိုရှယ်လစ်နိုင်ငံမှာ ပညာသင်ခဲ့သူတွေနဲ့ အားဖြည့်ခဲ့တယ်။ ဒီအပြောင်းအလဲကို ကျွန်တော်ကိုယ်တိုင် ထိတွေ့ခံစားခဲ့တယ်။ ဆယ်တန်းအောင်ပြီး ရန်ကုန်တက္ကသိုလ်မှာ ဥပစာဝိဇ္ဇာသင်တန်းတွေ တက်ခဲ့တယ်။ စိတ်ထဲမှာလည်း ရန်ကုန်တက္ကသိုလ်ကပေးအပ်တဲ့ ဝါဏိဇ္ဇ ဝိဇ္ဇာဘွဲ့ရချင်တဲ့ဆန္ဒနဲ့။ ဒါပေမယ့် တတိယနှစ်တက်တဲ့အခါ ရန်ကုန်တက္ကသိုလ်ကို ဖျက်သိမ်းလိုက်တာမို့ အသစ်ဖွင့်လှစ်တဲ့ စီးပွားရေးတက္ကသိုလ်မှာ ဘွဲ့ယူခဲ့ရပါတယ်။ စီးပွားရေးတက္ကသိုလ်ဟာ မြန်မာဘာသာအနေနဲ့ ပြဿနာမဖြစ်ပေမယ့် အင်္ဂလိပ်လို ဘာသာပြန်ရာမှာ Yangon (Institute of Economics) အဖြစ် ပြန်ဆိုခဲ့တယ်။ ဒါကြောင့်လည်း ကျွန်တော် နိုင်ငံခြားပညာတော်သင် လျှောက်တဲ့အခါ ပြဿနာတက်ခဲ့တယ်။ Institute က ဘွဲ့ရတာမို့ တက္ကသိုလ်ကပေးတဲ့ ဘွဲ့အနေနဲ့ မသတ်မှတ်ခဲ့ပါဘူး။ အဆိုးထဲက အကောင်းက ဘွဲ့ကို အသိအမှတ်မပြုတာမို့ မဟာသိပ္ပံအတန်းကို တိုက်ရိုက်တက်ခွင့်မရဘဲ ဘွဲ့လွန်ဒီပလိုမာကို ယူဖို့ တစ်နှစ်အချိန်ကုန်ခဲ့တယ်။ အင်္ဂလန်မှာ တစ်နှစ်ပိုပြီး နေခွင့်ရခဲ့တာ။ ဆိုရှယ်လစ်ခေတ်မှာ ကျောင်းသားအရေးအခင်းတွေက မကြာခဏ ဖြစ်ခဲ့တယ်။ ပညာရေးစနစ်က မတည်ငြိမ်ခဲ့ဘူး။ ထစ်ခနဲဆိုတာနဲ့ ကျောင်းကိုပိတ်တာ။ အမှန်တော့ တက္ကသိုလ်တွေကို အခုလို အစိုးရအာဏာနဲ့ ပိတ်ခွင့်ရှိတာ မဟုတ်ပါဘူး။

> **"အခုအချိန်မှာတော့ ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်နေရတယ်။ ခက်တာက မရှိတာတွေကို တည်ဆောက်ရတာတင် မဟုတ်ဘဲ ရှိခဲ့ပြီး ပျက်စီးခဲ့တာတွေကို ပြုပြင်ရတာမို့ ပိုပြီးခက်ခဲပါတယ်။ ပညာရေးစနစ်နဲ့ ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်တဲ့အခါ မူကြိုပညာရေးက အစ ဘွဲ့လွန်အဆင့်မြင့်ပညာရေးအထိ လုပ်စရာတွေက များလွန်းတာမို့ ဘယ်ကစလုပ်ရမလဲဆိုတာ စဉ်းစားနေရတာ"**

၁၉၈၈ နောက်ပိုင်းမှာတော့ ပုံစံအမျိုးမျိုးနဲ့ ပညာရေးစနစ်ကို ပြောင်းခဲ့ပြန်တယ်။ ကျွန်တော် မကြာခဏပြောခဲ့၊ ရေးခဲ့သလို နိုင်ငံရေးပြဿနာကို ပညာရေးနည်းနဲ့ အဖြေရှာခဲ့တယ်။ အခြေခံနိုင်ငံရေးပဋိပက္ခကို ပညာရေးစနစ်သစ်နဲ့ ဆောင်ရွက်ခဲ့တယ်။ ရန်ကုန်တက္ကသိုလ်ကို ပိတ်ပြီး အဆောင်စနစ်ကိုလည်း ဖျက်သိမ်းခဲ့တယ်။ ပဋိပက္ခဖြစ်ရင် လူထုအင်အားကို အသုံးပြုမှာ စိုးရိမ်တာမို့ လူနဲ့ဝေးလံတဲ့နေရာတွေမှာ တက္ကသိုလ်တွေ ထူထောင်ခဲ့တယ်။ အဝေးသင်ပညာရေးစနစ်ကိုလည်း တိုးချဲ့ခဲ့တယ်။ လူစုလူဝေးဖြစ်မှာကို စိုးရိမ်တယ်။ တစ်ဖက်ကလည်း "အရည်အချင်းမှသည် အရေအတွက်" ဆိုတဲ့မူကို ကျင့်သုံးခဲ့တာ။ တက္ကသိုလ်တွေရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်တွေကိုလည်း ပိတ်ပင်ခဲ့တယ်။

အခုအချိန်မှာတော့ ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်နေရတယ်။ ခက်တာက မရှိတာတွေကို တည်ဆောက်ရတာတင် မဟုတ်ဘဲ ရှိခဲ့ပြီး ပျက်စီးခဲ့တာတွေကို ပြုပြင်ရတာမို့ ပိုပြီးခက်ခဲပါတယ်။ ပညာရေးစနစ်နဲ့ ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်တဲ့အခါ မူကြိုပညာရေးကအစ ဘွဲ့လွန်အဆင့်မြင့်ပညာရေးအထိ လုပ်စရာတွေက များလွန်းတာမို့ ဘယ်ကစလုပ်ရမလဲဆိုတာ စဉ်းစားနေရတာ။ ဒါပေမယ့် လုပ်နိုင်တာကိုတော့ အတတ်နိုင်ဆုံးလုပ်ရမှာဖြစ်တယ်။

အလေ့အကျင့်ပေးခြင်းသာဖြစ်

ကျွန်တော်လည်း ကိုယ်တတ်နိုင်တဲ့ဘက်က ပါဝင်ပတ်သက်နေခဲ့တယ်။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးရဲ့ ဦးဆောင်မှုနဲ့ ရန်ကုန်နဲ့ မန္တလေးမှာရှိတဲ့ တက္ကသိုလ်ပါမောက္ခချုပ်တွေ၊ ဒုတိယပါမောက္ခချုပ်တွေ၊ ပါမောက္ခတွေနဲ့ ထိတွေ့ခွင့်ရခဲ့တယ်။ အခုဆိုရင် တစ်ကမ္ဘာလုံးမှာ စက်မှုတော်လှန်ရေးအဆင့်(၄)ကို အကောင်အထည်ဖော်လျက်ရှိတယ်။ မြန်မာပြည်မှာလည်း လိုက်မီအောင် ကြိုးစားလျက်ရှိတယ်။ စက်မှုတော်လှန်ရေးအဆင့်(၄)အတွက် အခြေခံဖြစ်တဲ့ ပညာရေးအဆင့်(၄)ကိုလည်း အကောင်အထည်ဖော်ဖို့ လိုအပ်တယ်။ ဒါကြောင့် ဒီအကြောင်းအရာကို ကျွန်တော်က ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမမှာ ကျင်းပတဲ့ အခမ်းအနားမှာ မျှဝေခဲ့ပါတယ်။ စက်မှုတော်လှန်ရေးအဆင့်(၄)မှာ လိုအပ်တဲ့ ပညာရပ်တွေဟာ နည်းပညာနဲ့ ပတ်သက်တဲ့ ဘာသာရပ်တွေသာမက လူတွေနဲ့ ထိတွေ့ဆက်ဆံတဲ့ ပညာတွေဟာ အရေးကြီးကြောင်း တွေ့ရတယ်။ (၂၁)ရာစုမှာ လိုအပ်တဲ့ ကျွမ်းကျင်မှု(၄)ရပ်ရှိကြောင်းကို မျှဝေခဲ့တယ်။ ပထမက ဆန်းစစ်တွေးခေါ်မှု (Critical thinking) ဖြစ်တယ်။ အရာရာကို အလွယ်တကူလက်မခံဘဲ ဆင်ခြင်ဆန်းစစ်ဖို့ လိုအပ်တယ်။ အမှားနဲ့ အမှန်ကို ခွဲတတ်ဖို့ လိုအပ်တယ်။ ဒါကြောင့်လည်း အခုလို စိစစ်မှုလုပ်တဲ့ အတွေးအမြင်တွေဟာ အရေးကြီးတာ။ အထူးသဖြင့် လူမှုရေးမီဒီယာကြောင့် လူအများစုဟာ မဆင်ခြင်ဘဲ လွယ်လွယ်နဲ့ယုံကြတယ်၊ လက်ခံကြတယ်။ အခုလို ဆင်ခြင်မှုအားနည်းတာမို့ အမုန်းတရားတွေ ပြန့်ပွားနေတာ။ အယုံလွယ်ပြီး မစဉ်းစားဘဲ၊ မဆန်းစစ်ဘဲ၊ ယုတ္တိရှိမရှိကို မသုံးသပ်ဘဲ ခပ်လွယ်လွယ်လက်ခံကြတာ။ ဒါကြောင့်လည်း ပညာရေးလောကမှာ ဒီပညာကို ပိုပြီးသင်ကြားဖို့ လိုအပ်တယ်။ ပုစ္ဆာတွေ တွက်ချက်ခြင်းဟာ ဆင်ခြင်ဆန်းစစ်မှုကို အလေ့အကျင့်ပေးခြင်းသာဖြစ်တယ်။

လုပ်ဖော်ကိုင်ဖက်တွေနဲ့ ညှိနှိုင်းရမယ်

ဒုတိယပညာက တီထွင်ဖန်တီးမှုဖြစ်တယ်။ စိတ်ကူးယဉ်တာကို အားပေးဖို့ လိုအပ်တယ်။ သူများမမြင်တာကို မြင်နိုင်ရမယ်။ အသစ်အဆန်းတွေကို ကြိုဆိုဖို့ လိုအပ်တယ်။ တတိယက ဆက်သွယ်ဆက်ဆံမှုဖြစ်တယ်။ ပြောတတ်ဖို့ လိုတယ်။ ရေးတတ်ဖို့ လိုတယ်။ တင်ပြတတ်ဖို့ လိုတယ်။ ကျောင်းဆရာ ဆရာမတွေမှာ ပိုပြီးအရေးကြီးတာ။ တစ်ဖက်ကလည်း နားထောင်တတ်ဖို့လည်း လိုအပ်တယ်။ နားထောင်ခြင်းဟာ ပညာတစ်ရပ်ဖြစ်တယ်။ လွယ်တဲ့ကိစ္စတော့မဟုတ်ဘူး။ အားထုတ်ရမယ်။ ကြိုးစားရမှာဖြစ်တယ်။ အထူးသဖြင့် ရာထူးကြီးတဲ့ တာဝန်ကြီးကြီးရထားသူတွေအတွက် ပိုပြီးလိုအပ်တယ်။ ကျောင်းဆရာ ဆရာမတွေဟာ ကျောင်းသားတွေကို စာတွေသင်ကြားပို့ချနေတာမို့ နားထောင်ခွင့်မရှိကြဘူး။ ရာထူးကြီးတဲ့သူတွေမှာလည်း အခုလိုပါပဲ။ နားထောင်မှ နားလည်မှာ။ ဒါကြောင့် (၈၀/၂၀) ပုံသေနည်းကို ကျွန်တော်က အမြဲသတိပေးခဲ့တယ်။ အချိန် တစ်နာရီရရင် ၁၂ မိနစ်ပြောပြီး ၄၈ မိနစ် နားထောင်သင့်တယ်။ အခုတော့ အချိုးကပြောင်းပြန်။ နောက်ဆုံးပညာရပ်ကတော့ ပူးပေါင်းဆောင်ရွက်မှုဖြစ်တယ်။ အရာရာကို တစ်ဦးတစ်ယောက်တည်း မဆောင်ရွက်နိုင်ဘူး။ အများနဲ့၊ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ညှိနှိုင်းရမယ်။ ပူးပေါင်းရမယ်။ အပြန်အလှန် အကူအညီပေးရမှာဖြစ်တယ်။ ဒီပညာရပ်(၄)ရပ်ဟာ နည်းပညာ၊ ဘယ်လိုပဲ တိုးတက်တိုးတက် မရှိမဖြစ်တဲ့ ဘာသာရပ်တွေသာဖြစ်တယ်။

ကျွန်တော်က မန္တလေးတက္ကသိုလ်နဲ့ မစိမ်းဘူး။ စီးပွားရေးပညာဌာနအတွက် ဆွေးနွေးမှုတွေ လုပ်ပေးခဲ့တယ်။ ဒီတစ်ခေါက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနဲ့ အတူ သွားရောက်ခဲ့တယ်။ ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးက တက္ကသိုလ်များရဲ့ ပါမောက္ခချုပ်တွေ၊ ဒုတိယပါမောက္ခချုပ်တွေ၊ ပါမောက္ခတွေနဲ့ တွေ့ဆုံပွဲတွေ စီစဉ်ထားတာ။ ကျွန်တော်က ပညာရေးအရေး ဦးဆောင်မှုနဲ့ စီမံခန့်ခွဲမှုခေါင်းစဉ်နဲ့ ဆွေးနွေးခဲ့ပါတယ်။ အမှန်တော့ တက်ရောက်လာတဲ့ ဆရာ ဆရာမကြီးတွေဟာ ပညာရေးဆိုင်ရာတာဝန်တွေသာမက တက္ကသိုလ်တွေ၊ ဌာနတွေမှာ ဦးဆောင်နေရသူ၊ စီမံခန့်ခွဲနေရသူတွေ ဖြစ်တယ်။ ဒါကြောင့်လည်း ကျွန်တော်က ခေါင်းဆောင်မှုနဲ့ စီမံခန့်ခွဲမှု အကြောင်းအရာတွေကို ပြည့်ပြည့်စုံစုံ တင်ပြဆွေးနွေးတယ်။ တက်ရောက်လာတဲ့ သူတွေကလည်း စိတ်ဝင်တစားနဲ့ မေးခွန်းတွေမေးကြတယ်။ ဆွေးနွေးကြတယ်။ ကျွန်တော်က အခုလို ဆွေးနွေးတာကို သိပ်သဘောကျတာ။ တစ်ယောက်နဲ့ တစ်ယောက် အတွေးတွေ၊ အမြင်တွေ၊ အယူအဆတွေ မျှဝေခွင့်ရတာ ရခဲလှတဲ့အခွင့်အရေးတစ်ရပ်ပါ။ အခုလိုမေးတာတွေကို သုံးသပ်ရင် ကျွန်တော့်မှာ ပညာအများကြီးရခဲ့ပါတယ်။ မေးခွန်းမေးသူတွေကိုလည်း ကျေးဇူးတင်မိတယ်။

မန္တလေးတက္ကသိုလ်ဟာ ၁၉၂၅ ခုနှစ်မှာ တည်ထောင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်က ၁၉၂၀ ပြည့်နှစ်။ ဒါကြောင့် ရန်ကုန်တက္ကသိုလ် ရာပြည့်ကို မကြာမီ ကျင်းပတော့မှာပါ။ မန္တလေးတက္ကသိုလ်ရဲ့ပင်မအဆောက်အအုံမှာ ကျောက်စာကမ္ပည်းဖတ်ခဲ့ရတယ်။ အဆောက်အအုံမှာ တိုင်ရှစ်လုံးရှိတယ်။ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမလိုပဲ ကျက်သရေရှိတယ်။ ဒီတက္ကသိုလ်နှစ်ခုဟာ ကျွန်တော်တို့ ပညာရေးစနစ်ရဲ့ အနှစ်တွေဖြစ်တယ်။ ဒါကြောင့်လည်း ပညာရေးပြုပြင်ပြောင်းလဲမှုမှာ ဒီတက္ကသိုလ်နှစ်ခုကို ဗဟိုပြုပြီး ဆောင်ရွက်နေတာဖြစ်တယ်။ ကျွန်တော်ကတော့ အခုလို ဘဝတူလောကသားတွေနဲ့ ထိတွေ့ရလို့ ဝမ်းသာမိတယ်။ ကြည်နူးမိတယ်။ ဂုဏ်ယူမိပါတယ်။ ဆရာ ဆရာမတွေရဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကို ကိုယ်ချင်းစာတယ်။ နားလည်တယ်။ ကျွန်တော်က အပြင်ကလူ။ ကိုယ်တိုင်ကိုယ်ကျ ခံစားနေတာ မဟုတ်ဘူး။ ဒါကြောင့် သူတို့ကို ခွန်အားပေးခွင့်ရတာကို ကျေနပ်မိပါတယ်။ ။

နတ်မောက်မြို့တွင် မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာများ အသိပညာပေး

နတ်မောက် ဩဂုတ် ၁၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ လူကုန်ကူး၊ လူမှောင်ခို၊ သက်ငယ်မုဒိမ်းကြိုတင်ကာကွယ်ရေးဆိုင်ရာများ အသိပညာပေးကွင်းဆင်းဆောင်ရွက်မှုကို ယမန်နေ့က ဆည်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သန်းမြင့်၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင့်တင့်ဝေ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာခင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိနှင့် ဒုတိယမြို့နယ်ပညာရေးမှူးတို့က ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာနေပြည်သူ ၂၀၀ တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ မွန်းလွဲပိုင်းတွင် ဖက်တော၊ ထန်းပင်ကုန်းကြီး ကျေးရွာများရှိ ကျောင်းများတွင် အသိပညာ ပေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

Myat Myittar Mon Petrol Terminal Group ၏ နောက်ဆုံးအကြိမ် ကံထူးရှင်ရွေးချယ်ပွဲမှ ပေါက်မဲနံပါတ်များ

RANGE ROVER EVOQUE (2) စီး

BD863291
BG788385

TOYOTA AVANZA (24) စီး

AM139737	AP129418	AV143377	AX658331	BB567211	BD196132	BG766538	BJ159883
AK827942	AU534124	AW725698	AX965719	BC214867	BD362121	BH573933	BK891882
AO915213	AU666557	AX258713	BA756132	BC431585	BE532446	BJ153928	BM885949

HONDA NCX (65) စီး

AA836683	AJ275879	AO475778	AU796285	AY641124	BA534817	BD824684	BF833769	BH988591	BK764125	BL842293
AE566921	AK819756	AP559224	AV787599	AY753456	BA788945	BD859167	BG184885	BJ375812	BK834389	BL978484
AG159437	AL644758	AT248715	AV947234	AZ467315	BB858675	BE437289	BG342649	BK115229	BK878287	BM516398
AI353122	AM191523	AT919576	AW626423	AZ482942	BC992721	BE612426	BG539228	BK279284	BL221565	BM663955
AI798584	AM398951	AT968622	AX661785	AZ554751	BD321613	BE978179	BG546497	BK466466	BL655384	BN328171
AJ171268	AN293979	AU174785	AX727767	AZ593187	BD814516	BF823968	BH846919	BK721129	BL698538	

I PHONE X (34) လုံး

AG835356	AQ418295	AU623884	AV469812	AY137197	BB869142	BD341277	BE395824	BG254481	BH415844	BK862258	BM998478
AM829728	AT889767	AU965492	AV491794	AY234736	BC434645	BD432951	BE685398	BG396553	BI143183	BK958599	
AN284771	AT938185	AV146974	AW997959	BB454888	BC876675	BD656735	BF112393	BH328322	BJ982795	BL212641	

MI A2 LITE (1350) လုံး

AA833395	AM333437	AS191844	AU986428	AX345816	AZ151362	BA745453	BD217788	BE888223	BG561935	BI268827	BK827818
AA853844	AM336415	AS659797	AV129141	AX376644	AZ187342	BA746255	BD219754	BE915377	BG568492	BI273934	BK827894
AB227567	AM336618	AS667534	AV129863	AX377531	AZ216335	BA766366	BD246544	BE917545	BG585323	BI278652	BK834762
AD155462	AM376853	AS686228	AV138729	AX382553	AZ217529	BA799595	BD248111	BE917986	BG587715	BI284921	BK837517
AD252638	AM378681	AS762481	AV154565	AX386448	AZ225496	BA816239	BD251619	BE921397	BG635492	BI285299	BK842741
AD281214	AM391121	AS889353	AV166314	AX418457	AZ237463	BA827362	BD255999	BE922191	BG638523	BI285592	BK843343
AD459324	AM429165	AS911291	AV171661	AX431426	AZ252923	BA834327	BD276922	BE943241	BG641862	BI289253	BK849946
AD474274	AM456526	AS971388	AV174684	AX436428	AZ256255	BA851135	BD312582	BE945622	BG642365	BI316379	BK857178
AD667179	AM466192	AS997274	AV186415	AX444893	AZ257581	BA867579	BD324939	BE962721	BG648414	BI372749	BK872212
AD927632	AM483896	AS997991	AV192663	AX455723	AZ259598	BA881758	BD326143	BE978424	BG666493	BI375619	BK877159
AE291275	AM518419	AT119272	AV229943	AX456653	AZ266321	BA918355	BD338978	BE981521	BG669827	BI378283	BK886713
AE952722	AM524658	AT138856	AV247559	AX467275	AZ279647	BA939165	BD344999	BE989124	BG673547	BI391417	BK924628
AF347664	AM579588	AT197495	AV278297	AX497671	AZ279734	BA944672	BD354781	BE993658	BG684275	BI673745	BK928475
AF772424	AM585599	AT213584	AV288885	AX512631	AZ288519	BA948329	BD356745	BF123613	BG691521	BI674373	BK929852
AF783939	AM594928	AT213972	AV294164	AX564551	AZ295125	BA974943	BD367226	BF128837	BG712916	BI682216	BK939916
AF822878	AM597933	AT216461	AV298352	AX573568	AZ316486	BA976263	BD368547	BF129419	BG725836	BI686324	BK957136
AG134228	AM614132	AT227437	AV357441	AX583857	AZ359438	BA978897	BD412583	BF129759	BG728682	BI739453	BK975315
AG159669	AM625581	AT228281	AV371214	AX614929	AZ365976	BB116144	BD423564	BF147568	BG742776	BI741958	BK991877
AG159934	AM628524	AT229651	AV415557	AX641132	AZ385724	BB164891	BD423644	BF162628	BG764534	BI743972	BK992179
AG175274	AM638448	AT236786	AV428616	AX641712	AZ393625	BB185682	BD432774	BF211593	BG764944	BI744987	BK994368
AG176753	AM644437	AT252592	AV428879	AX669748	AZ421379	BB192153	BD433278	BF212839	BG768157	BI746457	BL114717
AG288413	AM672887	AT261337	AV433457	AX713863	AZ431794	BB195521	BD441717	BF215875	BG781738	BI869351	BL145392
AG454748	AM674696	AT263845	AV439591	AX728566	AZ445768	BB281448	BD442253	BF222539	BG784362	BI878496	BL145624
AG471869	AM688734	AT275982	AV449692	AX757278	AZ469316	BB324696	BD448771	BF251752	BG817968	BI886516	BI158558
AG553548	AM697779	AT287753	AV459435	AX762436	AZ483854	BB326979	BD461631	BF257447	BG842399	BI889479	BI165773
AG623556	AM736135	AT316221	AV464562	AX766362	AZ493366	BB329521	BD463417	BF266966	BG854424	BJ125264	BL183428
AG626751	AM798647	AT337865	AV471311	AX767825	AZ517432	BB336183	BD465715	BF291524	BG867455	BJ128197	BL187724
AG633695	AM829692	AT341265	AV474289	AX776976	AZ539474	BB345911	BD533299	BF294759	BG875133	BJ141462	BL187752
AH156353	AM836842	AT365551	AV512475	AX785786	AZ539753	BB363446	BD583265	BF339656	BG878829	BJ146551	BL193659
AH158612	AM841363	AT368312	AV582428	AX789921	AZ541815	BB385259	BD589849	BF343945	BG879668	BJ148828	BL214565
AH173247	AM856779	AT377169	AV593556	AX797878	AZ575566	BB422821	BD594149	BF351765	BG885823	BJ149834	BL284428

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

AH173412	AN147354	AT383896	AV631482	AX813375	AZ577499	BB446866	BD597781	BF351913	BG932314	BJ151492	BL348724
AH232139	AN265743	AT391677	AV637414	AX828669	AZ581798	BB455231	BD623236	BF368835	BG937643	BJ155873	BL353744
AH241995	AN279321	AT392379	AV637879	AX829565	AZ594588	BB463192	BD625361	BF374947	BG938511	BJ167712	BL372962
AH278321	AN432615	AT412665	AV686487	AX837216	AZ612817	BB473632	BD671694	BF375258	BG944798	BJ172134	BL414469
AH489722	AN484481	AT418395	AV718434	AX847965	AZ617933	BB479975	BD684396	BF392465	BG959556	BJ172961	BL423765
AH891533	AN511842	AT439967	AV771134	AX861265	AZ663793	BB518385	BD687544	BF394735	BH145473	BJ177189	BL423989
AH891797	AN613298	AT472286	AV772561	AX862382	AZ664234	BB525137	BD693635	BF398918	BH161181	BJ181592	BL425254
AH974472	AN626834	AT477411	AV789997	AX887451	AZ672257	BB567652	BD722291	BF423958	BH182989	BJ181792	BL431251
AH975171	AN633999	AT551221	AV812248	AX892996	AZ686358	BB586495	BD727328	BF437853	BH227346	BJ182418	BL435414
AI188585	AN635278	AT556918	AV849618	AX927288	AZ692436	BB623995	BD727856	BF463618	BH236736	BJ273842	BL436637
AI198139	AN668541	AT561573	AV849653	AX931718	AZ697114	BB643611	BD733457	BF494948	BH239316	BJ275632	BL442634
AI257544	AN672912	AT571878	AV962431	AX953196	AZ721524	BB645158	BD763174	BF495858	BH249529	BJ276472	BL515873
AI411577	AN794719	AT619356	AV985355	AX958929	AZ727255	BB684911	BD767994	BF515646	BH273319	BJ281474	BL613573
AI673788	AN795847	AT697871	AV989848	AX968113	AZ727579	BB687458	BD811943	BF516379	BH288893	BJ324769	BL629127
AI677228	AN967988	AT699646	AV994237	AY119484	AZ745478	BB727957	BD817764	BF519256	BH314668	BJ342582	BL629348
AI813881	AN979448	AT715862	AV997562	AY119788	AZ745518	BB743964	BD858846	BF528323	BH315212	BJ389264	BL629392
AI821431	AN986364	AT726163	AW215169	AY129581	AZ758936	BB747733	BD862527	BF549811	BH331269	BJ391849	BL629832
AI821556	AN989295	AT738395	AW223944	AY144851	AZ764565	BB749824	BD865231	BF555331	BH335727	BJ412999	BL632834
AI834574	AN996761	AT746393	AW273554	AY145962	AZ772171	BB784414	BD882323	BF558967	BH342591	BJ413382	BL645159
AI835711	AN998768	AT751147	AW389788	AY155955	AZ818628	BB797922	BD932636	BF563186	BH344525	BJ417547	BL646889
AJ155426	AO111879	AT753188	AW423948	AY169911	AZ826896	BB815625	BD961255	BF565234	BH351544	BJ427692	BL647736
AJ156763	AO111927	AT764942	AW474278	AY186283	AZ839758	BB856376	BD976574	BF582786	BH372242	BJ436481	BL663989
AJ173263	AO112712	AT769242	AW486767	AY188676	AZ841781	BB865932	BD997573	BF591781	BH385914	BJ448669	BL673641
AJ188456	AO115837	AT866715	AW494357	AY197829	AZ846189	BB875294	BE117125	BF622383	BH389339	BJ449872	BL691271
AJ217665	AO119831	AT881813	AW514571	AY219659	AZ846735	BB896369	BE141283	BF638112	BH393919	BJ478967	BL713613
AJ292264	AO123843	AT889824	AW517126	AY231518	AZ863877	BB946484	BE146188	BF638828	BH395329	BJ479823	BL744359
AJ336178	AO198448	AT895948	AW529558	AY237349	AZ867292	BC135664	BE156767	BF662782	BH427325	BJ485854	BL761548
AJ471434	AO211365	AT897424	AW535872	AY264765	AZ868861	BC137546	BE159349	BF714178	BH446827	BJ527428	BL781511
AJ597933	AO243328	AT913673	AW539928	AY269176	AZ872676	BC164854	BE161791	BF718327	BH451997	BJ529622	BL788875
AJ641244	AO249127	AT919915	AW541364	AY289974	AZ887577	BC169966	BE163277	BF723428	BH473222	BJ618867	BL797861
AJ847262	AO414384	AT926168	AW545879	AY298286	AZ889392	BC184171	BE167694	BF737697	BH495138	BJ635968	BL811629
AJ851946	AO442579	AT934895	AW553294	AY318577	AZ931678	BC194294	BE171966	BF754151	BH514983	BJ696995	BL836734
AK252626	AO527614	AT951436	AW584735	AY334824	AZ939167	BC238733	BE197366	BF773879	BH526329	BJ722494	BL841456
AK258753	AO545937	AT982275	AW586586	AY345658	AZ954954	BC252559	BE219636	BF789396	BH531398	BJ726396	BL849367
AK288217	AO645383	AU112263	AW662641	AY347867	AZ967953	BC257677	BE252757	BF791711	BH538541	BJ773827	BL855771
AK289658	AO717233	AU134572	AW664573	AY366634	BA115689	BC278391	BE282998	BF817117	BH552281	BJ968932	BL855948
AK296266	AO942546	AU149451	AW667212	AY392147	BA124117	BC313894	BE293387	BF818897	BH567722	BJ974646	BL885599
AK533474	AO961953	AU149473	AW667365	AY396845	BA126859	BC329192	BE293671	BF886749	BH568987	BK113495	BL919442
AK544558	AO996995	AU173139	AW671929	AY416511	BA136657	BC383257	BE299682	BF888953	BH572365	BK115572	BL922112
AK557878	AP145666	AU196921	AW719817	AY434292	BA149969	BC385984	BE325917	BF918522	BH577514	BK125764	BL923431
AK583382	AP146863	AU221578	AW734415	AY434615	BA155184	BC419181	BE344238	BF921862	BH588711	BK132926	BL925612
AK715995	AP348382	AU225586	AW744761	AY441598	BA177647	BC426882	BE351182	BF923462	BH614916	BK259953	BL928684
AK727998	AP348886	AU293924	AW765412	AY448184	BA184676	BC458863	BE354783	BF925797	BH636661	BK279838	BL939935
AK735411	AP358879	AU296575	AW778176	AY455464	BA199429	BC461873	BE374666	BF932561	BH639756	BK389418	BL979672
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ဂျပန်နိုင်ငံရှိ သတင်းစာတိုက်ကြီးမှ ပညာသင်စရိတ်ထောက်ပံ့ပေးမည့် ၂၀၂၀ခုနှစ်၊ ဧပြီလမှ ၂၀၂၂ခုနှစ်၊ မတ်လပညာသင်နှစ်အတွက် သတင်းစာပညာတော်သင် ကျောင်းသား/ကျောင်းသူ လျှောက်လွှာခေါ်ယူခြင်း

ခေါ်ယူမည့်ကျောင်းသား

၁။ ၂၀၂၀ခုနှစ်၊ဧပြီလမှ ၂၀၂၂ခုနှစ်၊မတ်လအထိ(၂)နှစ်ကြာ ဂျပန်စာသင်ကျောင်းတွင် ပညာသင်ယူနိုင်မည့်သူ။
၂။ တက္ကသိုလ်ဘွဲ့ရရှိပြီးသူ အသက် (၁၈ ~ ၃၀) ကြားဖြစ်ရမည်။(ကျန်းမာရေးကောင်းသူ)
၃။ ဆိုင်ကယ်လိုင်စင်ရှိသူ (သို့) ကားလိုင်စင်ရှိသူ (သို့) ၂၀၁၉ခုနှစ်(၁၀)လပိုင်းအတွင်း လိုင်စင်ရမည့်သူ။
၄။ ဂျပန်နိုင်ငံ အသိအမှတ်ပြု N5 နှင့်အထက်အောင်လက်မှတ်ရရှိပြီးသူဖြစ်ရပါမည်။ဂျပန်စာသင်ယူရန် စိတ်ဝင်စားသူဖြစ်ရပါမည်။
၅။ ဂျပန်နိုင်ငံ၏စည်းကမ်း၊ ကျောင်းစည်းကမ်းတို့ကို လိုက်နာမည့်သူ။
၆။ နောင်တစ်ချိန်တွင် မိမိကိုယ်ကိုနှင့် မိမိနိုင်ငံအတွက် အကျိုးပြုသူတစ်ယောက်ဖြစ်ရမည်ဟု ယုံကြည်ထားသူ။

ခေါ်ယူမည့်ပုံစံ

၁။ ကျား/မမရွေး ကိုယ်ရေးရာဇဝင် (အင်္ဂလိပ်လို) ကို အီးမေးလ်ဖြင့် ပို့ပေးရန်။
၂။ (25.8.2019နှင့် 1.9.2019)နံနက်၁၀နာရီမှမွန်းလွဲ၁နာရီအထိ Yangon International Hotel, 8 floors, Ballroom ခန်းမတွင်ဆွေးနွေးပွဲကျင်းပပါမည်။ အသေးစိတ်ပြင်ဆင်ရမည့် အရာများကို အီးမေးလ်ဖြင့်အကြောင်းကြားပေးမည်ဖြစ်ပါသောကြောင့် CV form ပေးပို့ထားနိုင်ပါသည်။
* ရှင်းလင်းပွဲသည် အခမဲ့ဖြစ်ပါသည်။
* နှစ်ရက်ကျင်းပမှာဖြစ်သည့်အတွက် အဆင်ပြေသောတစ်ရက်ကိုသေချာပေါက် တတ်ရောက်ပေးပါ။ နှစ်ရက်လုံးတူညီသော အကြောင်းအရာကိုရှင်းလင်းမှာဖြစ်ပါသည်။
* နောက်ကျသောဧည့်သည်များ ခန်းမအတွင်း ဝင်ခွင့်မရှိပါ။
* ထိုင်ခုံအရေအတွက်သတ်မှတ်ထားသောကြောင့် CV ပို့ပေးသောသူများသာ ရှင်းလင်းပွဲ ခန်းမ အတွင်းဝင်ရောက်ခွင့်ရပါမည်။

၃။ အသေးစိတ်သိရှိလိုပါက Facebook တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
၄။ CVနှင့်အကြံတောင်းစာကို Akamonkai Facebook Page တွင် Download ရယူပြီး အောက်ပါ E-mail ကိုပို့ပေးပါ။
၅။ အင်တာဗျူးကို (13.9.2019 ~ 15.9.2019) ရက်နေ့တွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။ အင်တာဗျူးမလာနိုင်သောသူများကို ကျရှုံးဟု သတ်မှတ်ပါမည်။

ပေးပို့ရန် E-mail - mainichi.student2016@gmail.com

ဆက်သွယ်ရန် - AKAMONKAI JAPANESE LANGUAGE SCHOOL
ဖုန်း-၀၉-၄၅၄၀၁၁၈၁၉၊ ၀၉-၇၈၆၄၃၃၄၅၀၊၀၉-၇၈၆၄၃၃၄၅၁

Facebook - AKAMONKAI JAPANESE LANGUAGE SCHOOL YANGON

မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများ ဒေဝယက္ခမန်းဆေးနဲ့ ကာကွယ်ပါ

မိုးဦးကျပြီဖြစ်၍ သရက်သီး၊ ပိန္နဲသီး၊ ဒူးရင်းသီး၊ ကြက်မောက်သီး၊ မင်းဂွတ်သီး၊ နာနတ်သီး စသည့်ရာသီစာများကို မဆင်မခြင်စားသုံးခြင်းကြောင့် အဖုအကျိတ်အမျိုးမျိုး၊ ယားနာများ၊ ဝမ်းပျက်ဝမ်းလျှောနှင့် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများ၊ သံကောင်၊ တုတ်ကောင်များနှင့် ကူးစက်သောရောဂါများ ပုံမှန်ဖြစ်ပွားတတ်ပါသည်။ ဖော်ပြပါ ရာသီစာ လွန်ကဲစွာစားသုံးခြင်းကြောင့် အဖုအကျိတ်များနှင့် ရောဂါများဖြစ်ပွားလျှင် ဒေဝယက္ခအကျိတ်ကြေမန်းဆေးကို သုံးစွဲခြင်းဖြင့် ကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

-အမြို့မြို့ဆိုင်များတွင် လွယ်လင့်တကူ ရရှိနိုင်ရန် စီစဉ်ထားပါသည်။

-ရဟန်းသံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များ လိုအပ်ပါက အလှူခံတော်မူကြပါ။

အဖုအကျိတ်ဆို ပေါင်ဒါဘူးထဲထည့်လို့ရအောင် မှုန့်သွားမယ်

ဒေဝယက္ခအကျိတ်ကြေအနုမြူမန်းဆေး၊ ပဲခူးမြို့၊ ဖုန်း-၀၉-၅၃၀၀၁၄၁

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/7835 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/7839၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

မာ် SEVEN ဝံ

မြေကွက်များရောင်း/ဝယ်ရေး

ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊

(ရွှေပေါက်ကံမြို့သစ်)

အိမ်အရောက် ငွေပေးချေသည်။

"ပွဲခလုံးဝမယူပါ"။

09 - 33 333 511

09 - 33 333 644

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၄၊ အကွက်အမှတ် ၆/ဈေးမြောက်ရပ်၊ ဦးပိုင်အမှတ် ၂၁-က၊ မြေယာအမှတ် 248-A၊ မြေဧရိယာ ၀ဒသမ၀၃၂၈ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ခင်မြမြပါ(၅)ဦး ၉/မမန(နိုင်)၀၁၇၃၀၀မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၄၁၇/ခ၊ မြေကွက်တည်နေရာအမှတ် ၄၁၇/ခ၊ ဇာနည်အထက် ၁၁လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသန်းမြင့် (ဖခင်) ကွယ်လွန်ပြီး ဒေါ်မြကြည် (မိခင်)နှင့် ဦးထွန်းထွန်းဦး (အစ်ကို) (လူပျိုကြီးဘဝဖြင့်ကွယ်လွန်)သဖြင့် ဦးလင်းလင်းထွဋ် ၁၂/ဥကတ(နိုင်)၁၄၅၅၁၀မှ သား၊ မွေးချင်းညီအရင်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ - ၁/၅၃၉/၉-၁-၂၀၁၉၊ သေစာရင်းနှင့် ဂရန်မူရင်းတို့ကိုတင်ပြ၍ ပိုင်ဆိုင်မြေပုံကူး လျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ တစ်ထပ်ပျဉ်ထောင်အိမ်တွင် အဒေါ်ဖြစ်သူ ဒေါ်မြင့်မြင့်လွင်နေထိုင်ကြောင်း စစ်ဆေးတွေ့ရှိရပြီး ဇနီး၏အဒေါ် ဒေါ်မြင့်မြင့်လွင် နေထိုင်ကြောင်း ကွင်းဆင်းပုံစံတွင် လက်မှတ်ရေးထိုးတင်ပြ၍ အဒေါ်ဖြစ်သူ ဒေါ်မြင့်မြင့်လွင်ကို အိမ်ငှားအဖြစ်ထားရှိခြင်းအတွက် တစ်စုံတစ်ရာပြဿနာမရှိ တာဝန်ယူကြောင်း ဝန်ခံကတိတင်ပြလာသဖြင့် အဆိုပါ ပိုင်ဆိုင်မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မြောင်းမြခရိုင်တရားရုံး

၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၂၈

ဒေါ်ချိုချိုမြင့် **နှင့်** ဦးရဲအောင်မော်စန်း

တရားလို **တရားပြိုင်**

မြောင်းမြမြို့၊ အမှတ်(၅)ရပ်ကွက်၊ ဦးဘချိုလမ်း၊ နေနန်းတော်-၁တွင် နေထိုင်သူ တရားပြိုင် ဦးရဲအောင်မော်စန်း (ဘ)ဦးရဲသန်း ဟိုတယ်လုပ်ငန်းပိုင်ရှင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေ ၁၀၀၀၀၀၀၀၀/-(ကျပ်သိန်းတစ်ထောင်) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဩဂုတ်၂၈ရက် (၁၃၈၁ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(မြင့်စိုး)**

ခရိုင်တရားသူကြီး

မြောင်းမြခရိုင်တရားရုံး

ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းကြေညာချက်

၁။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေး/ရှေ့၊ အကွက်(၂၉၄) ၌ နေထိုင်သူ ဒေါ်စုစုလှိုင်(ဘ)ဦးအောင်ကျော်ဦး ၉/မဟမ(နိုင်)၀၀၄၈၉၈၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၂။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုစုလှိုင်သည် အောက်ဖော်ပြပါ MUSI ကုန်အမှတ်တံဆိပ်ကို တွန်ဘိုင်း၀တ်အတွင်းခံ (ရင်စီး၊ ဘောင်းဘီ၊ ဘိုင်ဒါ)အမျိုးမျိုး၊ မီးပူတိုက်ဖျန်းဆေးအမျိုးမျိုး၊ အလှကုန်အမျိုးမျိုး၊ တွန်ဘိုင်းသုံးပစ္စည်းအမျိုးမျိုးနှင့် စသည့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားရန်အတွက် မန္တလေးတိုင်းဒေသကြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် ၅၆၃၁/၁၉ဖြင့် ၁၇-၇- ၂၀၁၉ရက်တွင် မှတ်ပုံတင်ခဲ့ပါသည်။

၃။ အထက်အမည်ပါ MUSI ကုန်အမှတ်တံဆိပ်ကို ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ ပုဂ္ဂလိကလုပ်ငန်းတစ်ခုခုကဖြစ်စေ၊ ကုမ္ပဏီတစ်ခုခုကဖြစ်စေ၊ အထက်ပါ MUSI ကုန်အမှတ်တံဆိပ်အား ထပ်တူဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အရောင်အဆင်းတုပ၍ဖြစ်စေ၊ တစ်နည်းနည်းဖြင့်တုပပြုလုပ်သုံးစွဲသည်ကို တွေ့မြင်ကြားသိပါက ယင်းအတုအပများအား ပယ်ဖျက်ပေးသည်အထိအပြင် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးငွေးဦးလင်း(ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၄၂၆)
ဖုန်း-၀၉-၉၆၈၁၈၉၇၆၀

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ဟ/၈၇၇၅ Xin Lan FU 300 သုံးဘီးယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီအေး ၈/မထန(နိုင်)၀၄၄၇၃၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ပြည်)၊ ပြည်မြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/4736၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/8240 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9M/8156 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3M/3441 Hino Du Tro Truck(4x2)R ယာဉ်လက်ဝယ်ရှိသူ Kyaw Emperor Global Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/3272 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)၊ အကွက်အမှတ် (သီရိမဟာတိုးချဲ့ကွက်)၊ ဦးပိုင် ၅၁၇၊ ဧရိယာ ၀ဒသမ၀၉၆ ဧကရှိ မြေဂရန်အမှတ်အမှတ် ၃၂၃-၅/၉၂-၉၃ (စီ)ဖြင့် ပလောင်ငြိမ်းချမ်းရေးအဖွဲ့ အမည်ပေါက်မြေဖြစ်ပြီး အဖွဲ့၏ဆုံးဖြတ်ချက်အရ ဦးခမ်းနောင်သို့ တာဝန်ပေးအပ်ချက်အရ ၃၀-၅-၂၀၁၁ရက်တွင် ဦးတင်မိုးနိုင်သို့ အထူးကိုယ်စားလှယ် ပြန်လည်လွှဲအပ်ချက်အရ ၂၇-၇-၂၀၁၆ရက် အရောင်းအဝယ် စာချုပ်အမှတ် ၃၉I/၂၀၁၇ ဖြင့် ဦးအောင်မိုးဦး ၅/ရဥန(နိုင်)၀၀၂၉၆၄သို့ လွှဲပြောင်းရောင်းချပြီး အမည်ပြောင်းထပ်မံအသစ်လျှောက်ရန် စီစဉ်ဆောင်ရွက်နေစဉ် မြေဂရန် မူရင်းပျောက်ဆုံးသွားပါသဖြင့် ဦးအောင်မိုးဦးမှ မိတ္တူမှန်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက်၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၂)၊ နယ်မြေ(၁၇)၊ အကွက်အမှတ် (၄၃/ရှမ်းဈေးတန်း)၊ ဦးပိုင် ၂၄၊ ဧရိယာ ၀ဒသမ ၀၉၆ ဧကရှိ မြေဂရန်အမှတ်အမှတ် ၁၃၆-၅/၂၀၀၆-၂၀၀၇ (စီ)ဦးစိုင်းတင်ထွန်းအောင် အမည်ပေါက်မြေဖြစ်ပြီး ၁၇-၁၁-၂၀၀၅ရက်တွင် စိုင်းရဲလင်းသို့ အထူးကိုယ်စားလှယ်လွှဲအပ်ချက်အရ ၂၃-၃-၂၀၀၇ရက် အရောင်းအဝယ်စာချုပ်အမှတ် (၉I/၂၀၀၈)ဖြင့် ဒေါ်မျိုးမျိုးသွင်သို့လည်းကောင်း၊ ၂၆-၈-၂၀၁၀ရက် အရောင်းအဝယ် စာချုပ်အမှတ် ၂၉၂I/၂၀၁၀ဖြင့် ဒေါ်မိုးကလျာ ၁၂/အစန(နိုင်)၀၆၄၃၆၇ သို့လည်းကောင်း ထပ်မံလွှဲပြောင်း ရောင်းချပြီးဖြစ်၍ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက်၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၂)၊ နယ်မြေ(၁၇)၊ အကွက်အမှတ် (၄၃/ရှမ်းဈေးတန်းရပ်)၊ ဦးပိုင် ၁၃၊ ဧရိယာ ၀ဒသမ၀၉၆ ဧကရှိ မြေဂရန်အမှတ်အမှတ် ၁၃၇-၅/၂၀၀၆-၂၀၀၇ (စီ) ဦးခင်မောင်လတ် အမည်ပေါက်မြေဖြစ်ပြီး စိုင်းရဲလင်းသို့ အထူးကိုယ်စားလှယ်လွှဲအပ်ချက်အရ ၂၃-၃-၂၀၀၇ရက် အရောင်းအဝယ်စာချုပ်အမှတ် ၁၀I/၂၀၀၈ဖြင့် ဒေါ်မျိုးမျိုးသွင်သို့လည်းကောင်း၊ ၂၆-၈-၂၀၁၀ရက် အရောင်းအဝယ်စာချုပ်အမှတ် ၂၉၁I/၂၀၁၀ဖြင့် ဒေါ်မိုးကလျာ ၁၂/အစန(နိုင်)၀၆၄၃၆၇သို့လည်းကောင်း ထပ်မံလွှဲပြောင်းရောင်းချပြီးဖြစ်၍ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက် ၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်(၆/မြို့မရပ်)၊ လူနေရပ်ကွက်အမှတ် ပုဗ္ဗသီရိ၊ မြေကွက်အမှတ် ၁၄၀၄၊ အလျား(၈၀)ပေခန့်×အနံ(၈၀)ပေခန့်အကျယ်အဝန်းရှိသော ဦးမြင့်နိုင် ၁၄/နေဖ(နိုင်)၀၀၃၈၄၅အမည်ပေါက် နှစ် ၃၀ ဂရန်မြေကွက်ပေါ်ရှိနေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇ၀နဒီပရပ်ကွက်၊ရွှေလီလမ်း၊အမှတ်၁၄၀၄ဟုခေါ်တွင်သော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးမြင့်နိုင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်၄၈/၂၀၁၄ဖြင့် ဝယ်ယူထားသူ ဦးဇော်ဇော် ၉/ရမသ(နိုင်)၁၁၇၅၀၂၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးရွှေကြိုင် ၇/ညလပ(နိုင်)၁၃၂၂၄၀ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်နွယ်နီအောင်	**ဒေါ်ခိုင်ခိုင်ထွန်း LL.B,DIPL**
LL.B,LL.M,D.I.R	**အထက်တန်းရှေ့နေ(စဉ်-၄၆၉၆၄)**
တရားလွှတ်တော်ရှေ့နေ	
(စဉ်-၈၀၄၈)	

အမှတ် ၂၇/၂၉၊ ဒုတိယထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ဒလမြို့နယ်၊ တုံတင်ဂုံ(တောင်)ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ် ၂၂၉/က၊ကွင်း/အကွက် အမည်-ရှမ်းကန်ရွာမကွင်း၊ ဦးပိုင်လုပ်ကွက်အမှတ်-၇/၃၊ ဧရိယာ ၃၁ဒသမ၇၉ဧက အကျယ်အဝန်းရှိသော ဦးကျော်ဦး ၁၂/တတန(နိုင်)၁၄၅၆၈၉ဖြင့် လုပ်ပိုင်ခွင့်ရရှိထားသော လယ်ယာမြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင်များအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးကျော်ဦး ၁၂/တတန(နိုင်)၁၄၅၆၈၉ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်နွယ်နီအောင် LL.B,LL.M,D.I.R
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၄၈)
အမှတ် ၂၇/၂၉၊ ဒုတိယထပ်၊ ၃၅လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၇၇)၊မြေကွက်အမှတ်(၁၂၁၆) မြေကွက်တည်နေရာအမှတ်(၁၂၁၆)၊(၇၇)ရပ်ကွက်၊ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ဦးကျော်စိန် (၁၂/သဃက(နိုင်)၁၃၂၀၃၈)အမည်ပေါက်၊ပါမစ်မြေအားပါမစ်အမည်ပေါက်ဦးကျော်စိန်(၁၂/သဃက(နိုင်)၁၃၂၀၃၈)ကိုယ်တိုင်မှပါမစ်ပျောက်ဆုံးကြောင်းရပ်ကွက်ထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊ဌာနတွင်ကိုယ်တိုင်ဝန်ခံချက်နှင့်မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၊ကျမ်းသစ္စာပေးသူအရာရှိရှေ့မှောက်၌ကျမ်းကျိန်အမှတ်စဉ်(1/1784)(19-1-2018)ဖြင့်အဆိုပါမြေကွက်နှင့်ပတ်သက်သည့်မြေချပါမစ်မူရင်းမှာသိမ်းဆည်းထားရာမှအထားအသိုမှားယွင်းကာပျောက်ဆုံးသွားပါကြောင်း၊မြေချပါမစ်မူရင်းပျောက်ဆုံးသည်မှာမှန်ကန်ကြောင်း၊အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှလွှဲပြောင်းရောင်းချထားခြင်း၊ပေါင်နှံထားခြင်း၊ပေးကမ်းထားခြင်း၊စွန့်လွှတ်ထားခြင်း၊လှူဒါန်းထားခြင်း၊အာမခံအဖြစ်တင်သွင်းထားခြင်းတို့လုံးဝမရှိပါ။အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကမိမိမှတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်းဝန်ခံကျမ်းကျိန်တို့တင်ပြ၍ဦးကျော်စိန်မှပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားလာရာဌာနမှကွင်းဆင်းစစ်ဆေးရာတွင်သွပ်မိုးထရံကာ၊အဆောက်အဦး(၁)လုံးရှိပါသည်။ကိုယ်တိုင်ဆောက်ထားပြီး၊လူနေထိုင်ထား၍ပါမစ်ပျောက်ဖြင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၈၆၂

ဒေါ်ဖြူဖြူအေး	**နှင့်**	ဦးတင်ဦး
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းလမ်း၊ ကျောက်ရေတွင်းရပ်ကွက်၊ အမှတ်-၁၀၂နေ ဦးတင်ဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၂၁ရက် (၁၃၈၁ခုနှစ် ဝါခေါင်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၃၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သန်းဇော်ဦး)
ဒုတိယခရိုင်တရားသူကြီး(၈)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၃၇ နှင့် ဆက်နွယ်သည့် ၂၀၁၉ခုနှစ် တရားမဇာရီမှုအမှတ်-၂၉ ။

ဦးတွမ်စီလီ	**နှင့်**	ဦးတင်ရီ
ဒီကရီအနိုင်ရသူ		**တရားရှုံး**

ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ် (အ-၂၁)၊ ဦးပိုင်၂၊ ငွေတော်ကျီကုန်းရပ်ကွက်နေ ဦးတင်ရီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၃၇တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၉ခုနှစ် ဩဂုတ် ၂၃ ရက် (၁၃၈၁ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၉ခုနှစ် ဩဂုတ် ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကြည်ပြာဆင့်)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ် (AA/မြနန္ဒာ)၊ ပဒေသာရပ်၊ ဦးပိုင်အမှတ် (၂၄၃+၂၄၄)၊ မြေယာအမှတ်(243+244)၊ မြေဧရိယာ၀ဒသမ ၁၁၀ဧက၊ ဦးပိုင်အမှတ်(၂၄၅)၊ မြေယာအမှတ်(245)၊ မြေဧရိယာ ၀ဒသမ၀၅၅ဧက၊ ဦးပိုင်အမှတ်(၂၄၆)၊ မြေယာအမှတ်(246)၊ မြေဧရိယာ ၀ဒသမ ၀၅၅ဧက၊ ဦးပိုင်အမှတ် (၂၄၇-က+၂၄၇-ခ)၊မြေယာအမှတ်(247-A+247-B)၊ မြေဧရိယာ ၀ဒသမ ၀၉၆ဧက၊ ဦးပိုင်အမှတ်(၂၄၈-က+၂၄၈-ခ)၊မြေယာအမှတ် (248-A+248-B)၊မြေဧရိယာ ၀ဒသမ၁၀၃ဧက၊ ဦးပိုင်အမှတ်(၂၄၉)၊မြေယာအမှတ်(249)၊ မြေဧရိယာ ၀ဒသမ ၀၅၅ဧက၊ ဦးပိုင်အမှတ်(၂၅၀)၊ မြေယာအမှတ်(250)၊ မြေဧရိယာ ၀ဒသမ၀၅၅ဧက၊ ဦးပိုင်အမှတ်(၂၅၁)၊မြေယာအမှတ်(251)၊မြေဧရိယာ ၀ဒသမ၀၅၅ဧကနှင့် ဦးပိုင်အမှတ် (၂၅၂) မြေယာအမှတ် (252)၊မြေဧရိယာ၀ဒသမ ၀၅၅ ဧကရှိ မြေကွက်တို့အား မြေငှားဂရန်(အသစ်)လျှောက်ထားနိုင်ရေး ဒေါ်ခင်ဆွေသန်း (၄င်း၏အထူးကိုယ်စားလှယ်လွှဲအပ်ခံရသူ ဒေါ်ခင်နီလာအေး)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဇယန်းကြီး နမ့်ဆန်ကျောင်း ပဓာနနာယကဆရာတော်
ဘဒ္ဒန္တပညာဇောတ
(ရန်ကွက်သံဃနာယကအဖွဲ့ဝင်)
သက်တော် (၇၀)၊ သိက္ခာတော် (၅၀)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ဘုန်းကြီးလမ်း၊ အာသာဝတီ ကျောင်းတိုက်၊ ဇယန်းကြီးနမ့်ဆန်ကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တပညာဇောတမထေရ်မြတ်ကြီးသည် (၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၉ရက်) ၉-၈-၂၀၁၉ရက် (သောကြာနေ့) နံနက် ၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ရက်) ၁၃-၈-၂၀၁၉ရက် (အင်္ဂါနေ့)တွင် ဇယန်းကြီး နမ့်ဆန်ကျောင်း၌ မွန်းတည့် ၁၂ နာရီတွင် အန္တိမစျာပန ဆင်ယင်ကျင်းပပြီး ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား သံဝေဂပွားများနိုင်စေရန် အကြောင်းကြားသိစေအပ်ပါသည်။

(ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

စျာပနကျင်းပရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ခေါ်ကင်ခွမ်း(ခ)ဒေါ်ရှု
အသက်(၁၀၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနီးရွာနေ (ဦးကောင်ကင်ဟိုး-ဒေါ်ငွေ)တို့၏သမီး၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၈)ရပ်ကွက်၊ ဗိုလ်ရွဲလမ်း၊ အမှတ်(၁၃၂)၊ ပထမထပ်နေ [ငေါ်တော်စူး(ခ)ဦးဘီးလင်း]၏ဇနီး၊ (ဦးအေးမြင့်)-ဒေါ်စန်းစန်းတင့်၊ ဦးလှမြင့်-ဒေါ်မြမြသီ၊ ဦးကျော်မြင့်-ဒေါ်ခင်မြင့်အေး၊ ဒေါ်ခင်လေးညို၊ ဦးအောင်မြင့်-ဒေါ်စောမြ၊ ဦးကျော်မင်း-ဒေါ်ဝင်းရီ၊ ဂေါ်တုံကြိုင်း-ဒေါ်သန်းသန်းအေး၊ ဦးတျုလိန်-ဒေါ်ခင်ထွေးအောင်၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦးထိန်လင်း-ဒေါ်မြအေးခိုင်တို့၏မိခင်၊ မြေးသုံးဆယ်ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၈-၈-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဗိုလ်မှူးကြီးရဲဖုန်းမြင့် (ငြိမ်း)
ကြည်း-၁၃၁၃၅၊ DSA(16)
သူရဲကောင်းမှတ်တမ်းဝင်
ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဗိုလ်မှူးဖုန်းမြင့်-ဒေါ်သန်းဆွေ) တို့၏သားလတ်၊ (ဦးအေး)-ဒေါ်မြမြဝင်းတို့၏ သားသမက်၊ ဒေါ်နွဲ့နွဲ့အေး၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဆွေဖုန်းမြင့်-ဦးဟံသာမြင့်တို့၏မောင်၊ ဦးအောင်ဖုန်းမြင့်(Toranto: Canada)၏ အစ်ကို၊ ဒေါ်မေမွန်ဖုန်းမြင့်-ဦးဗညားသန်းဦး၊ ဒေါ်တင်ဇာဖုန်းမြင့်-ဦးဆက်နိုင်၊ ဒေါက်တာဇင်မီဖုန်းမြင့်(UK)-ဒေါက်တာသိတ်ကောင်း (UK)တို့၏ချစ်လှစွာသောဖခင်၊ မောင်လကျာ်မင်းညီ(ILBC)၊ မခင်ဒီပါကို၊ မောင်ဇမ္ဗူစည်သာတို့၏အဘိုးသည် ၉-၈-၂၀၁၉ ရက် (သောကြာနေ့) ညနေ ၅း၀၉နာရီတွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သီဟသူလမ်း၊ အမှတ် ၅၃၇နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီး (ငြိမ်း) ဒေါက်တာဘုန်းရောင်

ကိုဘုန်းရေ…
မျှော်လင့်မထားသေးပေမယ့်
စောစီးစွာထွက်ခွာသွားခဲ့ပြီမို့
မိသားစုနဲ့ ထပ်တူထပ်မျှကြေကွဲ ဝမ်းနည်းရပါတယ်။
အတူတူလက်တွဲခဲ့ရတဲ့ ဘဝခရီးလမ်းတစ်လျှောက်
အမှတ်တရဖြစ်စရာတွေအများကြီးကို သတိရနေမိမှာပါ။
ကောင်းရာဘုံဘဝတစ်ခုကို ရောက်ရှိသွားပြီလို့ယုံကြည်နေပါတယ်။

ဒေါက်တာဝင်းငွေးအောင် မိသားစု
ဒေါက်တာခင်မောင်ညွှန့် မိသားစု

စာရေးသူ Zam အား ဝန်ချတောင်းပန်ခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)မှ ထုတ်ဝေခဲ့သော ၂၀၁၇-၂၀၁၈ ခုနှစ် နှစ်ပတ်လည်မဂ္ဂဇင်းတွင် ကလောင်ရှင် **သူ** (မမေသူခိုင်)ဖြင့် စာမျက်နှာ ၁၃၈မှ ၁၄၀ထိရေးခဲ့သော **အစ်ကို (သို့)အချစ်ဦး** ဝတ္ထုမှာ 2018 August တွင် ရွှေလာဘ်စာပေတွင်ကလောင်ရှင် Zam ရေးခဲ့သော Atlantic နာမည်ဖြင့်ထုတ်ဝေခဲ့သည့် **ပုံပြင်**ဟူသော စာမူအား ကူးယူရေးသားမိသည့်အတွက် ကလောင်ရှင် Zam အား အနူးအညွတ်ဝန်ချတောင်းပန်အပ်ပါသည်။ ထိုဝတ္ထုတို၏ ပိုင်ရှင်အစစ်မှာ ကလောင်ရှင် Zam သာ ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ရွှေလာဘ်စာတိုက်သို့ဝန်ချတောင်းပန်ခြင်း

2018 August တွင် ရွှေလာဘ်စာအုပ်တိုက်မှ Atlantic နာမည်ဖြင့် ထုတ်ဝေခဲ့သော စာအုပ်တွင်ပါဝင်သည့်စာမူအား တစ်စုံတစ်ရာပြောဆိုခြင်းမရှိဘဲ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏၂၀၁၇-၂၀၁၈ ခုနှစ် နှစ်ပတ်လည်မဂ္ဂဇင်းတွင် ကလောင်ရှင် **သူ** (မမေသူခိုင်)သည် စာမျက်နှာ ၁၃၈ မှ ၁၄၀ထိ **အစ်ကို (သို့)အချစ်ဦး** ဟူသော ဝတ္ထုတိုအဖြစ် ကူးယူရေးသားမိသည့်အတွက် ထိခိုက်ခြင်းတစ်စုံတစ်ရာရှိပါက အနူးအညွတ်ဝန်ချတောင်းပန်ပါသည်။

မမေသူခိုင်
၉/မခန(နိုင်)၂၈၉၁၀၅
ရန်ကုန်စီးပွားရေးတက္ကသိုလ်
(ရွာသာကြီး)

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးမောင်မောင်တိုး

B.Sc(Chem);Dip in.Metallurgy (ARTC Melbourne)ဒုစက်ရုံမှူး(ငြိမ်း)ရေနံ/ဓာတု
Chairman (Myanmar Voyages International Tourism Co.,Ltd)

အသက်(၈၉)နှစ်

ရန်ကုန်မြို့နေ ဆန်အကဲဖြတ်အဖွဲ့ဝင်(ဦးထွန်းမောင်-ဒေါ်အုံးတင်)တို့၏သား၊ သန်လျင်မြို့နေ မြို့ပိုင်(ဦးဘိုလေး-ဒေါ်ငြိမ်းယဉ်)တို့၏သားသမက်၊ စမိုင်၊ မြိုင်ဟေဝန်အိမ်ရာ၊ တိုက် ၇၊ အခန်း ၄နေ (ဒေါ်မေမေခင်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်သူတိုး(Azuma Food Inc,USA)-ဒေါ်သီဂီဦး(USA)၊ ဦးသက်လွင်တိုး-ဒေါ်လွင်လွင်ကျော်(Myanmar Voyages International Tourism)တို့၏ ချစ်လှစွာသောဖခင်၊ မောင်မင်းချမ်းဝဏ်(Tesla Car Manufacturing Inc,USA)၊ မဆုမြတ်စန္ဒီ (All States Plastic Co,USA)၊ မောင်တိုးအက္ခရာကျော်(ခ) Calvin Moon (Cesar Chavez Middle School,USA)၊ မဝိုင်းဝိုင်းဖြူစင်(MMRD)၊ မောင်စွမ်းထက်တိုး(CISM)တို့၏ဘိုးဘိုးကြီးသည် ၁၁-၈-၂၀၁၉ရက် နံနက် ၁း၁၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၉ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၁၅၊ မြို့ဟောင်းလမ်း၊ သန်လျင် နေအိမ်မှကားများ နံနက် ၁၁နာရီနှင့် စမိုင် နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၇-၈-၂၀၁၉ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ စမိုင်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်တုတ်ရီ

အသက်(၇၃)နှစ်

မြိတ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ဘဏ္ဍာရေးမှူး ဦးစံမြင့်၏အစ်မ ဒေါ်တုတ်ရီသည် ၈-၈-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၅း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **ဒါရိုက်တာအဖွဲ့**
မြိတ်ကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

ကျေးဇူးအထူးတင်ရှိခြင်း

ဒေါ်ဇင်မာဖုန်း (ဒုတိယညွှန်ကြားရေးမှူး-အား/ကာ)

အသက်(၅၉)နှစ်

၅-၈-၂၀၁၉ရက်တွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းတွင် ကွယ်လွန်သွားသော ဒေါ်ဇင်မာဖုန်း(ဒုတိယညွှန်ကြားရေးမှူး-အား/ကာ)၏ ဈာပနကိစ္စအဝဝအား အဘက်ဘက်မှ လိုအပ်မှုမရှိအောင် ကူညီဆောင်ရွက်ပေးကြပါသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး/ပြည်နယ် အား/ကာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ ရပ်နီးရပ်ဝေးမှ လူကိုယ်တိုင်သော်လည်းကောင်း၊ သတင်းစာ၊ တယ်လီဖုန်း၊ လူမှုကွန်ရက်များမှတစ်ဆင့် ဝမ်းနည်းကြောင်းနှစ်သိမ့်အားပေးကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ ဈာပနအခမ်းအနားကို လိုက်ပါပို့ဆောင်သူများ၊ လွမ်းသူ့ပန်းခြင်း၊ ပန်းခွေများနှင့် သက်န်းများ၊ အခြားလှူဖွယ်ပစ္စည်းများပေးပို့လှူဒါန်းပေးကြသူများ၊ မြတ်ပါရမီလူမှုကူညီရေးအသင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

ဦးစိုးမြင့် (မြိတ်)

အသင်းဝင်အမှတ်(၅၈၉၄)

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ စမိုင်၊ မြိုင်ဟေဝန်အိမ်ရာ၊ တိုက် ၇၊ အခန်း ၂၀၃နေ (ဒေါ်ခင်ကြွေ)၏ ခင်ပွန်းသည် ၇-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၉ ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **အမှုဆောင်အဖွဲ့**

ဖခင်အမည်မှန်

နွားထိုးကြီးမြို့နယ်၊ လျော်ဖြူကျေးရွာ၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မနှင်းနုဇင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မြင့် ၉/နထက(နိုင်)၁၂၀၂၆၄ ဖြစ်ပါကြောင်း။
ဦးခင်မောင်မြင့်

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်
စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းတန်

အသက်(၆၈)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ-ဒေါ်ဇာခြည်ဖြိုး(စိုက်ပျိုးရေးဦးစီးဌာန၊ ကလေးမြို့)တို့၏ ချစ်လှစွာသောဖခင် ဦးသိန်းတန်(သထုံ)သည် ၉-၈-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
မြို့နယ်ဌာနဆိုင်ရာများ၊ ကလေးမြို့

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ ၄/၂၀၃၊ ပန်းလှိုင်လမ်းတွင် နေထိုင်သော ဦးမောင်ကြီး(ခ)ဦးဇင်လင်းဦး ၁၂/မဂဒ(နိုင်)၀၄၉၆၃၇၏ဇနီး မမြမြဝင်း ၁၂/ဥကမ(နိုင်)၀၀၄၄၅၄သည် ခွင့်လွှတ်၍မရနိုင်သည့်ကိစ္စများ ဆောင်ရွက်သွားသဖြင့် ဇနီးအဖြစ်မှရာသက်ပန်စွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား (လုံးဝ)တာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) ဦးမောင်ကြီး(ခ)ဦးဇင်လင်းဦး

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ကျိုက်တော်အိမ်ယာ၊ တိုက်(၁)၊ အခန်း(၄၀၂)နေ ဦးဒီနေစ်ကုမာရ်(၇/ဖမန(နိုင်)၁၅၁၁၀၂)ကိုင်ဆောင်သူ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ -

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀)ရပ်ကွက်၊ နဝဒေးလမ်း၊ မြေကွက်အမှတ်(၆၆၃)၊ အကျယ်(၄၀ပေ×၆၀ပေ)၊ ဦးအောင်ကျော်စိုးအမည်ပေါက် ပါမစ်မြေအမျိုးအစား၊ အဆိုပါမြေအား စာချုပ်အဆက်ဆက်ဖြင့် ရောင်းချသူ ဦးဇော်ဝင်းနိုင်မှ ရောင်းချရန် စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေမှ သဘောရိုးဖြင့် ယုံကြည်ပါသောကြောင့် စရံငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီး ဖြစ်ပါသည်။

ကန့်ကွက်မည့်သူများရှိပါက မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	လွှဲအပ်ညွှန်ကြားချက်အရ
ဦးဒီနေစ်ကုမာရ် ၇/ဖမန(နိုင်)၁၅၁၁၀၂	ဦးဝင်းသိန်း အထက်တန်းရှေ့နေ (စဉ်-၅၀၅၂၅/၂၀၁၈) အမှတ်(၄၄/ခ)၊ ပထမထပ်၊ ဗဟိုသိရိ(၂)လမ်း အနောက်၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၄၇၀၇၆၉၁၁၊ ၀၉-၉၆၃၃၀၈၀၀၈

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ထွေး

အသက်(၉၅)နှစ်

ဆေးတက္ကသိုလ်၊ မကွေး(ဓာတ်မှန်ဌာန)မှ ပါမောက္ခဌာနမှူး ဒေါက်တာခင်မာရှိန်၏မိခင် ဒေါ်ခင်ထွေးသည် ၆-၈-၂၀၁၉ရက် (အင်္ဂါနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
ပါမောက္ခ ဌာနမှူးနှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ
ဆေးပညာဌာန
ဆေးတက္ကသိုလ်၊ မကွေး

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အုန်းမြင့် (တလုတ္တော်)

အသက်(၈၆)နှစ်

သူငယ်ချင်း ဒေါက်တာကိုကိုအောင်(ခေတ္တ-UK)-ဒေါက်တာသွင်သွင်နုတို့၏မိခင် ဒေါ်အုန်းမြင့်သည် ၁၀-၈-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။
ဆေးတက္ကသိုလ်(၂)(၁၉၈၄-၁၉၉၀)မှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်လှလှ

အသက်(၈၅)နှစ်

ဗိုလ်ကြီးနေစိုး(ငြိမ်း)-ဒေါ်မော်မော်လှိုင်တို့၏မိခင်ဒေါ်လှလှသည် ၉-၈-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ **တေဇ(၁၅)မှ သူငယ်ချင်းမိသားစုများ**

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်ကြည်

အသက်(၈၂)နှစ်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲမှ ညွှန်ကြားရေးမှူးဦးမင်းခိုင်၏မိခင် ဒေါ်တင်ကြည်သည် ၁၀-၈-၂၀၁၉ရက် ည ၈ နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲမြို့နေအိမ်၌ ကွယ်လွန်သွားပါကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။
ညွှန်ကြားရေးမှူးချုပ်နှင့်
အရာထမ်း/အမှုထမ်းများ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးတင်မောင်မောင် (Chief Engineer)

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ Block(၁၉)၊ အမှတ်၉နေ [ဦးစိုးပိုင်၊ ညွှန်ချုပ်(ငြိမ်း)ငွေစာရင်း၊ ရ/သုံးခန့်မှန်းခြေ၊ ဘဏ္ဍာရေးဦးစီးဌာန-ဒေါ်မြင့်မြင့်သင်]တို့၏သား၊ (ဦးတင်ဦး-ဒေါ်သန်းသန်းမေ)တို့၏သားသမက်၊ (ဒေါ်မြမြဆင့်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသူရနိုင်(Captain M.T.COSEVER)-ဒေါ်သစ္စာမောင်၊ ဦးဝဏ္ဏမောင်(စိန်တစ်လုံးဖယောင်းတိုင်လုပ်ငန်း)၊ ဦးစည်သူအောင်(လ/ထ ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်သဥ္ဇာမောင်တို့၏ချစ်လှစွာသောဖခင်၊ မသက်မြတ်နိုး၊ မောင်ဘုန်းမြတ်စည်သူတို့၏ အဘိုးသည် ၁၁-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၄း၀၅နာရီတွင် ပင်လုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးအောင်ဝင်း(ငြိမ်း) အသက်(၆၃)နှစ် ကြည်း/၁၉၈၀၄ OTS(72) ဧရာဟသ်ာကုမ္ပဏီသည် ၈-၈-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
ဆရာ ဦးကျော်ကျော်
မိသားစု
ပြင်ဦးလွင်မြို့

တပ်ကြပ်ကြီး ထင်အောင်

အမှတ်(၁) အရာခံနှင့်အကြပ်ကြီးသင်ကျောင်း(ရပ်စောက်)

အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ဘော်စင်လမ်း၊ အမှတ်(၁၃/၁)နေခွဲတပ်ကြပ်ကြီး(ဦးရွှေဂျိုး)(တပ်မတော်ရေ-ငြိမ်း)-ဒေါ်ကျင်စီ(စီး/ပွားကူးသန်း-ငြိမ်း)တို့၏သား၊ ရှမ်းပြည်တောင်ပိုင်း၊ ရပ်စောက်မြို့၊ အင်းခေါင်းကွက်သစ်နေ (ဦးသန်းကြည်)-ဒေါ်မြသန်းရင်တို့၏သားသမက်၊ ဦးချစ်ကိုဦး-ဒေါ်ခိုင်ခိုင်သင်း၊ ဦးအောင်အောင်-ဒေါ်ကြည်ကြည်ရွှေ (USA)၊ ဦးတင့်လွင်-ဒေါ်စန်းစန်းဝါ(USA)၊ ဦးစိုးကြည်-ဒေါ်သက်နှင်းအိ၊ တကကဇော်လင်းထွန်း-ဒေါ်ဝင်းမာဆန်း၊ ဒေါ်ဖြူစင်ဖွေးတို့၏အစ်ကို၊ တူ/တူမ ၁၀ယောက်တို့၏ဘကြီး၊ အမှတ်(၁)အရာခံနှင့်အကြပ်ကြီးသင်ကျောင်း(ဗထူးတပ်မြို့)နေ ဒေါ်ဝင်းမာသန်း၏ချစ်လှစွာသော ခင်ပွန်း၊ မသက်ထားဦး၏ ချစ်လှစွာသောဖခင်သည် ၁၀-၈-၂၀၁၉ရက် (စနေနေ့) ည ၁၀း၂၂နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ (မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံ စစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၆-၈-၂၀၁၉ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

ရဟန်းဒါယိကာမကြီး

ဒေါ်စု (ပွဲရုံတန်ဆာ)

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ခွန်နီ(၁)လမ်း၊ အမှတ် ၆၂နေ (ဦးအုန်းခိုင်-ဒေါ်သိန်းမေ)တို့၏သမီး၊ (ဦးထွန်းကြွယ်)(ပါမောက္ခ-ငြိမ်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်)၏ဇနီး၊ (ဦးမြင့်လွင်)-ဒေါ်အေးအေးကြိုင်၊ (ဦးအောင် လင်း)-ဒေါက်တာခင်မာရီ(ပါမောက္ခ-ငြိမ်း၊ မော်လမြိုင်တက္ကသိုလ်)၊ ဒေါ်ယဉ်ချိုတို့၏ချစ်လှစွာသောမိခင်၊ ဒေါ်မြတ်ရည် လင်း၊ ဒေါ်နန်းစိုးစိုးမင်း၊ ဦးအာကာအောင်-ဒေါ်ခိုင်သစ္စာ၊ ဦးမျိုးဇေလင်း-ဒေါ်စုမြတ်သက်၊ ဦးရဲမင်းထွန်း၊ ဦးပိုင်ဇေလင်း-ဒေါ်နန်းနှင်းနှင်းဦးတို့၏အဘွား၊ သွန်းနဒီဇေလင်း၏ဘွားဘွားကြီးသည် ၁၀-၈-၂၀၁၉ရက် (စနေနေ့) ညနေ ၅း၄၈နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၈-၂၀၁၉ရက် (သောကြာနေ့) နံနက်တွင် အထက်ပါ သုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

ဒုတိယဗိုလ်မှူးကြီးသိန်းအောင် (ငြိမ်း)

OTS(29)

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ဝေဘာဂီမြို့သစ်၊ ချယ်ရီလမ်း၊အမှတ်(၇/၇၆)နှင့် မြိတ်မြို့၊ အောင်သုခရပ်ကွက်၊ လေယာဉ်ကွင်းလမ်း၊ အမှတ်၅၁နေ (ဦးပန်းမောင်-ဒေါ်တင်)တို့၏သား၊ (ဦးအောင်ခင်-ဒေါ်အေးသွယ်)တို့၏ သားသမက်၊ ရဲအုပ်စပယ်အောင်-ရဲအုပ်ခင်မောင်မောင်သင်း၊ ဗိုလ်ကြီးသန်းလွင်အောင်(ငြိမ်း)-ဒေါ်အေးအေးနိုင်၊ ဒေါ်အေးအေးယု၊ ဒေါ်သီတာအောင်-ဦးရဲဝင်း၊ ဦးတင်အေးကို-ဒေါ်လှလှစိုး(ကညန-မြိတ်)၊ ဒေါ်နီလာဝင့်(အလက-အုပ်၊ ကျောက်ဖြူ)-ဦးကျော်နု၊ ဒေါ်ခင်ခက်ခက်ခိုင်၊ မယမင်းသူတို့၏ဖခင်၊ ဒေါ်တင်တင်၏အစ်ကို၊ ဒေါ်ယဉ်ယဉ်၏ချစ်လှစွာသောခင်ပွန်းသည် ၁၁-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၉ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၈-၂၀၁၉ရက် (စနေနေ့) နံနက်ပိုင်းတွင် မြိတ်မြို့၊ အောင်သု ခရပ်ကွက်၊ အမှတ် ၅၁နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

ဦးဆန်နီအောင်ခင်

ပဒုမ္မာစားသောက်ဆိုင်ပိုင်ရှင်

အသက်(၈၀)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဈေးမြောက်လမ်း၊ E-condo၊ အမှတ်(၄)၊ တိုက်-(အေ၊ နှစ်လွှာ)၊ အခန်းအမှတ်(အေ၂)နေ (သရေစည်သူဦးလှမောင် ICS-ဒေါ်ခင်သန်းတင်)တို့၏သား၊ ဆွစ်ဇာလန်နိုင်ငံနေ ဒေါ်ခင်ခင်လှ၏အစ်ကို၊ (ဦးခင်ကျော်မောင်) ၏အစ်ကို၊ အမေရိကန်နိုင်ငံနေ ဦးမိုးမြင့်နှင့်ဒေါ်မာလာခင်တို့၏ဖခင်၊ မစန္ဒီမြင့်နှင့် မောင်ဝင်းအောင်မြင့်တို့၏အဘိုးသည် ၁၀-၈-၂၀၁၉ရက် (စနေနေ့) ညနေ ၃း၄၇နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်နှင့်ဆိုင်တို့မှကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၈-၂၀၁၉ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးကျော်မြင့် (အထပြ-ငြိမ်း)(ကျောက်ဆူးမုန့်တိုက်)၊ ပဲခူး

အသက်(၇၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ ဂေါ်သဇင်လမ်း၊ အမှတ်(၃၄)နေ (ဦးရန်နား-ဒေါ်မြဇွန်း)တို့၏သား၊ ပဲခူးမြို့၊ ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်နေ (ဦးရှမ်းမ-ဒေါ်လှိုင်)တို့၏သားသမက်၊ (ဦးပို့နီ)-ဒေါ်ရီတို့၏အစ်ကို၊ ဦးကျော်ကျော်ဦး၊ ဦးထွန်းထွန်းကျော်-ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်သင်းသင်းမြတ်(ခ)ခင်ခင်၊ (ဦးဇော်ထွန်းလွင်)-ဒေါ်မင်းမင်းမြတ်၊ ဒေါက်တာစုစုမြတ်၊ မတင်ဇာကျော်တို့၏ဖခင်၊ မနှင်းနန္ဒာကျော်၏အဘိုး၊ ဒေါ်ကျင်ကြူး၏ခင်ပွန်းသည် ၁၁-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဦးမျိုးအောင်ကြည်(ခ)ကိုညီ

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆဒ္ဒါန်လမ်း၊ အမှတ် ၄၄၊ ၃(ခ)နေ (ဦးကြည်)-ဒေါ်ခင်လှလှတို့၏သား၊ (ဦးတင်လှိုင်-ဒေါ်မြသိန်း)တို့၏သားသမက်၊ ဦးမောင်မောင်-ဒေါ်ထားရီ (မှော်ဘီ)တို့၏တူ၊ သား၊ ဒေါ်သန်းသန်းဝင်း(1980 Batch-Eco)၏ချစ်လှစွာသောခင်ပွန်း၊ မထူးတင်ဇာဝင်း၊ မဆွိစန္ဒာအောင်တို့၏ဖခင်၊ ဒေါက်တာမြင့်ဦး-ဒေါ်ပြုံးပြုံးကြည်၊ ဦးကျော်ကျော်အောင် -ဒေါ်ဖြူဖြူကြည်၊ ဦးသက်ဦးကြည်-ဒေါ်စပယ်ဦးတို့၏ညီမောင်၊ ဦးသက်တင်ညွှန့်-ဒေါက်တာမူမူကြည်၊ ဦးအောင်အောင်ကြည်-ဒေါ်စိုးစိမ့်အိ၊ ဦးရဲထွေးကြည်-ဒေါ်နီလာတို့၏အစ်ကိုသည် ၁၁-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။
(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

ဦးမျိုးအောင်ကြည်(ခ) ကိုညီ

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆဒ္ဒါန်လမ်း၊ အမှတ် ၄၄၊ ၃(ခ)နေ (ဦးကြည်)-ဒေါ်ခင်လှလှတို့၏သား၊ (ဦးတင်လှိုင်-ဒေါ်မြသိန်း)တို့၏သားသမက်၊ ဒေါ်သန်းသန်းဝင်း(1980 Batch-Eco)၏ချစ်လှစွာသောခင်ပွန်း၊ မထူးတင်ဇာဝင်း၊ မဆွိစန္ဒာအောင်တို့၏ဖခင်၊ ဦးကြည်တင့်၊ ဒေါ်အေးအေးသိန်းတို့၏ညီမောင်၊ ဦးအောင်လွင်-ဒေါ်မြင့်မြင့်လှိုင်၊ ဦးကျော်သူရတို့၏အစ်ကိုသည် ၁၁-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဂရိနိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲ သက်ထားသူဇာ ဒုတိယရရှိ

သက်ထားသူဇာကို ဆုယူအပြီး တွေ့ရစဉ်။ ဓာတ်ပုံ- သက်ထားသူဇာ Facebook

ရန်ကုန် ဩဂုတ် ၁၁

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲဖြစ်သော Hellas Open 2019 ပြိုင်ပွဲကို ဩဂုတ် ၈ ရက်မှ ၁၁ ရက်အထိ ဂရိနိုင်ငံ၌ ကျင်းပရာ မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ ဒုတိယဆုရရှိခဲ့သည်။

သက်ထားသူဇာသည် ယခုပြိုင်ပွဲတွင် ပုံမှန်လက်စွမ်းပြသနိုင်ခဲ့သော်လည်း ဗိုလ်လုပွဲတွင် မလေးရှားကစားသမားကို အရေးနိမ့်ကာ ချန်ပီယံဆုနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာသည် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၏ အစီအစဉ်ဖြင့် ဒိန်းမတ်နိုင်ငံ၌ လေ့ကျင့်နေစဉ်ကာလအတွင်း ပြိုင်ပွဲများ ယှဉ်ပြိုင်နေခြင်းဖြစ်သည်။ Hellas Open 2019 ပြိုင်ပွဲတွင် သက်ထားသူဇာသည် ပထမအဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ရပြီး ပထမအဆင့်တွင် ရီကာ (ဟန်ဂေရီ) ကို ၂၁-၁၁ မှတ်၊ ၂၁-၁၃ မှတ်ဖြင့် နှစ်ပွဲပြတ်၊ ဒုတိယအဆင့်တွင် ဒါဘာချန်စကာ (ပိုလန်) ကို ၂၁-၁၁ မှတ်၊ ၂၁-၁၅ မှတ်ဖြင့် နှစ်ပွဲပြတ်၊ ကွာတားဖိုင်နယ်တွင် နာတယ်ရာ (ယူကရိန်း) ကို ၂၁-၁၄ မှတ်၊ ၂၁-၁၉ မှတ်ဖြင့် နှစ်ပွဲပြတ်၊ ဆီမီးဖိုင်နယ်တွင် လီအိုနိုက် (ပြင်သစ်) ကို ၁၆-၂၁ မှတ်၊ ၂၁-၁၃ မှတ်၊ ၂၁-၁၇ မှတ် နှစ်ပွဲ-တစ်ပွဲတို့ဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲတွင် ကီဆိုနာ (မလေးရှား) ကို ၁၄-၂၁ မှတ်၊ ၉-၂၁ မှတ်ဖြင့် နှစ်ပွဲပြတ် ရှုံးနိမ့်ခဲ့သည်။ သက်ထားသူဇာသည် ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ ဘူလ်ဂေးရီးယားနိုင်ငံ၌ ကျင်းပမည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ထပ်မံယှဉ်ပြိုင် မည်ဖြစ်သည်။

သက်ထားသူဇာသည် ၂၀၂၀ အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ကြိုးပမ်းလျက်ရှိပြီး ယခုနှစ်အတွင်း ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံတကာပြိုင်ပွဲအများစုတွင် အောင်မြင်မှုရယူနိုင်ခဲ့သည်။

ရဲရင့်ရှိုင်း

MNL ပွဲစဉ် (၂၀) ရှမ်းယူနိုက်တက်တို့ ဇွဲကပင်ကို နိုင်ပြီး ထိပ်ဆုံးရောက်လာ

တောင်ကြီး ဩဂုတ် ၁၁

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၀) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲရယူပြီး ထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့သည်။

တောင်ကြီးကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ဇွဲကပင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ရောဝတီနှင့် ရန်ကုန်အသင်းတို့ သရေကျမှုကို အခွင့်ကောင်းယူကာ အိမ်ကွင်းနိုင်ပွဲနှင့်အတူ ထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့သည်။ လက်ကျန်နှစ်ပွဲအလိုတွင် တစ်မှတ်အသာဖြင့် ထိပ်ဆုံးရောက်လာသည့် ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုရယူရန် အခွင့်ကောင်းရသွားခဲ့သည်။ ဇွဲကပင်အသင်းမှာမူ ယခုပွဲအရှုံးကြောင့် တန်းဆင်းဇုန်အန္တရာယ်ရှိနေဆဲဖြစ်ပြီး လက်ကျန်နှစ်ပွဲတွင် ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲ အချို့ပြုလုပ်ခဲ့သော်လည်း ပုံစံကောင်းရရန် ရုန်းကန်နေရဆဲဖြစ်ပြီး နိုင်ပွဲရရန် ခက်ခက်ခဲခဲကစားခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲအစတွင် ရုန်းကန်ခဲ့ရသော်လည်း မိနစ် ၂၀ နောက်ပိုင်းတွင် တိုက်စစ်ကစားပုံကောင်းလာပြီး ၂၈ မိနစ်တွင် နန္ဒကျော်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ အမှတ်လိုနေသည့် ဇွဲကပင်အသင်းမှာလည်း ချေပဂိုးရရန် ရုန်းကန်ခဲ့ရာ ၄၁ မိနစ်တွင် ဂိုးပြန်ရခဲ့ပြီး သက်ပိုင်ထွေးက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက အနိုင်ဂိုးရရန်

စာမျက်နှာ ၁၂ ကော်လံ ၆ ●

ရှမ်းယူနိုက်တက်၏ ဂိုးရရှိရေး ထိုးဖောက်မှုကို ဇွဲကပင်နောက်တန်းနှင့် ဂိုးသမားတို့ ကာကွယ်စဉ်။ ဓာတ်ပုံ-စိုးညွန့်

အထူးသတိပြုရန်

စစ်တောင်းမြစ်ရေ မဒေါက်မြို့နှင့် ရွှေကျင်မြစ်ရေ ရွှေကျင်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၁

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်းတစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း နှစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

ဘီးလင်းမြစ်ရေ ဘီးလင်းမြို့တွင် စိုးရိမ်ရေမှတ်ရောက်နိုင် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြုနေထိုင်ရန် အကြံပြု

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘီးလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၁

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။

မိုး/ဇလ

တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပေါ်၊ ကျောင်းများပိတ်ထားရ စာ ၁၁

လွိုင်ကော်၊ ဘားအံနှင့်လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ စာ ၁၃

တရုတ်နိုင်ငံသို့ ဝင်ရောက်လာတဲ့ ကိုးခုမြောက်မုန်တိုင်း လက်ကီမာ စာ ၁၅

စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ . . .

ထွန်းရွှေဝါ ဒက်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။